www.burmeseclassic.com

# အလင်းသစ်

## တစ်စက္ကန့်တောင်မှ...မမေ့ကြေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇူလိုင်လ

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၅၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ◦ ၈၃

အလင်းသစ်

တစ်စက္ကန့်တောင် မမေ့ကြေး / အလင်းသစ် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၉၆ – စာ ၊ ၁၂ ◦ ၃ × ၁၈ စင်တီ။

(၁) တစ်စက္ကန့်တောင် မမေ့ကြေး


BURMESE CLASSIC

# အလင်းသစ်

---

# တစ်စက္ကန့်တောင် မမေ့ကြေး

www.burmeseclassic.com

www.burmeseclassic.com

ရီးမြေက ကိုကို့ကို အထင်သေးတာလား။ မိန်းမတစ်ယောက်ကို မငတ်အောင်ရှာကျွေးနိုင်တဲ့အရည်အချင်းလောက်နဲ့တော့ ကိုကို ကိုယ်အရမ်းမြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အထိ စဉ်းစားမှာမဟုတ်ဘူး ရီးမြေ။ ခုလိုပြောတာ ဘယ်မိဘအသိုင်းအဝိုင်းအားကိုးနဲ့မှ မဟုတ်ဘူးဆိုတာ ရီးမြေ ယုံပါ။ မနက်ဖြန်ကစပြီး ကိုကို ကိုကို့ရဲ့လက်ရှိဘဝကို ခွ[illegible]နိုင်အောင် ကြိုးစားမယ်။

ဘုန်းဆက်ရှိန်သာ

www.burmeseclassic.com

www.burmeseclassic.com

နင် မိန်းကလေးချင်း ကိုယ်ချင်းစာပြီး ရိုးမြေ့သိက္ခာကို စော်ကားတဲ့စကားမျိုး မပြောပါနဲ့လှိုင်။ အခု ရိုးမြေ့ရပ်နေတဲ့ နေရာမှာ နင်ဆိုရင် နင့်ကို သူများက အဲဒီလိုပြောရင် နင်ကြိုက်မှာလား။

**မျိုးမင်းရှိုင်း**

ခွေးတောင်မှ ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်တတ်တယ် မမလှိုင်။ ပြဿနာတစ်ခုဖြစ်လာရင် ဘယ်သူမဆို ပြန်လည်ချေပ ခွင့်ရှိတယ်။

အခု…

ရိုးမြေ့က မမလှိုင်မွေးထားတဲ့ခွေးမဟုတ်ဘူး။

**ရိုးမြေ့ကျ**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မချောင်းပါဘူး၊ မြောင်ပဲ လာစောင့်ကြည့်တာ။ မဆိုးပါဘူး။ . . ဇာတ်လမ်းက ကြည့်လို့အကောင်းသားပဲ။

မချောတစ်ယောက် "ကို" သုံးယောက်နဲ့။

**လင်းလဲ့လဲ့လှိုင်**

## အခန်း (၁)

ခြံဝန်းကျယ်ကြီးထဲမှာ နှစ်ထပ်တိုက်ကြီးက ထီးထီးမားမားကြီးပါ။ ပန်းတွေကလည်း ရောင်စုံပွင့်လို့ သစ်ပင်ပန်းမာန်တို့အလယ်မှာ တင့်တယ်နေပုံက ပန်းချီကားတစ်ချပ်နှယ်။ လူဆင်းရဲတွေအတွက် သူတို့တည်ဆောက်ထားတဲ့ မိုးလုံလေလုံ တန်းလျားတစ်ခုဟာ အဓိကရဖြစ်နေပေမယ့် . . .

လူချမ်းသာတွေအတွက်ကတော့ . . .

ထိုတိုက်ကြီးသည် သူတို့၏ ချမ်းသာကြွယ်ဝမှုထဲက အစွန်းထွက်သာသာ,သာ ရှိမည်ဆိုလျှင် ယုံကြည်လိမ့်မည်ထင်ပါသည်။ ခြံဝန်းကျယ်ကြီး၏ မျက်နှာစာထောင့်မကျတကျ ခြေရင်းဘက်အခြမ်း၌



www.burmeseclassic.com

www.burmeseclassic.com



မာလာကာပင်တစ်ပင်ရှိလေသည်။ ထိုမာလကာပင်မှာတော့ ကလေး နှစ်ယောက်သည် ...

"မင်းမတက်နဲ့ ငါတက်မယ်"

"ဟာ ... ငါပဲ တက်ပါ့မယ်။ မင်းတက်လို့ မင်းအမေမြင် သွားရင် အဆူခံနေရမယ်ကွ"

"ရပါတယ် ... မေမေ မမြင်ပါဘူးကွ။ ငါပဲ တက်မယ်။ မင်းတက်ရင် မင်းက အပင်ပေါ်မှာတင် မှည့်တာတွေစားပြီး ငါ့ကိုကျ ကျစ်ကျစ်ကလေးတွေချပေးမှာ"

"မင်းကလည်း ငါ အဲဒီလိုမလုပ်ပါဘူး ဆက်ရှိန်ရ"

"မသိဘူးကွာ၊ ငါပဲ တက်မယ်"

ပြောပြီး ဆက်ရှိန်က မာလကာပင်ပေါ်သို့ တက်မည်ပြုတော့ ရှိုင်းက ဆက်ရှိန်အင်္ကျီကို ဆွဲထားလိုက်ကာ ...

"မင်းမတက်ပါနဲ့ဆို မင်းအမေမြင်ရင် အဆူခံရမှာစိုးလို့ ငါက စေတနာနဲ့ပြောတာကွ"

"ဆူဆူကွာ"

"ဟော့ကောင်"

ဆက်ရှိန်ကလည်း ပြောမရ ရှိုင်းကလည်း သူ့ကိုမတက်စေ ချင်ပေ။ မတက်စေချင်ဆို ဆက်ရှိန့်မိဘတွေက သူ့သားကို အလွတ်





မပေးဘဲ အရိပ်လိုကြည့်နေကြတာလေ။ တစ်ဦးတည်းသောသားမို့ ဖူးဖူးမှုတ်ထားကြပြီး ဟိုဟာမလုပ်ရ၊ ဒီဟာမကိုင်ရနှင့် တားမြစ်ထားပြီး

ဖြစ်နိုင်ရင် သူ့သားကို မြေကြီးမနင်းစေဘဲ ခြေချရာနေရာမှာ စိန်စီရွှေချထားချင်သူတွေပါ။ ဘာမဆို ပူဆာလိုက်ရင် ရစေသတည်း ဖြစ်စေခဲ့ပေမယ့် စိုးရိမ်လွန်ပြီး စည်းကမ်းတွေတင်းကျပ်ပုံကတော့ သူငယ်ချင်းထားတာတောင် သူတို့နဲ့အဆင့်အတန်းချင်းတူမှတဲ့လေ။ ဆက်ရှိန်က ယောက်ျားလေးပီပီ လွတ်လွတ်လပ်လပ်နှင့် ကဲချင်သူပါ။

"မင်းမတက်နဲ့ဆိုကွာ ... ငါတက်မယ်။ မင်း စိတ်ချ ... ငါအပင်ပေါ်မှာ တစ်လုံးမှမစားဘူး။ အကုန်အောက်ချပေးမယ်။ ပြီးမှ မင်း ကြိုက်တာကိုယူ။ မင်းမကြိုက်တာကျမှ ငါစားမယ်၊ ဟုတ်ပြီလား"

"မင်း တကယ်ပြောတာလား ရှိုင်း"

"တကယ်ပါဆိုကွာ"

"ကောင်းပြီလေ ... ဒါဆို မင်းတက်၊ ငါ အောက်က စောင့် နေမယ်။ မင်းအပင်ပေါ်မှာ မစားရဘူးနော်"

"အေးပါ"

ပြောပြီး ရှိုင်းက မာလကာပင်ပေါ်သို့ ဖက်တက်လေသည်။ ဆက်ရှိန် ရှိုင်းကိုကြည့်ပြီး အားကျလိုက်တာ။ ရှိုင်းက သစ်ပင်ဆိုလည်း တက်လိုက်တာပဲ၊ ဘောကန် ရေကူး ဘာမဆို လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ကစားခွင့်ရှိသလို သူငယ်ချင်းဆိုလည်း ဘယ်သူ့ကိုမဆို ပေါင်းခွင့်ရသည်လေ။ သူနဲ့ယှဉ်ပြီး ဆက်ရှိန်မှာတော့ အားမလို အားမရနှင့် စိတ်ထဲမှာမွန်းကျပ်နေရသည်သာ။

ရှိုင်းရဲ့နာမည်ရင်းက မျိုးမင်းရှိုင်းပါ။ ရှိုင်းထက်အကြီး ရှိုင်းရဲ့ အစ်ကိုနာမည်ကတော့ မျိုးမင်းဇော်တဲ့လေ။ အကြီးဆုံးကတော့ မမ ဖြစ်ပြီး နာမည်က ဝင့်ဝါခိုင်ပါ။ ရှိုင်းက အငယ်ဆုံးဖြစ်ပြီး သူ့အိမ်မှာ အလိုလိုက်ခံထားရသူ။ ရှိုင်းအိမ်ကလူကြီးတွေက ရှိုင်းကို လွတ်လပ်ခွင့် ပေးထားကြသည်လေ၊ ဘယ်သူ့ကိုမဆို သူငယ်ချင်းဖြစ်ခွင့်ရှိသည်။

ဆက်ရှိန်ကတော့ . . .

နာမည်အပြည့်အစုံက ဘုန်းဆက်ရှိန်သာ။ ဘုန်းတွေကံတွေ ဆက်ပြီး အရှိန်အဝါတွေ သူများထက်သာပေမယ့် တကယ်တမ်းကျတော့ လှောင်အိမ်ထဲကငှက်ကလေးလိုပါပဲ။ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ လုပ်ခွင့်မရှိ၊ မျက်လုံးကို ဒေါက်ထောက်ကြည့်နေကြတဲ့ မိသားစု အလယ်မှာ သူ့ဘဝက အကျဉ်းသားတစ်ယောက်လိုပါပဲ။

"ဟော့ကောင် ဆက်ရှိန်"

"ဘာလဲကွ"

"ငါချလိုက်ပြီနော်"

"ချလိုက်"





"ဘုတ်"

တစ်ယောက်က မာလကာသီးခူးချပေးပြီး တစ်ယောက်က ကောက်နှင့် သူတို့ဘာသာသူတို့ အာရုံများနေကြစဉ် . . .

"ဟော့ကောင်လေးတွေ"

"ဟင်"

အသံခပ်စူးစူးကြောင့် မာလကာသီးကောက်နေရာမှ လှည့်ကြည့်လိုက်သော ဆက်ရှိန်ရော၊ မာလကာပင်ပေါ်ကနေ ငုံ့ကြည့်လိုက်တဲ့ ရှိုင်းရော မျက်မှောင်လေးတွေ ကြုတ်သွားကြလေသည်။ ခါးထောက်ပြီး အပင်ပေါ်ကလူ့ကိုမော့ကြည့်လိုက်၊ အပင်အောက်က လူကို ကြည့်လိုက်နှင့် ရပ်နေတာ ဟိုဘက်ခြံက လင်းလဲ့လဲ့လှိုင်ပါ။

သူတို့သုံးယောက်က ခြံချင်းကပ်တွေလေ။

ဆက်ရှိန်တို့ခြံကအလယ်ကပေါ့။ သုံးယောက်လုံးတ လကြီး သငယ်နှင့် တစ်နှစ်တည်းသောအသက်နဲ့ အတန်းတူတွေပါ။ လှိုင်ကို ဆက်ရှိန်နဲ့ ရှိုင်းက ကြည့်မရကြပေ။ နေရာတကာမှာ ဆရာကြီးလုပ်လွန်းလို့လေ။

"နင်တို့ဘာလုပ်နေကြတာလဲ"

"မာလကာသီးခူးနေတာ နင်မမြင်ဘူးလား"

ဖြေလိုက်သူက ဆက်ရှိန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်လုံးရပြီလဲ"

"ဘယ်နှစ်လုံးပဲရရ နင့်အကြောင်းလား"

"ငါ့ကို တစ်လုံးလောက် ပေးဦးလေ"

ဆက်ရှိန် ရှိုင်းကိုမော့ကြည့်တော့ ရှိုင်းက ခေါင်းခါလေလျှင်

"မပေးဘူး"

"ပေးပါဆို"

"မပေး ဘူး"

"ငါလည်း စားချင်လို့ပါဟ၊ တစ်လုံးပဲပေး"

"မပေးနဲ့ ဆက်ရှိန်၊ ဟဲ့ . . . လှိုင်"

"ဘာလဲ"

လေသံက ပေးချင်စရာ တော်တော်ကောင်းပဲ . . .

"နင်စားချင်ရင် နင့်ဘာသာနင် တက်ခူးပါလား။ ငါခူးထားတာ လာမတောင်းနဲ့။ နင့်ကို ပေးကိုမပေးချင်တာ"

"ငါတက်မခူးနိုင်လို့ နင်တို့ဆီမှာ တောင်းတာပေါ့ဟဲ့။ ပေးမှာလား၊ မပေးဘူးလား . . . ဒါပဲပြော"

"မပေးဘူးဟာ"

ဖြေလိုက်တာ ရှိုင်းနဲ့ဆက်ရှိန် ပြိုင်တူပါ။

"တကယ်မပေးဘူးလား"





"မပေးဘူး"

"မပေးရင် အန်တီထက်နဲ့ သွားတိုင်မယ်"

"ဟာ"

ဆက်ရှိန် စိတ်ထဲမှာ တင်းခနဲဖြစ်သွားရသည်။ တဆိတ်ရှိ တိုင်ဖို့ပဲ။ စိတ်မရှည်တာနင့်ပဲ . . .

"သွားတိုင် ဂုံးမ၊ ချွန်တွန်းမ"

"နင် ငါ့ကို အဲဒီလိုမခေါ်နဲ့နော်"

"ခေါ်တော့ ဘာဖြစ်လဲ၊ ဂုံးမ"

"တိုင်မယ်၊ တိုင်မယ်၊ နင်တို့ကို အခု သွားတိုင်မယ်"

"သွား . . . သွား"

လှိုင် ဂါဝန်စလေးတဖားဖားနှင့် ပြေးထွက်သွားလေတော့သည်။ သူမ ထွက်သွားမှပဲ ရှိုင်း စိုးရိမ်စိတ်တို့ဖြစ်ကာ မာလကာပင်ပေါ်မှ ဆင်းခဲ့ပြီး . . .

"ဟေ့ကောင် ဆက်ရှိန်"

"ဘာလဲကွ"

"ဟို နနာမလေးက တကယ်သွားတိုင်မှာကွ။ တို့ ဘယ်လိုလုပ်ကြမလဲ"

"တိုင်ပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဆူခံရမှာပေ့ါ"

"ဆူတော့လည်း ငြိမ်နေလိုက်ရုံပေါ့ကွာ။ ငါ့မေမေက ဆူရုံပဲ ဆူတာ မရိုက်ဘူး စိတ်ချ"

ဒါအမှန်ပါပဲ။ ဆက်ရှိန့်မေမေက ဆူသာဆူတာ တစ်ခါမျှ မရိုက်ပေ။ အဆူခံရတာလည်း ခဏခဏဆိုတော့ ဆက်ရှိန့်အဖို့ နားရည်ဝပြီး ရိုးနေပါပြီ။ ပြီးတော့လည်း မေမေက ပြန်ချော့တာပဲလေ။ စိုးရိမ်လွန်းလို့ပြောနေရတာပါတဲ့။ ငါးတန်းကျောင်းသားတွေတောင် ဖြစ်နေပြီပဲဥစ္စာ။

ဆက်ရှိန့်လည်း လွတ်လပ်ခွင့်တော့ လိုချင်တာပေ့ါ။

ဖေဖေကတော့ မေမေ့လိုမဟုတ်ပေ။ မေမေဆူရင်တောင် ဆက်ရှိန့်ဘက်က ကာကွယ်ပေးပြီး ဆက်ရှိန့်ကို လွတ်လပ်ခွင့်ပေးချင်သူပါ။ ကလေးကို သူ့အစွမ်းအစရှိသလောက် လွတ်လပ်စွာ လုပ်ကိုင်ပိုင်ခွင့်ပေးပါတဲ့။ ဒါမှ ဉာဏ်ရည်ဖွံ့ဖြိုးမှာတဲ့လေ။ မိဘနှစ်ပါးတောင်မှ ခံယူချက်ချင်း၊ အတွေးအခေါ်ချင်းက မတူပေ။

"ဘယ်နှစ်လုံးလဲ ... ငါးလုံးမို့လား"

"ဟုတ်တယ် ... ငါးလုံးလေ"

"အဲဒါဆို မင်းကြိုက်တာ သုံးလုံးယူ၊ ငါ့ကို နှစ်လုံးပေး"

"ဟာ ... မဟုတ်တာ၊ မင်းက အပင်ပေါ်တက်တဲ့ကောင်ပဲ ဥစ္စာ၊ မင်း သုံးလုံးယူပါ။ ငါ နှစ်လုံးပဲယူမယ် ... ရော့"





ဆက်ရှိန့်က ရှိုင်းကိုသုံးလုံးပေးတော့ ရှိုင်း ဘာမှမပြောတော့ဘဲ ယူထားလိုက်သည်။ ရှိုင်းက အမြဲတမ်းပဲ ဆက်ရှိန့်ဝေစုကို ဦးစားပေးသူပါလေ။

"ကိုဆက်"

"..............."

"ကိုဆက်"

"ဟင်"

"ဟော ... အနိတ်ထက် လာနေပြီ၊ ဆက်ရှိန် ... မင်း ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်ဘူး မင်းပြန်တော့"

"မင်း"

"ပြန်တော့ဆို"

ဆက်ရှိန့်က ရင်ဘတ်ကိုဆောင့်တွန်းလွှတ်တာမို့ ရှိုင်း မာလကာသီးသုံးလုံးကိုကိုင်ကာ ဆက်ရှိန့်တို့ခြံထဲမှ ပြေးထွက်ခဲ့လေတော့သည်။ ဒါကို ထက်ရှိန့်ဝါ မမြင်ဘဲနေပါ့မလား။

"ဟိုအကောင် ဘယ်ကိုပြေးတာလဲ၊ ပြန်လာခဲ့စမ်း ရှိုင်း"

ရှိုင်း တစ်ချက်သာလှည့်ကြည့်ပြီး ဆက်ပြေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“သား”

“.............”

“မင်း မာလကာသီးတွေ ခူးစားနေတာ မဟုတ်လား”

“ဟုတ်”

“ပေးစမ်း”

ဆက်ရှိန် ဝန်ခံလိုက်ပါသည်။ မိခင်က မာလကာသီးတွေကို သူ့လက်ထဲမှယူလိုက်ပြီး ...

“ဒီမာလကာသီးတွေစားရင် ချောင်းဆိုးတယ်၊ ဝမ်းချုပ်မယ် ဒါကို စားရလား။ လုံးဝမစားရဘူး ... ကဲ”

မာလကာသီးတွေကို လွှင့်ပစ်လိုက်တာနှင့် ဆက်ရှိန် နုတ်ခမ်းကို တင်းတင်းစေ့ပြီး ဆင်ကြည့်ကြည့်လိုက်တာက မေမေ့နောက်မှာ ရပ်နေတဲ့ လှိုင့်ကိုပါ။

ဂိုးမ ချွန်တွန်းမ။

နင့်ကို ငါ မကျေနပ်ဘူး သိလား။

❋



# အခန်း (၂)

“သား ကိုဆက်”

“ဗျာ”

“ဆရာမပြန်သွားရင် အပြင်ထွက်မဆော့ရဘူးနော်၊ ကြားလား ... ရှင်းရောပဲ”

“ဟုတ်ကဲ့”

အမိကမှာရမှာက အဲဒီနှစ်ယောက်ပဲလေ။ လှိုင်က မိန်းကလေးဖြစ်တဲ့အပြင် အသန့်ကြိုက်တော့ အပြင်ထွက်မဆော့တတ်ပေ။ သုံးယောက်လုံးက အတန်းတူဆိုတော့ အခြားသွားရမယ့်ကျူရှင်မထားဘဲ နှစ်တိုင်း ဆရာငှားပြီး အိမ်မှာ ဝိုင်းသဘောမျိုး လုပ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း ဘယ်ဆရာ အသင်အပြကောင်းပါလိမ့်ဆိုတာကို ရွေးငှားထားတာလေ။

တိတိကျကျပြောရရင် . . .

ဘွဲ့ရပြီး အခြားအလုပ်မလုပ်ဘဲ ဒီလိုပဲ ကျူရှင်သင်နေကြတဲ့ သူတွေထဲက အသင်အပြကောင်းသူကိုရှာပြီး ကလေးသုံးယောက်ရဲ့ မိဘတွေက လစာထိုက်ထိုက်တန်တန်ပေးပြီး ငှားထားတာပါ။

"လှိုင်"

"ရှင် အန်တီ"

"သူတို့နှစ်ယောက် အပြင်ထွက်ဆော့တာမြင်ရင် အန်တီ့ကို ပြန်ပြောနော် ကြားလား"

"ဟုတ်ကဲ့ အန်တီ . . . ဟုတ်ကဲ့"

လှိုင် ပြန်ဖြေပုံက အားတက်သရော်နှင့်ပါ။ အားတက်မှာပေါ့ သူက သူများကို အဆူခံရပြီဆိုရင် ပျော်နေတတ်တာပဲလေ။ ဆရာမက သက်ပြင်းလေးချပြီး . . .

"မမထက်ကို ကျွန်မ တစ်ခုလောက်တော့ပြောပါရစေ"

"ပြောလေ . . . ဘာပြောမှာလဲ ဆရာမ"

"ကျွန်မ အခုပြောမယ့်စကားကို မမထက် သေသေချာချာ နားထောင်ပါနော်။ ဟို ကျွန်မက စေတနာနဲ့ပြောတာကို တစ်မျိုးတော့





မထင်စေချင်ပါဘူး"

"ပြောပါ ဆရာမ ပြောပါ"

ထက်ရှိန်ဝါ ခေါင်းညိတ်ပြီး ဆရာမ ဘာပြောမလဲလို့ နားစွင့်နေလိုက်သည်။

"ဖြစ်နိုင်ရင် ကလေးကို မမထက် မချုပ်ချယ်ပါနဲ့လား။ ဒီအရွယ်တွေက ဉာဏ်စွမ်းရှိသလောက် သူတို့ ဘာလုပ်မလဲ၊ လွတ်လပ်စွာနဲ့ သူတို့အတွေးအခေါ်၊ သူတို့လုပ်ပုံကိုင်ပုံတွေကို လူကြီးက စောင့်ကြည့်ထိန်းမတ်ပေးရုံလောက်ပဲ ကောင်းပါတယ်"

"ဘာ"

ဘာသံက ခပ်ဆတ်ဆတ်မို့ ဆရာမ နည်းနည်းတော့ တွန့်သွားမိသည်။ ဒါပေမဲ့ . . . ဆက်ပြောကြည့်ရဦးမှာပါပဲ။

"မမထက် သစ်ပင်တစ်ပင်ကိုပဲ ဥပမာပြုကြည့်ပါ။ လောင်းနှိပ်မိနေတဲ့အပင်နဲ့ လောင်းရိပ်မရှိတဲ့သစ်ပင် နှစ်ပင်ယှဉ်ပြီး စိုက်ကြည့်ပါ။ လောင်းရိပ်မိနေတဲ့အပင်က လောင်းရိပ်မမိတဲ့ အပင်လောက် ရှင်သန် ကြီးထွားမှု မရှိဘူးလေ။ မိဘရဲ့အရိပ်က အေးမြတာ မှန်ပါတယ်။ ဒါပေမဲ့ . . . မိဘရဲ့အေးမြတဲ့အရိပ်က လောင်းရိပ်တစ်ခုတော့ ကျွန်မ မဖြစ်စေချင်ပါဘူး။ အရိပ်က အရိပ်ပဲပေမယ့် ကလေးတွေအတွက် မိဘရဲ့အရိပ်က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ဘာကိုဆိုလိုချင်တာလဲ၊ ရှင်းရှင်းပဲပြောပါ"

မိဘကသားသမီးအပေါ် စေတနာမေတ္တာတွေထားသလို ဆရာကလည်း ကိုယ့်တပည့်အပေါ် ဒီအတိုင်းပါပဲ။ မိဘက စေတနာလွန်ပြီး ဆုံးမနည်း မှားနေရင် ဆရာက တည့်မတ်ပေးခွင့်ရှိနေတာပဲ မဟုတ်လား။ ဒီတော့ ဆရာကောင်းတပည့် ပန်းကောင်းပန်စေချင်တဲ့ ဆန္ဒမှာ ဘာရယူလိုမှု မျှော်လင့်ချက်မှမပါဘဲ။

ကိုယ့်တပည့်ကို လူတော်လူကောင်း လူထက်မြက်လေးဖြစ်စေချင်တာမို့ . . .

"ရှင်းရှင်းပြောရရင် မမထက်ရယ် . . . မိဘက အရာရာကို ချုပ်ချယ်ကန့်သတ်နေရင် ကလေးက အခုကြောက်နေရတဲ့အရှိန်နဲ့ နောက်လည်း နေရာတကာမှာ မိဘကိုကြောက်ပြီး ဘာမှမလုပ်ရဲ မကိုင်ရဲကနေ သူများကိုပါ ကြောက်ပြီး လူကြောက်ကလေး လူပျော့လူညံ့လေးဖြစ်လာရင် မကောင်းဘူးပေါ့။ အဲဒါကြောင့် သူ့ကို လိုအပ်သလောက်လေး လွတ်လပ်ခွင့် ပေးကြည့်စေချင်တာပါ"

"အို . . . မပေးနိုင်ပါဘူး ငါ့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာ။ ဘာမှမဖြစ်ပါဘူးလို့ ဘယ်သူက တာဝန်ယူမလဲ၊ တစ်ခုခုဖြစ်ရင် မင်း တာဝန်ယူမလား"

ထက်ရှိန်ဝါဖြစ်သွားပုံက ခါးခါးသီးသီးပါ။ ထက်မြက်ချင်





ထက်မြက် မထက်မြက်ချင်လည်းနေ။ ကိုယ့်မှာ ဒီသားလေး တစ်ယောက်တည်းပဲရှိတာမို့ ခလုတ်တိုက်တာ ဆူးခြစ်ရာတောင်မထင်စေချင်တာလေ။ တစ်ခုခုဖြစ်သွားရင် ကိုယ်က အရင်ရူးမှာ။ ဒါကြောင့်ပဲ တားနေရတာပေါ့။

"ဒီမှာ ဆရာမ"

"ရှင်"

"မမှာ ဒီသားလေးတစ်ယောက်ပဲရှိတယ်ဆိုတာကို ဆရာမ သိပါတယ်"

"ဟုတ်ကဲ့ . . . သိပါတယ်"

"သိတယ်ဆိုရင် ဆရာမမှာ သားသမီးမရှိသေးတိုင်း ကိုယ်ချင်းမစာ မပြောပါနဲ့။ မမတို့ ဆရာမကို လစာ ထိုက်ထိုက်တန်တန် ပေးငှားထားတာ စာသင်ဖို့ပဲ။ ဒါကြောင့် စာပဲသင်ပါ အပိုစကားတွေ မပြောပါနဲ့"

ဆရာမလေးမှာ ခေါင်းခါပြီး သက်ပြင်းချလိုက်မိသည်။ စေတနာကို စေတနာမှန်းမသိပါလား။ သူမက အပျိုဆိုတော့ သားသမီး ဘယ်လိုလုပ်ပြီးရှိမှာလဲ။ ဒါပေမဲ့ ကလေးရဲ့ရှေ့ရေးကိုတွေးပြီး ပြောသင့်တယ်ထင်လို့ ပြောပြတာပါ။ ဒါကို လက်မခံနိုင်ဘူးဆိုတော့ ဘာတတ်နိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို . . .

ကလေးဆိုတာ ဖူးစပွင့်စ အညွန့်လူစအပင်လေးတွေလိုပါပဲ။ မိဘလောင်းရိပ်အောက်မှာ အရိုးမသန် အပွင့်မလန်းမဖြစ်စေချင်ပါဘူး။ မင်း ရှန်းထွက်နိုင်ပါစေ ကလေးရယ်။

"မမ"

". . . . . . . . . . . . ."

"မမ"

နောက်မှရောက်လာပြီး ခေါ်လိုက်သူက အိမ်ဖော်မလေး မိမိုးပါ။

"ဘာလဲ မိမိုး"

"ကိုဝင်းနိုင် ပြန်ရောက်နေပြီ မမ"

"ပြန်ရောက်တော့လည်း ပြီးတာပဲလေ။ ဘာလဲ ငါက သူ့မျက်နှာကို သွားဖူးရဦးမှာလား"

"ဟို . . . မဟုတ်တာ မမကလဲ။ သူ ပြန်လာတာတော့ မထူးဆန်းပါဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"သူနဲ့ ကလေးတစ်ယောက်လည်း ပါလာတယ် မမ"

"ဘာ"





ကိုယ်နဲ့မသက်ဆိုင်တော့သည့်အကြောင်းအရာ ပြောနေတာကို ဆက်ရပ်ပြီး နားထောင်နေမိရင် စပ်စုသလို ဖြစ်မှာမို့ ဆရာမလေးမှာ သူတို့အနားက ထွက်လာပြီး ဆွဲခြင်းထဲသို့ စာအုပ်တွေထည့်ကာ သိမ်းနေလိုက်သည်။

သူမရဲ့တစ်နေ့တာ တာဝန်ပြီးဆုံးသွားပြီမို့ အိမ်ကို ပြန်ရတော့မည်လေ။

"သူက လူပျိုကြီးပဲဥစ္စာ၊ ဘယ်က ကလေးက ပါလာရပြန်တာလဲ"

"မသိဘူး မမ၊ သူ့တူမလေးလို့ ပြောတာပဲ"

"တောက် . . . ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ပါဘူးဆိုမှ။ ဒီဝင်းနိုင် ငါနဲ့တွေ့ဦးမယ်"

ပြောလိုက်တဲ့စကားနဲ့ ခြေဆောင့်ပြီးထွက်သွားပုံက စာနာစိတ် ကင်းမဲ့ပုံကို ရုပ်လုံးကြွစေသည်လေ။ ဒါပေါ့လေ ထက်ရှိန်ဝါဆိုတဲ့ မိန်းကလေးက မျိုးရိုးစဉ်ဆက် ချမ်းသာလာသည့် အသိုင်းအဝိုင်းထဲကမို့ အခြားလူတန်းစားတွေရဲ့ဘဝကို ဘယ်လိုနားလည်နိုင်မှာတဲ့လဲ။

ဘုန်းဆက်ရှိန်သာ . . .

မင်းဆီမှာ မင်းအမေရဲ့စိတ်မျိုးတွေ မကူးစက်ပါစေနဲ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒူးကျဘောင်းဘီအကွက်က အညိုနှင့်အဖြူကွက်ကျားထားပြီး အင်္ကျီက အဝါခံပေါ်မှာ ကာတွန်းရုပ်ကလေးတွေပါသည့် အဆင်လေးဝတ်ထားသည့် ကိုးနှစ် ဆယ်နှစ်အရွယ် မိန်းကလေးသည် သူ့ဘကြီးဘေးမှာရပ်လို့ ဟိုကြည့် ဒီကြည့်နှင့်ပါ။ သူတို့ တစ်ဦးတစ်ယောက်ကို ရပ်စောင့်နေရတာဆိုတာကို သိပုံတော့ပေါ်ပါသည်။

ကလေးဆိုတော့ ကလေးပီပီ ကျန်တာတွေ မစဉ်းစားဘဲ မမြင်ဖူးတဲ့အရာတွေကို မြင်နေရတော့ လိုက်ကြည့်ငေးမောနေမိတာပေါ့။ ဒီလိုအိမ်မျိုးကြီးကို ဗီဒီယိုတွေထဲမှာသာ မြင်ဖူးပြီး ကိုယ်တိုင်ရောက်ဖူးလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ပေ။ ရွာမှာက





ဒီလိုအိမ်မျိုးတွေမရှိဘူးလေ။ ရွာကဘုန်းကြီးကျောင်းကြီးတောင်မှ တိုက်ကျောင်းကြီးပေမယ့် ဒီအိမ်ကြီးလောက် မလှပါဘူး။ ထိုင်တဲ့ခုံတွေ ရော အခြားမြင်နေရတာတွေရော ဗီဒီယိုထဲမှာထက်တောင် ကောင်းနေသေးတယ်။

"ရိုးမြေ"

"…………"

"ဟဲ့ … ရိုးမြေ"

ကိုဝင်းနိုင်က ပခုံးကို ပုတ်ခေါ်လိုက်မှ ကလေးမှာ လန့်ထူးထူးလေသည်။

"ရှင် ဘကြီး"

"လျှောက်ကြည့်မနေနဲ့ … အိမ်ရှင်လာပြီ။ ငါမှာတာတွေ မမေ့နဲ့ ကြားလား"

"ဟုတ်ကဲ့"

လှေကားကနေဆင်းလာတဲ့ အန်တီကြီးကိုကြည့်ပြီး ငေးနေချင်ပေမယ့် ရိုးမြေ မငေးရဲရှာနှင့်ပဲ ဘကြီးဘေးမှာကပ်ရပ်ကာ မျက်လွှာလေးချထားမိလေတော့သည်။ လှလိုက်တဲ့အန်တီကြီး။ ဗီဒီယိုထဲက ခင်သမီးတွေအတိုင်းပါပဲ။ ကြည့်စမ်းပါဦး … မဝံ့မရဲ ကြည့်လို့မြင်နေရတာ ခြေထောက်ကလေးက ဖွေးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



“ကိုဝင်းနိုင်”

“ဗျာ ... မထက်”

“ညီမ နေမကောင်းတာ ဆေးရုံတင်ထားရလို့ဆိုပြီး ပြန်သွားတာ အခု ဘယ်ကနေ ဘယ်လို ဒီကလေးက ပါလာရတာလဲ”

ကိုဝင်းနိုင် သက်ပြင်းချလိုက်မိပြီး ...

“ကျွန်တော့်ညီမက ဆုံးသွားပါပြီ မထက်”

“...............”

“အဲဒါကြောင့် ကျွန်တော်ကလွဲပြီး ဒီကလေးမှာ အားကိုးစရာ မရှိပါဘူး”

“ဒါကြောင့် ခေါ်လာခဲ့တယ်ပေါ့”

“ဟုတ်ကဲ့”

ထက်ရှုနီဝါ ကောင်မလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။ ဝတ်ထားတဲ့အဝတ်က နွမ်းလိုက်တာမှ လက်နှီးစုတ်ကမှ သားသားနားနားရှိဦးမည်။ သူ့အတွက် ဒါ အကောင်းဆုံးထင်ပါရဲ့၊ နှုတ်ခမ်းက ခပ်မဲ့မဲ့ဖြစ်သွားပြီး ...

“ခေါ်လာတာက ဟုတ်ပါပြီ ဒီကလေးနဲ့ပတ်သက်ပြီး ကျွန်မ ဘာတာဝန်မှ ယူမပေးနိုင်ဘူးနော်”

“ရပါတယ် မထက်၊ မထက် ဘာတာဝန်မှ ယူစရာမလိုပါ





ဘူး။ ကျွန်တော့်တူမလေးအတွက် နေစရာလေးရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ၊ စားတာကတော့”

“စားတာကတော့ ရပါတယ်၊ ကျွန်မ ကျွေးနိုင်ပါတယ်။ သူတစ်ယောက်အတွက်ကတော့ အိမ်မှာသေသွားတဲ့ ခွေးတစ်ကောင်အစား ကျွေးလို့ရပါတယ်။ အဲဒီခွေးက ကိုဝင်းနိုင်သွားတဲ့နေ့က သေသွားတယ်ဆိုတော့”

ပြောလိုက်ပုံက ကိုယ့်တူမလေးက ခွေးအစား ကိုယ်စားဝင်စားရမလိုပါလား။ ဒီအပြောမျိုး အပြောမခံချင်ပေမယ့် ဘာတတ်နိုင်မှာလဲလေ၊ ကိုယ်တွေရဲ့ဘဝအကျိုးပေးကံကိုက ဒီလိုအပြောခံရဖို့ ဖြစ်လာတာကို။ ပြီးတော့ မထက် ဘယ်လောက်ပဲဆိုးဆိုး ဆရာ့ကျေးဇူးက ကိုယ့်အပေါ်မှာ အများကြီးရှိနေသည်လေ။

ခွေးစာပဲဖြစ်ဖြစ် ဘာစာပဲဖြစ်ဖြစ် ကိုယ့်တူမလေးဘဝရှေ့ရေး လုံခြုံတင့်တယ်ဖို့က အရေးကြီးတာမဟုတ်လား။ ဒီတော့ သစ်ပင်ပိလို့ သာသေတာ လူရဲ့စကားလုံးပိလို့ မသေပါဘူး။

“ကိုဝင်းနိုင်ရဲ့တူမ ရောက်လာမှာမို့လို့ ခွေးက သေပေးတာလား မသိပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်”

“ဟုတ်ကဲ့ ပြောပါ မထက်။ ကျွန်တော် မထက်စိတ်တိုင်းကျဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒီကတိကို ကိုဝင်းခိုင်ပေးတာနော်။ ကျွန်မ,တောင်းတာမဟုတ်ဘူး။ ကိုဝင်းခိုင် ကတိတည်ပါစေ"

"ဟုတ်ကဲ့"

"နေစရာပေးတယ်၊ စားစရာကျွေးမယ်။ အဲဒီအတွက် ကလေးကလည်း ကလေးနဲ့တန်တဲ့အလုပ်ကို လုပ်ရမှာပဲ။ ပြီးတော့ ဒီအိမ်စည်းကမ်းကို လိုက်နာရမယ်၊ ဒီအိမ်ကလူတွေပြောသမျှ နာခံရမယ်"

ပြောရင်း ကောင်မလေးမျက်နှာကို ငုံ့ကြည့်ကာ ...

"ကောင်မလေး"

"ရှင်"

"ငါပြောတာ ကြားရဲ့လား"

"ဟုတ် ... ဟုတ်ကဲ့"

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ရိုး ရိုးမြေကျပါ"

"ဟုတ်"

လေသံမာမာနှင့်မေးနေတာကြောင့် ရိုးမြေ ကြောက်ရွံ့စွာနှင့် ဘကြီးလက်ကို ကျစ်နေအောင်ဆုပ်ထားမိသည်။ သူမှာ အားကိုးစရာဆိုလို့ ဒီဘကြီးပဲရှိတာလေ။ ဒီနေရာမှာ ရိုးမြေသိတာလည်း ဘကြီး





တစ်ယောက်တည်းပါပဲ။

"နာမည်ကလည်း ပေးစရာရှားလို့ ရိုးမြေကျတဲ့။ အဲဒါ ဘာအဓိပ္ပာယ်လဲ ကိုဝင်းခိုင်"

သူတို့မိသားစုအကြောင်းကိုတော့ သူများစပ်စုတာ မကြိုက်ပဲ သူကကျတော့ သူများအကြောင်းကို စပ်စုနေပြီလေ။

"ပြောရရင်တော့အရှည်ကြီးပေါ့ မထက်ရယ်။ ဒါပေမဲ့ ကျွန်တော် အတိုချုံးပြီး ပြောပြပါ့မယ်။ တကယ်တော့ ကလေးရဲ့အဖေက အရမ်းချမ်းသာပြီး ကျွန်တော့်ညီမက အရမ်းဆင်းရဲတော့ ကောင်လေးဘက်က သဘောမတူလို့ ခွဲကြတယ်။ ကောင်လေးကလည်း ကျွန်တော့်ညီမကို ခိုးပြေးပြီး ရိုးမြေကျပေါင်းသင်းပါ့မယ်လို့ ကတိပြုတယ်လေ။ တူမလေးကိုမွေးလာတော့ သူတို့အိမ်ထောင်ရေးပိုပြီး ခိုင်မြဲစေရမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ တူမလေးနာမည်ကို ဒီလိုပေးခဲ့ကြတာပါ။ ဒါပေမဲ့ တူမလေးအဖေက ကံမကောင်းရှာပါဘူးဗျာ။ ကုန်ကားနောက်လိုက်ပြီး ကုန်ထမ်းရင်းပဲ ကားမှောက်လို့ ဆုံးသွားရှာတာ ဒီကလေးတစ်နှစ်သမီးကတည်းကပေါ့"

ဒါ ကိုဝင်းခိုင် အတိုချုံးပြီးပြောရတာပါ။ ဇာတ်ရှည်လည်ဆောင်သာ ပြောရရင် စာရေးဆရာတစ်ယောက် အနားမှာရှိလို့ကတော့ ဝတ္ထုတစ်အုပ်ဖြစ်သွားနိုင်သည်လေ။ ဘာကြောင့်လဲဆိုတော့ ရိုးမြေ့



www.burmeseclassic.com

www.burmeseclassic.com



အမေက ရန်ကုန်က သူဌေးသားတစ်ယောက်ဖြစ်ပြီး ရိုးမြေရဲ့အမေက သူတို့အိမ်မှာ အိမ်ဖော်လုပ်နေတဲ့ ကျေးတောသူလေးပါ။

သူဌေးသားနဲ့ အိမ်ဖော်မလေး ချစ်ကြိုက်ကြတဲ့ဇာတ်လမ်းလေးပေါ့။ ဒါပေမဲ့ ရိုးမြေရဲ့အဖေ ထက်ကိုကိုက ကြည်ကြည်နိုင်ကို အပျော်ကြံတာမဟုတ်ပေ။ အတည်ချစ်လို့ပဲ အရာအားလုံးကို စွန့်လွှတ်၍ ကြည်ကြည်နိုင်နှင့် လက်တွဲဖို့ စွန့်စားခဲ့တာပေါ့။

"အင်း . . . အဲဒီလိုလူမျိုးကို ပြောတာပဲဖြစ်မယ်။ မွဲချင်တဲ့ ခွေး ပြာပုံတိုးဆိုတာလေ။ ကိုယ့်တဝမှန် နေရာမှန်မှာနေရင် သေချာမှ သေမှာ။ ကဲပါ . . . အဲဒါတွေထားလိုက်ပါတော့။ ကိုဝင်းနိုင်ကို ကျွန်မ တစ်ခုတော့ မှာထားရဦးမယ်"

"ပြောပါ မထက်"

"ဒီကောင်မလေးကို ကျွန်မ မခေါ်ဘဲနဲ့ အိမ်ပေါ်ကို မလွှာစေ နဲ့နော်။ နိုင်းစရာရှိရင် ခေါ်လိုက်မယ်"

ကိုဝင်းနိုင် ချက်ချင်းပဲ ခေါင်းညိတ်လိုက်တော့၏။ ကိုယ့်တူ လေး ဖြစ်နိုင်ရင် ဒီအိမ်ကြီးပေါ်ကို လုံးဝမတက်ရလေ ကောင်းလေ ပါပဲ။ ဒါမှ အန္တရာယ်ကင်း ဘေးရှင်းမှာ မဟုတ်လား။

❋



## အခန်း (၄)

"ရိုးမြေ"

"ရှင် . . . ဘကြီး"

ဘကြီးက ခေါ်တာနှင့် ရိုးမြေလက်ထဲက ဖတ်လက်စစာအုပ် လေးကို ပိတ်ပစ်လိုက်သည်။ ဒီစာအုပ်လေးက ရိုးမြေရဲ့ကျောင်းစာအုပ် လေးတွေထဲက မြန်မာဖတ်စာအုပ်လေးပါ။ ဒီနှစ် ရိုးမြေက လေးတန်း တက်နေတာလေ။ အခု မေမေမရှိတော့ မတက်ရတော့ဘူးပေါ့။ ဒါကြောင့် စာအုပ်လေးကို လွမ်းဆွတ်တမ်းတစွာနှင့် ဖတ်နေမိတာပါ။

ဘကြီးကတော့ပြောပါတယ် . . .

"အခြေအနေကြည့်ပြီး ကျောင်းဆက်ထားနိုင်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်တဲ့။ ရိုးမြေကတော့ ကျောင်းတက်ချင်နေပြီပေမယ့် ဘကြီးကိုလည်း မပူဆာရဲပေ။

"ဘကြီး ဟိုအိမ်ကြီးဆီကို သွားတော့မယ်။ ဘယ်မှ လျှောက်မသွားနဲ့နော်။ ဟိုအိမ်ကြီးဆီကို ဘယ်သူမှမခေါ်ဘဲနဲ့ မလာခဲ့နဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဘကြီး"

"အေး အေး . . . ဘကြီးသွားတော့မယ်"

တူမလေး၏ ခေါင်းလေးကိုပွတ်သပ်ပေးမိပြီးမှ ကိုဝင်းနိုင် ထွက်လာခဲ့တော့သည်။ ကံဆိုးလိုက်တဲ့ကလေး။ မင်းဘဝလေးလှပဖို့ အတွက် ဘကြီးတတ်နိုင်သလောက် ကြိုးစားပါ့မယ် ကလေးရယ် သူ့မှာပိုက်ဆံကရှိတာမှမဟုတ်ဘဲ ဘယ်မိဘ မယားသားသမီးဆီကိုမှ ထွေးနေရတဲ့သူ မဟုတ်တော့။ သူ့လစာလေးတွေ ဘဏ်မှာစုထားခဲ့သည် ဒီကလေးရဲ့ဘဝရှေ့ရေးအတွက် ဆရာနဲ့တိုင်ပင်ကြည့်ရမှာပေါ့။

ရိုးမြေ . . .

တန်းလျားမှာ တစ်ယောက်တည်းကျန်ခဲ့ရတာမို့ ဟိုကြည့် ဒီကြည့်နှင့်ပါ။ နောက်တော့ ပတ်ဝန်းကျင်ကို လျှောက်ကြည့်ချင်တာ နှင့် တန်းလျားပေါ်ကဆင်းလာခဲ့ပြီး လျှောက်ကြည့်နေမိသည်တွင်

"ဟယ် . . . မာလကာပင်ပါလား။ မာလကာသီးတွေနဲ့"





ရိုးမြေ မာလကာပင်ကို မော့ကြည့်လိုက်ပြီး . . .

"မာလကာသီးတွေ ပွနေတာ အများကြီးပဲ"

ခူးစားဖို့ ဘယ်လိုခူးရမလဲဆိုတာကို ရိုးမြေ မျက်စေ့လေးကို လက်ညှိုးနှင့် ကုတ်ခြစ်၍ စဉ်းစားနေမိသည်။ တံချူရှိမလားလို့ ရှာတော့လည်းမရှိ။ အပင်ပေါ်ကိုလည်း မတက်နိုင်။

"ဟိတ်"

"အမေ့"

လန့်ဖျပ်သွားပုံလေးနှင့် ရိုးမြေကြည့်လိုက်တော့ . . .

"နင် ဘယ်သူလဲ၊ ဒီခြံထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာ လဲ"

"............."

"ဟိတ်"

"............."

"နင့်ကို မေးနေတာလေ။ ဖြေဖို့ပါးစပ်မပါဘူးလား။ နင် ဘယ်သူလဲ"

"ရိုး . . . ရိုးမြေပါ"

"ဘာ . . . ရိုးရိုးမြေဟုတ်လား၊ နင့်နာမည်ကြီးက ဘယ်လို ဆဲဟ။ နင့်ကိုက ရိုးရိုးမြေဆိုတော့ ဆန်းဆန်းမြေက ဘာလဲ၊ သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းက မြေကြီးလား . . . ဟား ဟား"

"မဟုတ်ပါဘူး"

ရှိုင်း ကောင်မလေးနာမည်ကိုကြားရတော့ အဆန်းကြီးမို့လို့ ရယ်မိလေတော့သည်။

"ရိုးမြေနာမည်က ရိုးမြေကျူပါ"

"ရိုးမြေကျူ ဟုတ်လား"

"ဟုတ်ကဲ့"

"နင့်နာမည်က အဆန်းကြီးပါလားဟ။ အဲဒါထားပါတော့ . . . နင် ဒီခြံထဲကို ဘယ်လိုလုပ်ပြီးရောက်လာတာလဲ"

"ဘကြီး ခေါ်လာတာပါ။ ဘကြီးက ဒီအိမ်မှာ အလုပ်လုပ်တယ်လေ"

ရှိုင်း ဘကြီးဆိုတဲ့လူကို လှည့်ကြည့်ရင်ပဲ တွေ့တော့မလို့နဲ့ လှည့်ကြည့်တာ ဟိုဟိုဒီဒီတွေပါ။ ဘယ်သူ့ကိုမှ မမြင်တော့မှ . . .

"နင့်ဘကြီးက ဘယ်သူလဲ"

"ဘကြီးနာမည်က ဝင်းနိုင်ပါ"

"ဪ"

ဦးဝင်းနိုင်ကို ရှိုင်း မသိဘဲနေပါ့မလား။ သူတို့ကို ကျောင်းပို့ ကျောင်းကြိုလုပ်နေတဲ့ ဦးဝင်းနိုင်ပဲလေ။





"ဒါဆို နင်က ဒီမှာနေမှာပေါ့နော်"

"ဟုတ်ကဲ့"

"ဟိတ် . . . ရှိုင်း"

"ဟင်"

"နင် အဲဒီမှာ ဘာလုပ်နေတာလဲ"

လူမရောက်ခင် အသံအရင်ရောက်လာသူ လှိုင်ပါ။ နောက်မှာ ဆက်ရှိန်လည်း ပါလာသည်လေ။ ရှိုင်းက လှိုင်ကို ဘယ်တုန်းကမှ ကြည့်မရသူမို့ . . .

"ငါ ဘာလုပ်နေတာ နင်မြင်လဲ"

"ရပ်နေတာ မြင်တယ်လေ။ အဲဒါကြောင့် ဘာရပ်လုပ်နေတာလဲလို့ မေးတာ . . . ဟင်"

လှိုင် ရိုးမြေကို အခုမှ သေသေချာချာကြည့်မိပြီး . . .

"သူက ဘယ်သူလဲ၊ ဟင်း . . . အဝတ်တွေကလည်း ညစ်ပတ်နေတာပဲ။ ရွံဖို့ကောင်းလိုက်တာ"

"လာပြီ . . . နင် သူများကို ကဲ့ရဲ့ဖို့ပဲတတ်တယ်။ အဝတ်ဆွက ညစ်ပတ်နေတာ မဟုတ်ပါဘူး။ ဟောင်းနေတာပဲ ရှိတာပါ"

ဝင်ပြောလိုက်တာက ဆက်ရှိန်ပါ။ လှိုင်က ဒါကိုပဲ မခံနိုင်စွာ ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသေးလဲဟဲ့"

ဆက်ရှိန် လှိုင်ပြောတာကို ဂရုမစိုက်တော့ဘဲ ...

"ဟော့ကောင် ရှိုင်း ... သူက ဘယ်သူလဲကွ"

"ဦးဝင်းခိုင်ရဲ့တူမတဲ့ကွ။ သူ့နာမည်က ရိုးမြေကျတဲ့"

"ရိုးမြေကျ ဟုတ်လား"

ရိုးမြေနာမည်ကို ရွတ်လိုက်တာ ဆက်ရှိန်နှင့် လှိုင် ပြိုင်တူပါ။ လှိုင်က နှုတ်ခမ်းလေးမဲ့ပြီး ...

"နာမည်ကြီးကလည်း ဘာကြီးလဲ။ ငါ့နာမည်လို လှလည်း မလှဘူး"

"နင် သူများကို ကဲ့ရဲ့ပြန်ပြီလား လှိုင်၊ နင့်နာမည်က လှပေ မယ့် နင်နဲ့နာမည်တူတွေ အများကြီးရှိနေမှာ။ သူ့နာမည်က ဒီ တစ်ခါမှ မကြားဖူးတဲ့ ရှားရှားပါးပါးနာမည်ဟ။ ငါတော့ သူ့နာမည်ကို သဘော ကျတယ်"

လှိုင်က သူများကို အဲဒီလို ကဲ့ရဲ့တတ်တော့ ရှိုင်း မခံနိုင်စွာပဲ ပြန်လည်ချေပလိုက်သည်လေ။

ပြီးတော့ လှိုင်က သူငယ်ချင်းဆိုရင်လည်း သူနဲ့ အဆင့် အတန်းတူကိုပဲ ရွေးပေါင်းတတ်သူပါ။ ဆင်းရဲတဲ့သူတွေဆို နှိမ့်ချပြော ဆို ဆက်ဆံတတ်လို့ ရှိုင်းကတော့ လုံးဝကြည့်မရပေ။ လှိုင်ကလည်း





"နင့်ဘာသာနင် သဘောကျတာ ကျပေါ့။ ငါကတော့ မကြိုက်ဘူး"

"ဟဲ့ ... နေဦး"

ရိုးမြေ သူတို့ရှေ့မှာရပ်နေရတာ မျက်နှာငယ်လှန်းလှပါသည်။ သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေက လှလှပပဖြစ်နေပြီး ရိုးမြေကတော့ အဟောင်းအနွမ်းနှင့်လေ။

ပြီးတော့ သူတို့ကို ရိုးမြေက မသိတော့ မျက်နှာငယ်ရတာ ပေါ့။ ဒါကြောင့် လှည့်ထွက်မည်အပြုတွင် ရှိုင်းက သူမလက်ကလေးကို ဆွဲထားကာ ...

"နင် စောစောက မာလကာပင်ကို မော့ကြည့်နေတာ မာလ ကာသီး စားချင်လို့ မဟုတ်လား"

ရိုးမြေက ခေါင်းခါလေလျှင် ...

"မညာပါနဲ့ ... နင်စားချင်နေတာပါ။ ဟုတ်တယ်မို့လား"

ကလေးဆိုတော့ မညာပါနဲ့ဆိုတာနှင့်ပဲ ဆက်မညာရဲတော့ ပေ။ ဒါကြောင့် ခေါင်းမညိတ် ခေါင်းမခါရှိလေလျှင် ...

"ခဏနေဦး ... ငါတက်ခူးပေးမယ် ကြားလား"

"ရှိုင်း"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တို့နာမည်တွေ ပြောပြလိုက်ဦးလေကွာ။ သူက တို့ကိုမှ မသိသေးတာ"

"မင်းမှာလည်း ပါးစပ်ပါတယ် မဟုတ်ဘူးလား။ မင်း ပြောပြလိုက်လေကွာ။ ငါ မာလကာသီး တက်ခူးလိုက်ဦးမယ်"

ပြောပြီး နှိုင်းက မာလကာပင်ပေါ်ကိုသာ ဖက်တက်လေတော့သည်။

လှိုင်ကတော့ သိပ်မကျေနပ်ပေ။ ဒီကောင် လှိုင် မာလကာသီး စားချင်လို့ တက်ခူးခိုင်းရင် တစ်ခါမှ ခူးမပေးဘူးလေ။ အခုကျတော့ လျှင်လိုက်တာ။

"နှိုင်း"

နှိုင်းက အပင်အောက်ကိုပြန်ငုံ့ကြည့်ပြီး . . .

"ဘာလဲ"

"ငါ့ဖို့လည်း ခူးပေးနော်"

ရိုးမြေကို ခူးပေးပြီး လှိုင့်ကိုမပေးရင် မကောင်းပြန်ဘူးလေ။ ဒီတော့ . . .

"ခူးပေးမယ်"

လှိုင် မျက်နှာလေး ဝင်းပသွားလေသည်။ ဘာပဲဖြစ်ဖြစ် သူများနဲ့ယှဉ်ပြီး ကိုယ့်ကိုပဲ ဦးစားပေးစေချင်တဲ့ လှိုင်။ ခါတိုင်းလို





ခူးမပေးတာထက်စာရင် အခု ခူးပေးမယ်ဆိုတော့ ကျေနပ်ပါသည်လေ။

"ရိုးမြေကျ"

"ရှင်"

"ငါ့နာမည်မှတ်ထားနော် . . . ဘုန်းဆက်ရှိန်သာ။ သူက သင်းလှဲ့လှဲ့လှိုင်၊ ဟိုကောင်က မျိုးမင်းနှိုင်း။ ငါက ဒီအိမ်က"

"ဟုတ်ကဲ့ပါ အစ်ကိုလေး"

"ဟင်"

ဆက်ရှိန် မျက်မှောင်လေးကြုတ်သွားလေသည်။ ဆက်ရှိန်က တစ်ဦးတည်းသောသားမို့ ညီအစ်ကိုမောင်နှမ မရှိဘူးလေ။ ဒါကြောင့် ညီမလေးတစ်ယောက်လောက် လိုချင်ပြီး ကိုကိုအခေါ်ခံချင်တာပါ။ အခုကောင်မလေးက ခေါ်လိုက်တာ အစ်ကိုလေးတဲ့။

"အစ်ကိုလေးဆိုတာ နင် ငါ့ကိုခေါ်တာလား"

"ဟုတ်ကဲ့၊ ဒီအိမ်က ကိုဆက်ရှိန်သာကို အစ်ကိုလေးလို့ ခေါ်ရမယ်လို့ ဘကြီးက မှာထားလို့ပါ"

"ကျွတ်"

မှန်ပါသည်။ နာမည်က ရှည်တော့ ရိုးမြေ မခေါ်တတ်လို့ ခုတ်မိအောင် ဘကြီးက အထပ်ထပ်ရွတ်ခိုင်းခဲ့တာလေ။ ရိုးမြေနေရမယ့်အိမ်က သူဌေးသားနာမည်သည် ဘုန်းဆက်ရှိန်သာတဲ့။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုးမြေခေါ်ကြည့်တိုင်း ဘုန်းထက်ရှည်သာ ဖြစ်ဖြစ်သွားလို့ ဆက်ရှိန်လို့သာ မှတ်ထားပေတော့တဲ့လေ။

"အစ်ကိုလေးလို့ မခေါ်ပါနဲ့၊ ကြားရတာတစ်မျိုးကြီးပဲ"

"ဟဲ့ ဆက်ရှိန် ... သူက ရှိုရှိုသေသေ လေးလေးစားစားနဲ့ခေါ်တာကို နင်က ဘယ်လိုခေါ်စေချင်လို့လဲ"

"လှိုင်"

"..................."

"နင် အရာရာဝင်မပါနဲ့"

ဆက်ရှိန် မာဆတ်ဆတ်နှင့် ပြောလိုက်တော့ လှိုင်က မျက်စောင်းထိုးလေသည်။ သူ့ရှေ့မှာ ဆက်ရှိန် ဘာမှ ဆက်မပြောချင်တော့ပါဘူး။

ဒါကြောင့် ...

ရေငုံနှုတ်ပိတ်နေလိုက်တော့သည်သာ။

❋



## အခန်း (၅)

ကလေးကလည်း ကလေးနဲ့တန်သည့်အလုပ် လုပ်ရမည်ဆိုပြီး ထက်ရှိန်ဝါ ခေါ်ခိုင်းထားတာမို့ ရှိုးမြေ ကြမ်းတိုက်နေရသည်သာ။ ဒါကိုမြင်ရတော့ ကိုဝင်းခိုင် စိတ်မချမ်းသာပေ။ ဒါပေါ့လေ ဘဝကမလှတော့ နောင်အနာဂတ်မှာ လှပဖို့အတွက် အညစ်အကြေးတွေကို ချွေးနဲ့ဆေးရတယ်လို့ပဲ သတ်မှတ်ရတော့မှာပေါ့။

"ကိုဝင်းခိုင်"

"ဟင်"

"ကလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတာလားဟင်"

ကိုဝင်းခိုင် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါနိုင်သော။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်မှာလဲဟာ၊ ကံက ခိုင်းလို့ လုပ်ရတယ်လို့ပဲ သတ်မှတ်ရတော့မှာပေါ့"

ပြောပြီး ကိုဝင်းခိုင် အပြင်သို့ ထွက်သွားလေတော့သည်။ မမိုးလည်း သားသမီးချင်း ကိုယ်ချင်းစာကြည့်ပါသည်လေ။ တကယ်ဆို ဒီကလေးအရွယ်က ကျောင်းတက်ရမယ့်အရွယ်ပါ။

ဟင်း . . .

ဩော် . . . ဘဝ ဘဝ . . . လူအမျိုးမျိုး ဘဝအမျိုးမျိုးပါလားလေ။

ရိုးမြေ . . .

စာကျက်သံတွေကြားတာမို့ ကြမ်းတိုက်နေတာကို ခဏထားပြီး သွားချောင်းကြည့်လိုက်သည်။ သူများတွေ စာကျက်နေတာမြင်တော့ ရိုးမြေလည်း စာကျက်ပြီး ကျောင်းတက်ချင်လိုက်တာ။ သူများတွေများ ကံကောင်းလိုက်တာ။

အမေနဲ့အမေနဲ့၊ တိုက်နဲ့ကားနဲ့။ ရိုးမြေကျတော့ မိဘမရှိနေရတော့ သူများအိမ်မှာ။

"ဟင်"

ဆက်ရှိန်နှုတ်မှ 'ဟင်' ခနဲ အသံထွက်သံကြားတာကြောင့် ရှိုင်း လှည့်ကြည့်လိုက်မိသည်။ ပြီးတော့ ဆက်ရှိန်ကြည့်နေတဲ့နေရာ





ကို ကြည့်လိုက်မိတော့ . . .

"အင်"

ခေါင်းထွက်လာလိုက် ပြန်ဝင်သွားလိုက်နှင့် သူတို့ကို ချောင်းကြည့်နေတဲ့ ရိုးမြေကို မြင်လိုက်ရတော့ စိတ်မကောင်းလိုက်တာ။

"ငါ စိတ်မကောင်းလိုက်တာကွာ"

ရှိုင်းမြင်သွားတာကို ဆက်ရှိန် သိသည်လေ။ ဒါကြောင့် ဒီစကားကို ပြောလိုက်မိတာပါ။

"ဘာကိုလဲ ဆက်ရှိန်"

"ရိုးမြေ တို့ကို ချောင်းကြည့်နေတာလေ။ သူလည်း ကျောင်းတက်ချင်ရှာမှာပဲကွ"

"ဟုတ်တယ် . . . ငါလည်း သူ့ကို သနားတယ်ကွ"

သူတို့နှစ်ယောက်ပြောနေတာတွေကို လှိုင်ကြားသွားတော့ စာကျက်တာကိုရပ်ပြီး တစောင်းအနေအထားကနေ သူတို့နှစ်ယောက်ကြည့်နေတဲ့နေရာ အခန်းဝဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သော့ . .

"ဩော်"

ဖျတ်ခနဲ မြင်ပြီး ပြန်ကွယ်သွားတဲ့မျက်နှာတစ်ခုကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ လှိုင် မျက်နှာလေး တင်းခနဲဖြစ်သွားလေသည်။ ပြီးတော့ ဆတ်ခနဲထပြီး ခပ်သုတ်သုတ်လျှောက်သွားကာ . . .

"ဟဲ့"

"အမေ့"

"နင် ဒီမှာ ဘာလုပ်နေတာလဲ"

"ရှင်"

"မေးနေတာ ဖြေလေ"

"ဟို ဟို"

"ဘာဟိုလဲ။ နင် တို့ကိုချောင်းကြည့်နေတာမဟုတ်လား။ ဘာလို့ချောင်းကြည့်နေတာလဲ။ နင် ဒီအခန်းကိုလာဖို့ တန်သလား ပြောစမ်း"

ရိုးမြေ ဘာမှမပြောဘဲ မျက်လွှာလေးချ ခေါင်းလေးငုံ့ပြီး ခပ်ကုပ်ကုပ်ကလေး ရှိနေစဉ် . . .

"သွား . . . အခု ဒီနေရာကနေ ထွက်သွား"

ပြောလည်းပြော လက်ကလည်း ရိုးမြေ ဆံပင်ကိုဆောင့်ဆွဲပြီး လက်နှင့် ဟိုရိုက်ဒီရိုက် ရိုက်လေလျှင် . . .

"လှိုင်"

အရင်ရောက်လာသူက ဆက်ရှိန်ပါ။ မတရားတာကို ကြည့်





နေနိုင်တာမို့ လှိုင့်လက်တွေကို ဖယ်ချကာ . . .

"နင် မတရားမလုပ်နဲ့နော် လှိုင်။ သူ တို့ကိုချောင်းကြည့်တာ ဆိုအထဲက ဘယ်သူ့အသား ပဲ့ပါသွားလဲ ပြော"

"ပါပါ,မပါပါ သူချောင်းကြည့်ရလား။ ဘာခိုးချင်လို့ ကြည့်နေလဲမှ မသိတာ"

"လှိုင် နင်တော်တော့"

ရှိုင်းကတော့ မျက်ရည်တွေဝဲနေတဲ့ ရိုးမြေ ပခုံးလေးကို ဖွဖက်လိုက်မိပြီး . . .

"ညီမလေး ဘယ်နာသွားလဲဟင်၊ ဘာမှမကြောက်နဲ့နော်။ ဘိုကိုတို့ရှိတယ်"

"ငါမကြိုက်တာ အဲဒါတွေပဲ။ နင်တို့ ဘာလို့ သူ့ကို အဲလောက်အရေးဝင်နေရတာလဲ။ သူနဲ့တို့နဲ့က အဆင့်အတန်း မတူဘူးလေ"

"လှိုင်"

ဒီတစ်ခါ ခပ်မာမာအသံနှင့် ခေါ်လိုက်သူကတော့ ရှိုင်းပါ။

"နင် သိပ်တစ်ကိုယ်ကောင်းဆန်တာပါလား။ အဆင့်အတန်းချင်းမတူပေမယ့် သူလည်း လူပဲလေ"

"ဟုတ်တယ် . . . ရိုးမြေက ဆင်းရဲလို့ အားငယ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို တို့က အားပေးရမှာ မဟုတ်ဘူးလား''

''ဘာမှအားပေးစရာမလိုပါဘူး။ သူက သူ့ဘာဝနဲ့သူ တို့လည်း တို့ဘာဝနဲ့တို့ပဲလေ''

ကလေးတွေဆိုပေမယ့် ခုခေတ်ကလေးတွေက တတ်လွယ်မှတ်လွယ်နဲ့ ပြောတတ်ဆိုတတ်ကြသည်လေ။ အခု သူတို့ သုံးယောက်က အသက်ဆယ့်တစ်နှစ် ရှိနေကြပြီ။ ပညာအရည်အချင်းက ငါးတန်း။

ပြီးတော့ ဉာဏ်ရည်ထက်မြက်သူတွေဆိုတော့ စကားပြောတာ အခြေအတင်တွေနဲ့ပေါ့လေ။

''နင်တို့ကို ငါ အန်တီနဲ့ တိုင်ပြောမယ်''

''လှိုင်''

''ဆက်ရှိန် မလုပ်နဲ့''

ဆက်ရှိန် ဒေါသဖြစ်ပြီး လှိုင့်ကို တွန်းလိုက်တော့ ရှိုင်းက ဆက်ရှိန်လက်ကို ဆွဲထားကာ . . .

''မလုပ်နဲ့ ဆက်ရှိန်၊ သူက လူကြီးတွေကို တိုင်ပြီဆို အပိုနဲ့ အကဲနဲ့ ပြောတာ မင်းသိရဲ့သားနဲ့''

''တောက်''

''ဆက်ရှိန်''





''. . . . . . . . . . . . . . . .''

''နင်တို့ ငါ့အကြောင်း သိစေရမယ်''

''ကလေးတွေ ဘာဖြစ်နေကြတာလဲ''

မေးလိုက်သူက ဆက်ရှိန်ရဲ့ဖေဖေ ဦးဘုန်းဆက်သာပါ။ သူ ရိပ်အခြေကို အကဲခတ်ကြည့်ရတာ သဘောပေါက်သလိုတော့ သွားပေမယ့် . . .

''သားတို့သမီးတို့ စာမကျက်တဲ့ ဒီမှာစုရုပ်ပြီး ဘာလုပ်နေကြ ဘာလဲကွ . . . ဟင်''

''ဒီကောင်မလေးပေါ့ အန်ကယ်လ်၊ လှိုင်တို့ စာကျက်တာ ကို လာချောင်းကြည့်နေတာ။ အဲဒါကို လှိုင်က ပြောတာလေ။ ဆက် န်နဲ့ ရှိုင်းက မပြောရဘူးတဲ့။ သနားပါတယ်လေ၊ ဘာလေးနဲ့ ပြောကို ပြောချင်ဘူး''

''ဟင်''

တစ်ခုခုဆိုတာကိုသိပေမယ့် ဒီလိုကိစ္စမျိုးလို့တော့ ဦးဘုန်း ဆက်သာ ထင်မထားပေ။ လှိုင်ကပြောပြနေတာ မျက်စောင်းထိုးကာ ညာခံမဲ့ကာနှင့် ရဲရဲတင်းတင်းရှိသလောက် ရိုးမြေကတော့ ခေါင်း သေငုံ့လို့သာ။ လှိုင်က သွက်သွက်လက်လက်နဲ့ ပြောရဲမှာပေါ့။

ပြောရဲစရာဖြစ်အောင် တွန်းအားပေးတဲ့ အရှိန်အဝါကကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့်လေ။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုဆိုတာ လူတွေကို ပြော
ဆိုရဲရှိအောင် တွန်းအားပေးတဲ့သွေးကြွဆေးတစ်မျိုးပဲလို့ ဦးဘုန်းဆက်
သာကတော့ ခံယူထားပါသည်။

"သမီးရိုးမြေ"

"................"

"သမီးက သူတို့စာကျက်တာကို ဘာလို့ ချောင်းကြည့်တာ
လဲ၊ ဦးဦးကို ပြောပြပါဦး"

"သမီးလည်း သူတို့လို စာကျက်ချင်လို့ပါ"

"ဪ"

ကလေးမို့လို့ ရင်ထဲကဆန္ဒကို ပြည့်ပြည့်စုံစုံ ပြောမပြနိုင်ေ
မယ့် ဦးဘုန်းဆက်သာ နားလည်လိုက်ပါပြီ။ သူ့ခမျာ သူများတွေ
ဘဝကို အားကျပြီး ကျောင်းတက်ချင်နေရှာတာပဲ ဖြစ်မှာပေါ့။

❋



## အခန်း (၆)

ဦးဘုန်းဆက်သာက ဆိုဖာပေါ်မှာထိုင်ပြီး ရိုးမြေက ကြမ်းပြင်
ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်လေလျှင် ...

"ဆိုဖာပေါ်တက်ထိုင် သမီး၊ တက်ထိုင်ပါ"

ရိုးမြေ ဦးဘုန်းဆက်သာကိုမော့ကြည့်ပြီး ချက်ချင်းမထရဲ
သေးဘဲ ရှိနေလေလျှင် ဦးဘုန်းဆက်ကပဲ ထသွားပြီး လက်ဆွဲခေါ်ကာ
ဆိုဖာပေါ်မှာထိုင်ခိုင်းရတော့၏။

"ထိုင်ပါ သမီးရဲ့"

ပြောပြီး ကိုယ်စီ နှုတ်ဆိတ်ခြင်းနဲ့ တစ်ဦးတစ်ယောက်ကို
ဆောင့်ငံ့နေလိုက်ကြသည်။ ကိုဝင်းခိုင်ကို ခေါ်ခိုင်းထားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ သူရောက်လာတော့မှာပါ။

"ဆရာ"

ပြောရင်းဆိုရင်းက ရောက်လာပါပြီ။

"ဆရာ ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ပါ"

"ဟုတ်တယ် ကိုဝင်းနိုင် ... အခြားတော့မဟုတ်ပါဘူး ဒီကလေးကိစ္စ ဆွေးနွေးချင်လို့ပါ"

"ဗျာ"

ရိုးမြေ ဘာများအမှားလုပ်မိလို့လဲလို့ စိုးရိမ်ပူပန်စိတ်က ရုတ်တရက် တွေပင် ခုန်လာသည်။

"ဘာ ... ဘာဖြစ်လို့လဲ ဆရာ"

"အခြားတော့မဟုတ်ပါဘူး။ ရိုးမြေ ဘယ်နှစ်တန်းအထိ ကျောင်းတက်ဖူးလဲလို့ မေးမလို့ပါ။ ဒီအရွယ်က ကျောင်းတက်ရမယ့် အရွယ်လေ။ သူ ကျောင်းတက်ချင်နေပုံရတယ် ကိုဝင်းနိုင်။ အဲဒါ ကြောင့် ကိုဝင်းနိုင်ကို ခေါ်မေးရတာပါ"

အမယ်လေး တော်ပါသေးရဲ့။ ကိုယ်ကတော့ ကိုယ့်တူမလေး ဘာအမှားလုပ်မိလို့ ခေါ်ပြောတာလဲလို့ စိုးရိမ်လိုက်ရတာ။ အခု ကျောင်းတက်ဖို့ကိစ္စ မေးတာဆိုတော့ ဝမ်းသာလိုက်တာ။

"ဩော် ... ရိုးမြေက ဒီနှစ်လေးတန်းတက်နေတာပါ ဆရာ





သူက စာတော်တယ်လေ။ ကျွန်တော် သူ့ကိုကျောင်းထုတ်ပြီး ခေါ်လာ တော့ ဆရာ,ဆရာမတွေကတောင် နှမြောနေကြတာ။ ကျွန်တော် ကလည်း မတတ်သာလို့သာ သူ့ကို ကျောင်းထုတ်ပြီး ခေါ်လာခဲ့ရတာပါ ဆရာရယ်"

"အချိန်ရသေးတာပဲ"

"ဗျာ"

"သူ့ကို ကျောင်းထုတ်တော့ ကိုဝင်းနိုင် ကျောင်းပြောင်း ထောက်ခံစာတွေ ဘာတွေ ယူခဲ့သေးလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် လိုလိုမယ်မယ်ဆိုပြီး ယူလာ ခဲ့ပါတယ်"

"အဆင်ပြေတာပေါ့။ ဒါဆို ရိုးမြေကို ကျောင်းဆက်ထားဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ကိုဝင်းနိုင်မျက်နှာမှာ တိမ်ကင်းစင်သည့် လပမာနှယ် ဝင်းပ သွားသလို ရိုးမြေ နှုတ်ခမ်းပေါ်မှာလည်း အပြုံးလေးက ချိုလို့ပါလေ။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျွန်တော် ဝမ်းသာ လွန်းလို့ ဘာပြောရမှန်းကို မသိတော့ပါဘူး။ တကယ်ပါ ... ဆရာ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကိုဝင်းနိုင်ရာ။ ခင်ဗျားနဲ့ကျွန်တော်တို့က ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းမို့ ကိုင်းကျွန်းမှီ ဆိုသလိုပါပဲ။ ကျွန်တော်တို့ကပဲ ကိုဝင်းနိုင်အပေါ်မှာ ကျေးဇူးရှိတာ မဟုတ်ပါဘူး။ ကိုဝင်းနိုင်ကျေးဇူးတွေလည်း ကျွန်တော်တို့အပေါ်မှာ ရှိနေတာပဲလေ''

ဒါ အမှန်ပါ။ ကျေးဇူးသိတတ်တဲ့သူက အစဖော်ပေမယ့် မသိတတ်သူကတော့ ကျေးဇူးတရားကို ငွေကြေးနဲ့ဆပ်လို့ ကြေသွားပြီပဲ ထင်မှာပေါ့။ တကယ်ဆိုရင် ထက်ရှိန်ပါရဲ့အသက်ကို ကိုဝင်းနိုင်က ကယ်လိုက်တာလေ။ ထက်ရှိန်ဝါ သူ့ဘာသာသူ ကားမောင်းရင်း အက်ဆီးဒင့်ဖြစ်တုန်းကပေါ့။

သွေးလိုနေတဲ့အချိန်မှာ ကိုဝင်းနိုင်က သွေးလှူခဲ့တာပါ။ ဒါလည်း ကျေးဇူးရှင်ပဲပေါ့။ သူက သူ့ကိုယ်ထဲက သွေးကိုဖောက်ထုတ်ပေးခဲ့တာပဲလေ။

"သမီး ရိုးမြေ"

"ရှင်"

"မကြာခင်မှာ သမီး ကျောင်းတက်ရတော့မယ် ကြားလား"

"ဟုတ်ကဲ့"

"ရိုးမြေ"

"ရှင် ဘကြီး"

"ဦးဦးက သမီးကို ကျောင်းထားပေးဖို့ စီစဉ်တော့မှာ။ ကိုယ့်





ကျေးဇူးရှင်ကို ကန်တော့လိုက်ဦးလေ''

"ဟုတ်ကဲ့ပါ ဘကြီး"

ရိုးမြေ ဆိုဖာပေါ်ကနေဆင်းပြီး ဦးဘုန်းဆက်ကို ဦးချလေချင် ဦးဘုန်းဆက်က ဆုတွေပေးလို့ ကိုဝင်းနိုင်က ဝမ်းသာပီတိနှင့် မျက်ရည်တွေ ဝေ့လို့ပါ။ ဦးဘုန်းဆက်က အရှိန်အဝါတွေကြောင့်သာ ရွာမှာ ဦးတစ်ခေါ်ရပေမယ့် အသက်က သုံးဆယ်ကျော်သာ ရှိသေးသည်လေ။ အခုလို ကိုယ့်သားသမီးအရွယ် ကလေးတစ်ယောက်က မှီးတာခံရတော့ . . .

ရင်ထဲမှာ တစ်မျိုးပါပဲ။

ပီတိဖြစ်သလိုလို ဝမ်းနည်းသလိုလိုနှင့်ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ရိုးမြေ"

"............."

"ရိုးမြေ"

"ဟင်"

ဘကြီးဝယ်လာပေးတဲ့ လွယ်အိတ်အသစ်ကလေးထဲကို ရိုးမြေ စာအုပ်တွေထည့်နေစဉ်မှာပဲ သူမနာမည်ကိုခေါ်ပြီး တန်းလျားပေါ်သို့ တက်လာသူက ...

"အယ် ... အစ်ကိုလေး"

"အေး ... ရှိုင်းလည်း ပါတယ်"





နှစ်ယောက်စလုံး ရိုးမြေဆီသို့ လျှောက်လာကြပြီး ရိုးမြေဘေးမှာ ထိုင်လိုက်ကြကာ ...

"အစ်ကိုလေးလို့ မခေါ်နဲ့လို့ နင့်ကို ငါ ဘယ်နှခါပြောရမလဲ ရိုးမြေ"

"ဟိုလေ ဒါဆို"

"ငါ့ကို ကိုကိုလို့ပဲခေါ်၊ ငါက အကြီးလေ"

"ငါ့ကိုတော့ ကိုကြီးလို့ခေါ်၊ ကြီးထည့်တော့ ငါက ဒီကောင့်ထက် အသက်ပိုကြီးသလိုနဲ့ ရာထူးကြီးသွားတာပေါ့ ... ဟဲ ဟဲ"

ရှိုင်းပုံစံက စပ်ဖြဲဖြဲနှင့်မို့ ဆက်ရှိန်က မကြည်ကြည်နှင့် ကြည့်လေသည်။

"ကိုကိုနဲ့ ကိုကြီး"

"ဟုတ်တယ်၊ အဲဒီလိုပဲခေါ်"

"ဒါနဲ့ ကိုကိုနဲ့ကိုကြီးက ဒီကိုဘာလာလုပ်ကြတာလဲဟင်"

"နင့်ကို မုန့်လာပေးတာ"

ပြောပြီး ဆက်ရှိန်နဲ့ရှိုင်းက သူတို့လွယ်အိတ် (သို့) ကျောပိုးအိတ်ထဲကနေ မုန့်တွေနှိုက်ယူပြီးပေးကြတာ ချောကလက်တွေ၊ ဘီစကစ်တွေပါ။ သူတို့ပေးပေးမယ့် ရိုးမြေ မယူရဲပေ။

"ယူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ရိုးမြေ မယူပါရစေနဲ့"

"ဘာလို့မယူရမှာလဲ။ စေတနာနဲ့ပေးတာကို ယူရမယ် ... ရော့"

ဆက်ရှိန်က ရိုးမြေလက်ကိုကိုင်ပြီး လက်ထဲသို့ မုန့်တွေ ထည့်ပေးတာ ကြမ်းပြင်ပေါ်သို့ကျတာတွေက ကျကုန်လေသည်။

"ဟုတ်သားပဲ ရိုးမြေရဲ့ ကိုကြီးတို့က ရိုးမြေကို စေတနာ ရှိလို့ လာပေးတာကို ယူမှပေါ့"

ရိုးမြေ သူတို့ကိုလည်း ကြောက်ပါသည်လေ။ ဒါကြောင့် ဆက်ပြီး မငြင်းရဲတော့ပါဘူး။ ဆက်ရှိန်နဲ့ ရှိန်းက ကျောင်းသွားကာနီး ဒီဘက်ကို လစ်ထွက်လာကြတာမို့ ဆက်ရှိန့်မေမေ လိုက်ရှာနေတာကို မသိကြပေ။

"ရိုးမြေ"

"ရှင်"

"နင် ဘာမှအားမငယ်နဲ့သိလား။ ဆက်ရှိန်နဲ့ငါ ရှိတယ်၊ အခု တို့နှစ်ယောက် တိုင်ပင်ထားတယ်၊ တို့မုန့်ဖိုးတွေစုပြီး နင့်ကို အဝတ်ဝယ်ပေးမလို့ဟ"





"ဟင်"

ရိုးမြေ မျက်လုံးဝိုင်းလေးနှင့် အံ့သြသလို ကြည့်လေတော့ ဆက်ရှိန်က ပြုံးပြီး ခေါင်းညိတ်ပြလေသည်။ ဒါ ရှိန်းရဲ့စကားကို ထောက်ခံတဲ့သဘောပဲပေါ့။ ရိုးမြေက ခေါင်းလေးခါပြီး ...

"ဟင့်အင်း ... ဟင့်အင်း၊ အဲဒါတော့ ရိုးမြေ လက်မခံပါရစေနဲ့၊ ဝယ်မပေးပါနဲ့နော်"

"ရိုးမြေ"

"............"

ဆက်ရှိန် လေသံမာမာနှင့် ခေါ်လိုက်တော့ ရိုးမြေ ခေါင်း ဆတ်မခါရဲဘဲ ခပ်ကြောင်ကြောင်လေး ကြည့်နေမိသည်သာ။

"နင့်မှာ ငြင်းခွင့်မရှိဘူးနော်"

ရိုးမြေ ခေါင်းလေး ငုံ့သွားလေတော့၏။ သူမလေးမှာ ကျား ကို ကြောက်ရ၊ ကျားချေးလည်းကြောက်ရဆိုတဲ့ အခြေအနေမျိုးပါ။ အမိန့်တွေ၊ အာဏာတွေကြားမှာ ဘယ်သူ့စကားကိုမှ မလွန်ဆန်ဝံ့တဲ့ ဘဝနဲ့ ဘယ်လောက်ကာလကြာအောင် ခရီးဆက်နေရမလဲဆိုတာ ဘယ်သူကမှ မခန့်မှန်းနိုင်ပေ။

"သူတို့ လိုင်းကို မစောင့်ဘဲသွားတာတော့ မဖြစ်နိုင်ဘူး အန်တီရဲ့၊ ကားက ရှိနေသေးတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကောင်လေးတွေ ဘယ်ရောက်သွားပါလိမ့်၊ မာလကာပင်အောက်များ ရောက်နေပြန်ပြီလား မသိဘူး"

"ဒေါ်မိုးများ သိမလားမသိဘူး။ သူ့ကို ခေါ်မေးကြည့်ပါဦးလား အန်တီ"

"ဩော် ... အေး"

ပထမ ခပ်တွေတွေလေးစဉ်းစားနေတဲ့ ထက်ရှိန်ဝါ လှိုင်ပြောမှပဲ မိမိုးကိုသတိရပြီး ...

"မိမိုး ... မိမိုး"

"..............."

"ဟဲ့ ... မိမိုးခေါ်နေတာ မကြားဘူးလား"

"လာပြီ မမ ... လာပြီ"

"မြန်မြန်လာ၊ ဘာလုပ်နေလို့ ခေါ်တာမကြားတာလဲ"

မမိုး အပြေးတစ်ပိုင်းနှင့်ထွက်လာပြီး ...

"မိမိုး ပန်းကန်ဆေးနေလို့ပါ မမ။ ရေသံနဲ့မို့လို့ မမခေါ်သံကို ချက်ချင်းမကြားတာပါ"

"ပြောလိုက်ရင် ဆင်ခြေက အဆင်သင့်ပဲ"

"မမ မမိုးကို ဘာခိုင်းမလို့လဲဟင်"

"ငါ့သားနဲ့ရှိုင်းကို နင်တွေ့မိလား။ အဲဒီနှစ်ယောက်





ပျောက်နေလို့ လိုက်ရှာနေတာ။ အခုထိကို မတွေ့သေးဘူး"

"ဩော် ... တွေ့မိတယ် မမ။ စောစောက နှစ်ယောက်စလုံး အပြင်ကိုထွက်သွားတာ။ မိမိုးက ကျောင်းသွားတာမှတ်လို့ပါ"

"တောက် ... ဘယ်ကိုသွားတယ်မသိပါဘူး"

ထက်ရှိန်ဝါ ခြေလှမ်းကျဲကျဲနှင့် ထွက်လာခဲ့တော့ နောက်မှ လှိုင်ကလည်း ထက်ကြပ်မကွာပါ။ ဒီကောင်တွေ ဘယ်သွားနေကြတာလဲ။ ဒေါသဖြစ်ဖို့ကောင်းလိုက်တာ။ လှိုင်နဲ့အတူတူ ကျောင်းမသွားချင်ဘူးဆိုတဲ့ကောင်တွေ။ လှိုင့်ကိုထားခဲ့ကြပြီလားလို့။

"ရိုးမြေ"

"ရှင်"

"နင်လည်း ဒီနေ့ ကျောင်းတက်ရမှာ မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါဆို သွားဖို့ပြင်လေ၊ တို့လည်း သွားတော့မယ်"

"ဟုတ်ကဲ့ ... ရိုးမြေပြင်နေတာပါ။ အစ်ကိုလေး ... အဲကိုကိုနဲ့ ကိုကြီးရောက်လာလို့"

ထက်ရှိန်နဲ့ ရှိုင်း အပြုံးကိုယ်စီနှင့် ထရပ်လိုက်ကြပြီး ရှိုင်းက ချစ်စနိုးနှင့် ရိုးမြေ ခေါင်းလေးကို ပုတ်လိုက်မိစဉ် ...

"ဩော် ... လက်စသတ်တော့ မင်းတို့က ဒီရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို။ ငါ့မှာတော့ ရှာလိုက်ရတာ မောနေတာပဲ။ ဒီမှာ ဘာလာလုပ်နေကြတာလဲ ပြောစမ်း"

ဒေါ်ထက်ရှိန်ဝါကို ဘွားခနဲမြင်လိုက်ရတာမို့ ဆက်ရှိန်နဲ့ မှိုင်း အကြည့်ချင်းဆုံသွားကြလေသည်။ နောက်မှာပါလာတဲ့ လှိုင်က ဘယ်လိုလဲဆိုတဲ့သဘောနှင့် မေးဆတ်ပြလေ၏။

"ကျောင်းသွားကာနီး ဒီကိုဘာလာလုပ်ကြတာလဲ"

"ဟို"

"သား"

"ဗျာ"

"လာစမ်း"

လာစမ်းဆိုပေမယ့် ဆက်ရှိန်မသွားသေးဘဲ ပေကပ်ရပ်နေကာ မှိုင်းကိုကြည့်လိုက်တော့ မှိုင်းက ဆက်ရှိန်နှင့် ပူးပူးကပ်ကပ်ဖြစ်အောင် တိုးရပ်လေသည်။ ဘာကြောင့်လဲဆို သူတို့နှစ်ယောက် ရိုးမြေရှေ့ကနေ ပိတ်ရပ်ထားကြတာပါ။ သူတို့နှစ်ယောက် လူခွဲလိုက်တာနဲ့ ရိုးမြေလက်ထဲက မုန့်တွေကိုမြင်သွားမှာစိုးလို့လေ။

ဒေါ်ထက်ရှိန်ဝါကိုမြင်လိုက်ပြီဆိုကတည်းက နှစ်ယောက်စလုံး ဒီအတွေးပဲဖြစ်ကာ ရိုးမြေရှေ့မှာ ရိုးမြေကိုကွယ်ပြီး ရပ်လိုက်ကြတာပါ။ အခု ဆက်ရှိန်ကိုခေါ်နေပြီလေ။ ဘယ်လိုလုပ်ရပါ့မလဲ။





"ဟဲ့ . . . ဘာပေကပ်ကပ်လုပ်နေကြတာလဲ၊ လာကြလေ။ ဒီကောင်မလေးနဲ့ အရောမဝင်ပါနဲ့လို့ မှာထားတာကို စကားနားမထောင်ကြဘူး။ ရိုက်ရရင် အသားနာကုန်တော့မှာပဲ"

"ကျွန်တော်တို့ ရိုးမြေ ဒီနေ့ကျောင်းတက်မယ်ကြားလို့ ဟုတ်လားလို့ လာမေးတာပါ အန်တီ"

"သူ့ဘာသာသူ ဟုတ်ဟုတ်,မဟုတ်ဟုတ်၊ တက်ချင်တက် မတက်ချင်နေ။ မင်းတို့ ဘာမှလာမေးစရာမလိုဘူး။ ဒီကောင်မလေးနဲ့ လုံးဝအရောဝင်စရာမလိုဘူး။ အဆင့်အတန်းချင်း မတူဘူးဆိုတာ နားမလည်ကြဘူးလား။ အေး . . . ဒီတစ်ခါ ဒီကိုလာတာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေ။ နောက်တစ်ခါဆိုလို့ကတော့ မင်းတို့ကို ငါ ခွင့်မလွှတ်ဘူး နားလည်လား"

ဒေါ်ထက်ရှိန်ဝါ၏အသံက တစ်ယောက်တည်း တစ်သံတည်းနှင့် ဆူညံပွက်လောရိုက်သွားလေတော့သည်။ စကားပြောရင် အဆင့်အတန်းဆိုတာက မပါရင် မပြီးသလောက်ပါပဲ။ ပြောနိုင်တဲ့ အဆင့်အတန်းကဆိုတော့ ပြောမှာပါပဲ။

လှိုင်တို့သားအမိကလည်း ထိုနည်းတူပါ။

လှိုင့်အမေ၊ လှိုင့်အစ်မအားလုံးက အရာရာကို ငွေနဲ့တိုင်းတာဆုံးဖြတ်တတ်သူတွေပါ။ ဒါကြောင့် နှစ်အိမ်တစ်အိမ် စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးအားလုံး ဆက်စပ်ပတ်သက်နေကြတာပေါ့။ ရှိုင်းရဲ့မိဘတွေကတော့ . . .

အိမ်နီးချင်းတွေနဲ့ အဆင်ပြေအောင်နေသလို အခြားသူတွေနဲ့လည်း အဆင့်အတန်းမခွဲတဲ့ အယုတ်အလတ် အမြတ်မရွေး ဘယ်သူနဲ့မဆို အဆင်ပြေသင့်မြတ်အောင်နေကြသူတွေပါ။

"လာစမ်း"

"ဟင်"

ဒေါ်ထက်ရှိန်ဝါ စိတ်မရှည်တော့စွာနှင့် ဆက်ရှိန်ကို ဆွဲခေါ်လိုက်စဉ် လက်တစ်ဖက်ကလည်း ရှိုင်းကိုပါ ဆွဲခေါ်လေတော့ ရိုးမြေနှင့်အတူ လက်ထဲကမုန့်တွေကိုမြင်သွားပြီး . . .

"ရိုးမြေ"

". . . . . . . . . ."

"နင် အဲဒီမုန့်တွေ ဘယ်ကရတာလဲ ပြောစမ်း"

". . . . . . . . . . . . . . . ."

"သူ ခိုးလာတာပဲဖြစ်မယ် အန်တီ"

လှိုင်က ပြောလိုက်တာနှင့် . . .

"ဟုတ်လား ရိုးမြေ၊ နင် ဒီမုန့်တွေကို ဘယ်ကခိုးလာတာလဲ ပြော"





"ဟင့်အင်း . . . ရိုးမြေမခိုးပါဘူး"

"ဘာမခိုးတာလဲ၊ လက်ပူးလက်ကြပ်မိနေတာတောင် ငြင်းခင်တုံး၊ သူခိုးမ"

"မဟုတ်ဘူး မေမေ၊ ရိုးမြေခိုးတာ မဟုတ်ပါဘူး"

"ရိုးမြေကို သားတို့ပေးတာပါ အန်တီ၊ ရိုးမြေခိုးတာ မဟုတ်ပါဘူး"

"ဘာ"

ပေးတာဆိုပြန်တော့လည်း . . .

"နင်တို့ပေးတာ ဟုတ်လား၊ နင်တို့ပေးတာကို သူက ယူစရာလား၊ စည်းကမ်းမရှိတဲ့ကောင်မ . . . လာစမ်း"

ဒေါ်ထက်ရှိန်ဝါ ရိုးမြေဆံပင်ကိုဆွဲပြီး . . .

"ကဲဟယ်"

"ဖြန်း"

"စည်းကမ်းပျက်ဦး"

"ဖြန်း"

"အား"

"အန်တီ"

"မေမေ မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ကြစမ်း"

"ရိုးမြေကို မရိုက်ပါနဲ့"

ရှိုင်းနဲ့ဆက်ရှိန် ဆွဲပေမယ့် ဒေါ်ထက်ရှိန်ဝါက သူတို့ကို တွန်းဖယ်ပစ်ပြီး . . .

"ငါ့ကို မဆွဲနဲ့၊ ဒီကောင်မကို ဒီလိုဦးချိုးထားမှ၊ မဟုတ်ရင် နင်တို့ဆီက ပေးသမျှ ဒီလိုပဲ ယူနေဦးမှာပဲ။ နောက်မယူရဲအောင် လုပ်မယ်။ ဖယ်ကြစမ်း"

"မေမေ"

"တောက် . . . ကဲ"

"ဖြန်း"

ရိုးမြေ ကျောလေးကော့သွားကာ အသံကျယ်ကျယ်နှင့် ငိုမိလေတော့သည်။ ဒါကို ကျေနပ်ပီတိဖြစ်စွာနှင့် ပြုံးပြီး လက်ပိုက်ကြည့်နေသူက လှိုင်ဆိုတဲ့ လင်းလဲ့လဲ့လှိုင်ပါ။

❋



## အခန်း (၈)

"ဖြန်း"

"အား"

"ကဲ"

"ဖြန်း"

"အား"

ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် အရိုက်ခံလိုက်ရတာကြောင့် ရိုးမြေ မျက်နှာလေးမှာ ထူပူနာကျင်သွားရသည်သာ။ လက်ထဲမှာကိုင်ထားတဲ့ အဝတ်အိတ်လေးကလည်း ဒေါ်ထက်ရှိန်ဝါယူပြီး လွှင့်ပစ်လိုက်တာကြောင့် ဘယ်ဆီကိုလွင့်သွားမှန်းပင်မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...ဘယ်လောက်ပဲပြောပြော အမှတ်မရှိ
ကောင်မ။ ဘယ်လိုလဲ ငါ့လက်ဝါးက တော်တော်မှ အရသာတွေ
လားဟင်။ နောက်တစ်ခါ ငါ့သား ဘာပဲပေးပေး ယူရဲယူကြည့်။ နင်
ဒီအိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းရပြီဆိုတာ မှတ်ထား"

"ဒီကောင်မက ဘယ်အမှတ်ရှိမှာလဲ အန်တီရဲ့။ ဒီလို အ
တန်တဲ့အဝတ်တွေကို သူ့ဘာသာသူ ဝယ်မှမဝတ်နိုင်တာ။ အဲဒါကြောင်
ဒီလိုပဲ ရုပ်ကလေးဖန်းပြပြီး ဟိုကောင်တွေဆီမှာ ချူစားနေတာပေ

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး မမလှိုင်ရယ်။ ဒီအဝတ်အိ
တွေကို တန်းလျားမှာ ဘယ်သူထားခဲ့မှန်းမသိလို့ ရိုးမြေ လာမေးတ
ပါ။ ထားခဲ့တဲ့သူကိုသိတာနဲ့ ရိုးမြေ ပြန်ပေးမလို့ ယူလာခဲ့တာပါ"

"တော်စမ်း ရိုးမြေ၊ လျှာအရိုးမရှိတိုင်း နင် ဆင်ခြေ
လျှောက်ပေးမနေနဲ့။ နင့်ကို ငါ မယုံဘူး"

"ဟုတ်တယ်၊ ကောင်းတဲ့ဝတ်စုံတွေ နင်ရွေးယူထားပြီ
မကြိုက်တာလောက်ဘဲ ပြန်လာပို့တော့ရော ဘယ်သူက သိမှာမှ
လို့"

ရိုးမြေ ခေါင်းလေးခါပြီး မျက်ရည်တွေသာကျနေမိတော
သည်။ ဖြေရှင်းပြလည်း သူတို့က ဟင်းချိုအိုးဆားခပ်ပြီး အပြစ်ရှာ
တာဆိုတော့ စွပ်စွဲမှုတွေက ပြင်းထန်နေဦးမှာပါပဲ။ နင် ဝဋ်ကြွေးရှိသ





ဆပ်နေရဦးမှာပါပဲ ရိုးမြေ။

"ဒီမှာရိုးမြေ"

"..............."

"နင် ရုပ်ကလေးဖန်းပြပြီး ချူစားချင်ရင်လည်း အခြား
ယောကျ်ားတွေဆီမှာ သွားချူစား။ ငါ့သားဆီမှာတော့ ချူမစားနဲ့"

"မဟုတ်ပါဘူး အန်တီရယ်။ ရိုးမြေ အဲဒီလို မိန်းကလေးမျိုး
မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ။ နင် ငါ့သားနဲ့ကင်းကင်းနေစမ်း
ဒါ"

အဲဒါကို ဘယ်လိုရှင်းပြရမလဲ။ ရိုးမြေက ကင်းအောင်နေပေ
မယ့် သူတို့က လာပတ်သက်နေတာပဲလေ။ ရိုးမြေက ဒီအိမ် ဒီအရိပ်ကို
ခိုနေရသူပါ။ ဒီအိမ်မှာ ရှိသမျှလူတွေကို ရိုးမြေက ကြောက်နေရသူပဲ
ဟာ။ ကျွန်မနဲ့ လာမပတ်သက်ပါနဲ့လို့ ဘယ်လိုပြောရဲမှာတဲ့လဲ။

"နင်သိအောင် နောက်တစ်ခု ပြောထားဦးမယ် ရိုးမြေ"

ဒီတစ်ခါ အသံထွက်လာသူက လှိုင်ပါ။

"သူဌေးသားဆိုပြီး ဆက်ရှိန်ကို အပိုင်ချိုင်ဖို့တော့ မကြိုး
စားနဲ့နော်။ နင်ပဲ ဘဝပျက်သွားလိမ့်မယ်။ ဆက်ရှိန်က ကျောင်းပြီးတာ
နဲ့ ငါနဲ့လက်ထပ်ပေးဖို့ လူကြီးတွေက သဘောတူထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



အလျှုရှင်မှန်းသိအောင် မကျော်တိုင်တက်ပြရတာလေ။ လှိုင်သူငယ်ချင်းတွေကိုလည်း ဒီလိုပဲ ပြောပြထားပြီးသားပါ။ လူကြီးတွေကလည်း ဒီအတိုင်းပဲပြောထားကြတာပဲဥစ္စာ။ လှိုင့်ဘက်က ဆက်ရှိန်ကို လက်ခံပေမယ့် ဆက်ရှိန်က ဒီကိစ္စကို ခေါင်းထဲထည့်ပုံမရဘူး။

စိတ်မချတာက ရိုးမြေနဲ့ပါပဲ။

အခုဆိုရင် ရိုးမြေက အရမ်းလှပြီး သူတက်နေတဲ့တက္ကသိုလ်နယ်မြေမှာ ယောကျ်ားလေးတွေ ပါးစပ်ဖျားရေပန်းစားနေသူပါ။ ဆက်ရှိန်လည်း ယောကျ်ားလေးပဲလေ။

နေ့တိုင်းမြင်နေရတာ ရိုးမြေရဲ့အလှကို မခံစားမိဘဲနေပါ့မလား။ ဆံပင်ရှည်တွေနဲ့ ရိုးမြေက မနာလိုစရာကောင်းအောင်ကို လှနေတာပါ။

"ရိုးမြေ သိပါတယ် မမလှိုင်"

"အေး . . . သိထားရင် သူနဲ့ မပတ်သက်နဲ့။ ငါက မီးငြိမလောင်ခင်က တားနေရတာ။ နင်က အရမ်းလှတော့ စိတ်မချဘူးလေ။ အဲဒါ ငါ အရှင်းဆုံးပြောတာ"

"စိတ်ချပါ။ ရိုးမြေ အတတ်နိုင်ဆုံး သူ့ကိုရှောင်ပါ့မယ်"

"နင့်စကားကို နင်မှတ်ထားနော်။ ကောင်မ ကတိမတည်ရင်ကတော့ ငါ့အကြောင်း သိမယ်"





ဒေါ်ထက်ရှိန်ဝါက အံကြိတ်သံနှင့် ပြီးလေသည်။ ထိုစဉ်မှာပဲ အပေါ်ထပ်ကနေ ဆင်းလာတဲ့ ဆက်ရှိန် သူတို့ကိုမြင်သွားပြီး ခြေလှမ်းတွေ တုံ့သွားကာ . . .

"အဲဒါ ဘာဖြစ်နေကြတာလဲ"

ဆက်ရှိန်ကို မြင်လိုက်ပြီဆိုတာနှင့် ရိုးမြေ လှည့်ထွက်လာခဲ့တော့သည်။ ကိုယ်ပေးထားတဲ့ကတိအတိုင်း သူနဲ့ကင်းအောင် နေပါ့မယ်ဆိုမှတော့ မျက်နှာချင်းတောင် မဆိုင်ချင်တော့ပေ။

"ရိုးမြေကို ဘာတွေပညာပြလိုက်ကြပြန်ပြီလဲ။ သူ့ဘာသာသူ အေးအေးဆေးဆေးနေတာကို အာရုံသွားပြီး မနှောက်ကြပါနဲ့"

"အာရုံနှောက်အောင်လုပ်တာက မင်းလေ။ တို့ကလည်း အားအားယားယား ဆီလိုအပေါက်ရှာပြီးပြောနေတာမှ မဟုတ်တာ"

"မေမေ"

"ကဲ ပြော . . . ရိုးမြေအတွက် အဝတ်တွေဝယ်လာပေးတာ ဘယ်သူလဲ။ အဲဒါကို မကြိုက်လို့ပြောနေတာ"

ဆက်ရှိန် မျက်ခုံးနှစ်ဖက် စုကျုံ့သွားလေသည်။ မေမေက ရိုးမြေမှာ အဝတ်ဘယ်နှစ်စုံရှိတယ် ဘယ်နှစ်စုံတိုးလာတယ်ဆိုတာကို လိုက်စစ်နေတာလား။ ရိုးမြေကို သူတို့ အဝတ်ဝယ်ပေးတိုင်းကို ဒီပြဿနာက တက်နေတာလေ။ ရိုးမြေကို အခြား သူ့အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက လက်ဆောင်ပေးသလို သူ့ဘကြီးက ဝယ်ပေးတာရော မရှိရ တော့ဘူးလား။

အခုကတော့ ကိုယ်တွေ ဝယ်လာပေးတာအမှန်ပါ။ ဒါပေမဲ့ အဲဒီလောက်အထိ လိုက်စစ်ဆေးနေတာတော့ မကောင်းပါဘူး။ သူ့ ခမျာ တက္ကသိုလ်ကျောင်းသူဖြစ်နေပြီး အဝတ်အစား ကောင်းကောင်း မွန်မွန် သိပ်ရှိလှတာမှ မဟုတ်တာ။ အစကတော့ အခြားသူငယ်ချင်း တွေ ဝယ်ပေးတာပါလို့ ညာခိုင်းမလို့ပါပဲ။

အခုတော့ . . .

ရိုးမြေကို မတွေ့လို့ သူတို့ ဒီအတိုင်းထားခဲ့မိတာ မှားသွားပြီ လား။

"ဆက်ရှိန်"

". . . . . . . . . ."

"ငါမေးနေတာဖြေလေ"

"အဲဒီအဝတ်တွေက ရှိုင်းဝယ်လာပေးတာပါ"

"ဘာ"

"သေချာလား ဆက်ရှိန်"

လှိုင်အမေကြောင့် ဆက်ရှိန်မျက်နှာ တင်းခဲဖြစ်သွားကာ . .

"နင် ငါ့ကို ထေ့သလို ရိသလိုလိုနဲ့ လာမမေးနဲ့ လှိုင်





ဒါပြောတာထက် သေချာချင်ရင် ရှိုင်းကို နင်ကိုယ်တိုင် သွားမေးကြည့် သွား"

"မင်း လှိုင့်ကို အော်စရာမလိုဘူး ဆက်ရှိန်။ တို့က မီးကို မလောင်ခင် တားနေရတာဟဲ့"

"အဲဒီစကားပြောရအောင် သားက ဘာလုပ်နေလို့လဲ မေမေ ရဲ့ အခု မေမေတို့က မီးကိုမလောင်ခင် တားတာမဟုတ်ဘူး။ မလောင် တဲ့မီးကို မလောင်တာ လောင်အောင် ဓာတ်ဆီလောင်းပြီး မီးရှို့နေကြ တာ။ ထစ်ခနဲဆို မေမေတို့က ရိုးမြေကိုပဲ အပြစ်ရှာ ရန်လုပ်နေကြတာ။ မေမေတို့ အဲဒီလိုလုပ်လေ ကျွန်တော်တို့က ရိုးမြေကို ပိုပြီးသနားမိ သပဲ။ အခုက သနားရုံပဲ ရှိသေးတာနော်။ မေမေတို့ ဒီထက်ပိုဆိုးလာ ရင် ကျွန်တော် ရိုးမြေအပေါ်ထားတဲ့ သံယောဇဉ်ကလည်း ဒီထက်ပိုတိုး လာနိုင်တယ်။ အဲဒါ အရှင်းဆုံးပြောပြတာ။ သား ကိုယ့်စိတ်ကိုယ် အာမ,မခံနိုင်ဘူး။ သား သူ့အပေါ် သံယောဇဉ်မတိုးစေချင်ရင် မေမေ တို့ရဲ့ အငြိုးတွေကို လျှော့ထား၊ ဒါပဲပြောတတ်တယ်"

"အမယ်လေး ဟဲ့"

ဒေါ်ထက်ရှိန်ဝါ တစ်ခုခုပြောမလို့ ပြင်လိုက်စဉ်မှာပဲ ဆက်ရှိန် က လှိုင်ပခုံးကို ပွတ်တိုက်၍ ထွက်သွားလေတော့သည်။ ဒေါ်ထက်ရှိန် ဒိနှင့် လှိုင်မှာအကြည့်ချင်းဆုံသွားကြလေတော့၏။ ဆက်ရှိန် ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကိုယ်တွေကပဲ ဆက်ရှိန် ရိုးမြေအပေါ် သနားပြီး သံယောဇဉ် ပိုအောင်လုပ်နေမိသလိုပါလား။ ပြောပုံက . . . ကိုယ်တွေက မိန်းမကြမ်းကြီးတွေ ဖြစ်နေတာလေ။ ဆက်ရှိန် ပြောတာ တကယ်ပဲလား။ အရေးကြီးတာက ဆက်ရှိန်နဲ့ရိုးမြေ မပတ် သက်ဖို့ဆိုတော့ . . .

"အန်တီ"

"ဟင်"

"လှိုင်တို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်ရမလဲ။ သူပြောတဲ့အတိုင်းဆို အန်တီတို့ ဖျှားဟာ ပြောင်းကြည့်ရမှာပေါ့"

"လှိုင်တစ်ခုစဉ်းစားမိတယ် သိလား အန်တီ"

"ဘာလဲ လှိုင်"

"ရိုးမြေက အရမ်းလှတော့ ရှိုင်းလည်း စိတ်ဝင်စားချင် ဝင်စားနေမှာပဲနော်"

"အင်း . . . ဒါလည်း ဖြစ်နိုင်တာပဲ"

နှစ်ယောက်သား စကားသံတွေ တိတ်ဆိတ်သွားပြီး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြလေတော့သည်။ သူတို့ဖျှားဟာပြောင်းကြည့်ရတော့မှာပဲပေါ့။

❋



## အခန်း (၉)

ရှိုင်း အိပ်ရာပေါ်မှာ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ဂိမ်းဆော့နေတာလေ။ ခါတိုင်းဆို အားရင် ဆက်ရှိန်တို့အိမ်သွားနေတတ်ပေမယ့် အခုတော့ သွားချင်စိတ်မရှိတာနှင့် မသွားဘဲနေတာပါ။ ဆက်ရှိန် ကိုယ့်အိမ်လာတာကိုပဲ စောင့်နေလိုက်တော့မည်လေ။

သူတို့အိမ်ကိုသွားရင် . . .

လှိုင်နဲ့တွေ့လို့ကတော့ မျက်နှာချင်းဆိုင်တာနဲ့ မတည့်ကြဘူးလေ။ ဆက်ရှိန်အမေက တစ်ခါတလေ ပွည့်ပွည့်။ ဆယ်တန်းအထိတော့ လှိုင်နဲ့ ကျောင်းအတူတူမသွားရတော့တာ ဝမ်းသာလိုက်တာ။ ဆက်ရှိန်နဲ့ ရှိုင်းကတော့ အတူတူပါ။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်နဲ့က ဘယ်တူပါ့မလဲ။

အားအားရှိ စာမကြိုးစားဘဲနဲ့ အခြားကိစ္စတွေပဲ ပြိုင်ဖို့ဆိုင်ဖို့ ကြိုးစားနေတာလေ။ ဒါကြောင့် ကိုယ်တွေလောက် အမှတ်မကောင်းတာပေါ့။

"ဒေါက် ဒေါက်"

"ရှိုင်း"

"ဒေါက် ဒေါက်"

"ရှိုင်း"

ဝင့်ဝါခိုင် ခေါ်မရတာနှင့် တံခါးကို တွန်းဖွင့်ကြည့်လိုက်တော့ ပွင့်သွားတာနှင့် ရှိုင်း အခန်းထဲသို့ ဝင်လာခဲ့ကာ . . .

"မောင်လေး ရှိုင်း"

"ဟင်"

"ခေါ်မကြား အော်မကြားနဲ့ ပေးစမ်း . . . အဲဒီဖုန်း"

ဝင့်ဝါခိုင် ပြောပြောဆိုဆိုနှင့် ရှိုင်းလက်ထဲကဖုန်းကို ယူပြီး ပိတ်ပစ်လိုက်လေလျှင် . . .

"ဟာ . . . မမကလည်း ဘာလုပ်တာလဲ။ သူများကစားနေတာကို"

"ကစားမနေနဲ့၊ မေမေ ခေါ်ခိုင်းလို့ နင့်ကို ငါ လာခေါ်တာ"





"ဟင် . . . မေမေက ဘာလို့ ကျွန်တော့်ကို ခေါ်ခိုင်းတာလဲ"

"အောက်မှာ ဆက်ရှိန်မေမေနဲ့ လှိုင်ရောက်နေတယ်။ နင့်ကို မေးစရာရှိလို့တဲ့။ အဲဒါကြောင့် မေမေက ခေါ်ခိုင်းတာ၊ သွားလိုက်ဦး"

ရှိုင်း မျက်မှောင်လေးကြုတ်သွားလေသည်။ ဘာလာရှုပ်ကြပြန်ပါလိမ့်။ လှိုင်က ခဏခဏလာတတ်ပေမယ့် အန့်တီထက်က အကြောင်းမရှိဘဲ ကိုယ့်အိမ်ကို အလည်အပတ်လာတတ်သူမှ မဟုတ်ပဲလေ။ ဘာမေးစရာရှိလို့ပါလိမ့်။

"ကျွတ် . . . ဘာတွေမေးဦးမယ်မသိပါဘူး။ အလုပ်မရှိ ဟိုဒင်းသန်းရှာတယ်ဆိုတာ အဲဒီလူတွေပဲ"

"ဟဲ့ . . . ရှိုင်း ပြောပုံက ကြည့်စမ်း။ ကိုယ့်အစ်မရှေ့မှာ အဲဒီစကားမျိုး နင်ပြောစရာလား"

"မသိဘူးဗျာ၊ မကျေနပ်ရင်တော့ပြောမှာပဲ"

"နင်က ဘာကိုမကျေမနပ်ဖြစ်နေတာလဲ။ ဟိုကကြားသွားမှ ဒုက္ခ"

"သူများ ဂိမ်းဆော့နေတာကို ဖျက်လိုဖျက်ဆီးလုပ်လို့ မကျေနပ်တာ၊ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရှိုင်း ထသွားလေတော့သည်။ လှိုင်နဲ့အန်တီထက်တွဲလာပြီး မေးစရာရှိလို့ လာတယ်ဆိုတော့ ဘယ်ပြဿနာကို မီးခွက်ထွန်းပြီး ရှာလာပြန်ပြီမသိပါဘူး။ ရှိုင်း ဧည့်ခန်းထဲကိုရောက်တော့–

"ဟော. . . . သားလာပြီ၊ လာ ထိုင် သား"

ရှိုင်း မေမေ့ဘေးမှာ ဝင်ထိုင်လိုက်သည်တွင် . . .

"သား"

"ဗျာ"

"ဒီမှာ ထက်က သားကို မေးစရာရှိလို့တဲ့"

"ဟုတ်ကဲ့ မေးပါ"

လှိုင့်မျက်နှာကိုကြည့်လိုက်တော့ မျက်နှာက ခပ်တည်တည်ပါ။ သူ ပြုံးပြလည်း ရှိုင်းက ရင်ခုန်မယ့်ကောင်မှမဟုတ်တာ တင်းစမ်းပါစေ။

"ရှိုင်း"

". . . . . . . . . . . . ."

"ရိုးမြေအတွက် အဝတ်တွေ ဝယ်လာပေးတာ မင်းဆိုး အဲဒါ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီကိစ္စ အန်တီတို့အတွက် ပြဿနာကြီးထွားသွားလို့လား"





"သား"

ဒေါ်မေဝါခိုင်က သားဖြစ်သူစကားပြောလွန်မှာစိုးလို့ တားလိုက်ခြင်းပါ။ မေးတဲ့သူကမေးတော့ ဖြေတဲ့သူကလည်း ဒက်ခနဲ ပြန်ဖြေတာ မဆန်းပေမယ့် လူကြီးကို လေသံမာနဲ့ပြောတာတော့ သူမ မကြိုက်ပေ။ သားလေသံက နည်းနည်းများ မာနေသလားလို့လေ။ ဒီလူ ဒီလူတွေက မကောင်းရာမကောင်းကြောင်း ရှိနေကြတော့ ဘာမဟုတ်တာလေးနဲ့ အမြင်လွဲကုန်မှာစိုးလို့ပါ။

"မင်းဝယ်ပေးတာဆိုရင် ဘာပြဿနာမှမရှိပါဘူး။ ဆက်ရှိန်ဝယ်ပေးတာဆိုရင် ပြဿနာက ကြီးထွားမှာအမှန်ပဲ"

"အခုရော ရိုးမြေကို ဘာတွေပြောပြီးပြီလဲ"

"အဲဒါ နင် သိစရာမလိုဘူး ရှိုင်း"

"လှိုင်"

"လှိုင် သမီးဝင်မပြောနဲ့"

ဆက်ရှိန်ပေးတယ်ဆိုရင် ပြဿနာက ကြီးသွားမယ်ဆိုတော့ ရှိုင်းပေးတာဆိုရင် သူတို့ ကျေနပ်ပီတိဖြစ်သွားရောတဲ့လား။ တကယ် အဲဒီအဝတ်တွေကို ဆက်ရှိန်နဲ့ရှိုင်း နှစ်ယောက်အတူတူ ပိုက်ဆံကိုခွဲတူ ဖိုးမျှပေးပြီး ဝယ်လာခဲ့ကြတာပါ။ ဆက်ရှိန်လည်းပါတယ်ဆိုရင်ကော . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ဆက်ရှိန် မဟုတ်ရင်ပြီးတာပါပဲ။ ဒါပေမဲ့ ရှိုင်းကို အန်တီတစ်ခုတော့ ပြောချင်တယ်"

"ပြောပါ အန်တီ"

"သားနဲ့လှိုင်ကို အန်တီတို့ သဘောတူထားကြတာကို ရှိုင်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

ခပ်မိန့်မိန့်ပုံစံရှိနေတဲ့ လှိုင့်ကိုကြည့်ပြီး ရှိုင်းရင်ထဲမှာ အူတွေ ပင် ချဉ်တက်လာတယ်ထင်ပါရဲ့။ သဘောတူထားတာ လက်ထပ်ပြီး တာမှ မဟုတ်ပဲလေ။ ဒါကို အပိုင်တွက်ပြီး မာန်တက်နေသလား မသိပါဘူး။ မျက်နှာကြောက တင်းနေလိုက်တာ။ ရှိုင်းကရော ဂရုစိုက် မှာတဲ့လား။

"သိတယ်ဆိုရင် မင်း ဆက်ရှိန်အပေါ်မှာ သူငယ်ချင်းကောင်း ပီသပါစေ၊ အန်တီ ဒါပဲပြောချင်"

". . . . . . . . . ."

"လာ သမီး အန်တီတို့ပြန်ကြရအောင်"

သူမပြောချင်တာပြောပြီးတာနှင့် ဒေါ်ထက်ရှိန်ဝါ မတော်င သေးတဲ့ချွေးမလက်ကိုဆွဲပြီး ထွက်သွားလေတော့သည်။ ရှိုင်း မဲ့ပြုံးပြုံး လိုက်မိ၏။ သူတို့ထင်သလောက် လွယ်မယ်ထင်လို့လား။ ဆက်ရှိန်နဲ့





ှိုင်းဆိုတာ တစ်ယောက်အကြောင်းကို တစ်ယောက်မိဘတွေထက် ိသိကြသည်လေ။

လှိုင်ကို . . .

ဆက်ရှိန်ရော ရှိုင်းရော သိပ်ကြည့်လို့ရကြတာ မဟုတ်ပေ။ ာနက လူထက်ပိုကြီးနေလို့လေ။

"သား"

"ဗျာ"

"သား တကယ်ပဲ ရိုးမြေကို အဝတ်တွေ ဝယ်ပေးတာလား"

"ဟုတ်တယ် မေမေ၊ ရိုးမြေက တက္ကသိုလ်ကျောင်းသူဖြစ် နေပြီလေ။ သူမှာ အဝတ်အစားကောင်းကောင်းမရှိဘူး။ အဲဒါကြောင့် ါ မေမေက မကြိုက်လို့လား"

"မကြိုက်လို့မဟုတ်ပါဘူး သားရယ်။ မေမေက သိချင်လို့ းကြည့်ရုံသက်သက်ပါ။ မေမေလည်း ရိုးမြေကို အရမ်းသနားတာပဲ။ ူညီချင်ပေမယ့် ထက်က မကြိုက်တူးဆိုတာ သားလည်း သိပါတယ်"

ရှိုင်း ပြုံးလိုက်မိသည်။ မေမေ့စိတ်ကို သိချင်လို့ အဝတ်ဝယ် ာ ဆက်ရှိန်ပိုက်ဆံလည်းပါကြောင်း ထည့်မပြောတာလေ။ အခု မေ့ရဲ့အဖြေက ကျေနပ်စရာပါပဲ။ တကယ်တော့ ရှိုင်းလည်းသိတာ ါ မေမေက အန်တီထက်နဲ့ အန်တီလှိုင်ထိပ်ထားလို အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားပြီး မာနကြီးတဲ့သူမှ မဟုတ်တာ။

နူးညံ့သည်။

အေးချမ်းသည်။

လူတစ်ဖက်သားကို သနားတတ်သည်လေ။ သားသမီးတွေ အပေါ်မှာလည်း နားလည်မှုတွေနှင့် ဆက်ဆံတတ်သူပါ။

"မေမေ့စိတ်ကို သားသိပါတယ်။ အဲဒါကြောင့် မေမေ့ကို သား အမှန်အတိုင်း ပြောပြပါ့မယ်"

"အင်း ... ပြောလေ"

ပြောလေဆိုပြီး ဒေါ်မေဝါခိုင် တွေခနဲဖြစ်ပြီး တွေးမိသွား သည်မှာ သားက ရိုးမြေကိုများ ချစ်နေသလားပေါ့။ အဲဒီလိုပြောလာ ရင်လည်း သူမ ကန့်ကွက်မှာမဟုတ်ပေ။ ဘာဖြစ်လို့လဲဆို ရိုးမြေက ရိုးသားဖြူစင်တဲ့ မိန်းကလေးပဲလေ။ သူမတို့မှာက ပြည့်စုံပြီးသား ဆိုတော့ ...

ဂုဏ်တွေ ငွေတွေထက် ...

အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်မည့်သူနှင့်သာ သားကို လက်ထပ်ပေးချင်ပါသည်။ ပစ္စည်းဥစ္စာချမ်းသာပြီး စိတ်ဆင်း နေရရင် အိမ်ထောင်ရေးသုခကို ဘယ်လိုလုပ်ပြီး ခံစားရမှာတဲ့လဲ။ ဒါကြောင့် ရိုးမြေနဲ့ဆိုလည်း သူမ လက်ခံနိုင်ပါသည်။





"ဟိုလေ တကယ်တော့ ရိုးမြေအတွက် အဝတ်တွေ ဝယ် ပေးတာ သားတစ်ယောက်တည်းမဟုတ်ဘူး မေမေရဲ့။ ဆက်ရှိန်လည်း ပါတယ်"

"ဟင်"

မေမေ့ပုံစံက အံ့ဩသွားဟန်ရှိတာမို့ ...

"မေမေ့ပုံစံက တစ်ခုခုကို အံ့ဩသွားသလိုပဲ။ ဘာဖြစ်လို့လဲ မေမေ"

ဒေါ်မေဝါခိုင် ပြုံးလိုက်ပြီး ...

"မေမေက တစ်မျိုးထင်လိုက်တာ သားရဲ့။ သားက မေမေ့ ကို အမှန်အတိုင်း ပြောပြမယ်ဆိုတော့လေ"

"ဟင် ... မေမေက ဘယ်လိုထင်လိုက်တာလဲ"

"ဘယ်လိုထင်ရမှာလဲ၊ သား ရိုးမြေကို ချစ်နေတယ်လို့ ထင်လိုက်တာပေါ့"

"ဟား"

ရှိုင်း ရယ်ပြီး ဆံပင်တွေကိုလည်း လက်နှင့်ထိုးမွလိုက်ကာ ...အကိုမှီချလိုက်လေတော့သည်။ ရှိုင်းရဲ့မေမေက သားသမီးကို အဲဒီ ... သူငယ်ချင်းပေါင်း ပေါင်းပြီး ရင်းရင်းနှီးနှီး ဆက်ဆံတတ်သူပါ။ ...ဘာခိုပြီး အာဏာပေးချုပ်ချယ်တာမျိုး မလုပ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေကတော့ဗျာ"

"မေမေထင်သလို မဟုတ်ဘူးပေါ့ ဟုတ်လား သား"

"မေမေက ဟုတ်စေချင်လို့လား။ မဟုတ်စေချင်လို့လား အဲဒါ အရင်ပြောလေ"

"ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မေမေက ပြဿနာ မရှိပါဘူး သားရဲ့။ မေမေက သားကို စိတ်ချမ်းသာစေချင်တာပါ သားရဲ့ဖေဖေကလည်း မေမေပြီးရင် ပြီးတာပဲဥစ္စာ။ ဆင်းရဲတာ ချမ်းသာတာထား မေမေ မလိုချင်တဲ့ ချွေးမမျိုးကတော့"

"ဘယ်လိုပုံစံမျိုးလဲ"

"လျှပ်ပေါ်လော်လီနေတဲ့ မိန်းမမျိုးနဲ့ မာနကြီးပြီး ခပ်ရှုပ်ရှုပ် နေတတ်တဲ့ မိန်းမမျိုးပဲ"

ရှိုင်း ကျေနပ်လိုက်တာ။ မေမေပြောတဲ့မိန်းမမျိုးကို သူလည်း သဘောကျမှာမှ မဟုတ်ဘဲလေ။ မေမေ့ဆန္ဒမှန်ကို သိရတော့ မှ ဆုံးဖြတ်ရလွယ်သွားတာပေါ့။

❋



## အခန်း (၁၀)

"ဘယ်လို ဒေါ်မိုး"

ဒေါ်မိုးပြောတာကို ဆက်ရှိန် မကြားလို့ မဟုတ်ပါဘူး။ သေချာအောင် ထပ်မေးလိုက်တာပါ။

"ဟုတ်တယ် ကိုဆက်။ ရိုးမြေက ဘယ်သူထားသွားမှန်း မသိတဲ့ အဝတ်တွေကို ဒေါ်မိုးဆီလာပြတာလေ။ သူ မလိုချင်ဘူးတဲ့။ အဲဒီအချိန်မှာ မမနဲ့လှိုင် ရောက်လာပြီး ပြဿနာဖြစ်တော့တာပဲ"

"..............."

"ဒေါ်မိုးပြောပြတာ ကိုဆက်ကို သိထားသင့်တယ်ထင်လို့ ။ မိသားစုကြားမှာ သွေးခွဲစကားပြောတာမဟုတ်ဘူးနော် ကိုဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ်။ အဲဒါနဲ့ ဘာတွေပြောပြီး ဘာတွေဖြစ်ကြသေးလဲ ဒေါ်မိုး"

"ရှိုးမြေကို ပြောလိုက်ကြတာ စုံနေတာပါပဲကွယ်။ ပြီးတော့"

ဒေါ်မိုး စကားကို ရပ်တန့်ထားလိုက်မိတော့၏။ ဆက်ပြောကောင်းမလား မပြောရကောင်းမလား စဉ်းစားနေမိတာပါ။ ပြောလိုက်လို့ ကိုဆက်က သောင်းကျန်းရင်ဒုက္ခ။ မပြောပြန်ရင်လည်း ဒီလိုပြဿနာတွေက ခဏခဏ ကြုံနေရမှာ အသေအချာပါလေ။ အိုမထူးပါဘူး။ ပြောလိုက်တာပဲကောင်းပါတယ်။

မဟုတ်ရင် . . .

ရှိုးမြေခမျာ ဒီလိုပဲ ဘုမသိ ဘမသိနဲ့ ခံနေရဦးမှာ။ ကိုဆက်သိသွားတော့ သူလည်း ဆင်ခြင်သင့်တာ ဆင်ခြင်လိမ့်မယ်ပေါ့။

"ပြီးတော့ . . . ဘာဖြစ်လဲ ဒေါ်မိုး"

"ပြီးတော့ မမက ရှိုးမြေပါးကို ဘယ်ပြန် ညာပြန် ရိုက်တယ်လေ"

"ဗျာ"

"ဒေါ်မိုး ရှိုးမြေကို သနားလိုက်တာကွယ်"

"တောက်"

ဆက်ရှိန် ရင်ထဲမှာပူလောင်မှုတွေ ပြင်းပြသွားလေတော့





သည်။ မေမေက ရှိုးမြေအပေါ်မှာ အဲဒီလောက်တောင် ရက်စက်သတဲ့လား။ ရှိုးမြေက ငယ်ငယ်ကတည်းက ကြောက်ခဲ့တဲ့ငယ်ကြောက်ဖြစ်နေတော့ ဒီအဖြစ်ဟာ ဆန်းတော့မဆန်းပါဘူး။ ဒီလိုအဖြစ်တွေ ခဏခဏလည်းရှိနေခဲ့တာပဲလေ။

ဒါပေမဲ့ . . .

ဆက်ရှိန်က နောက်ထပ်မရှိစေချင်တော့တာပါ။ ဒီလို ဆင်းရဲဒုက္ခတွင်းထဲကနေ သူ့ ရှိုးမြေကို ဘယ်လိုကယ်ထုတ်ရပါ့မလဲ။

"ကိုဆက်"

". . . . . . . . . . . . . . ."

"ကိုဆက်"

ဒေါ်မိုးခေါ်တာကို ဆက်ရှိန် လုံးဝလှည့်မကြည့်တော့ပေ။ သူ့ခြေထောက်တွေက တန်းလျားဆောင်သို့ တလွှားလွှားသွားနေသည်လေ။

ရှိုးမြေ . . . တစ်ယောက်တည်းသာ ငုတ်တုတ်လေးထိုင်နေပြီး လှပတဲ့ ကိုယ့်ဘဝအကြောင်းကိုတွေးမိရင်း မျက်ရည်တွေကျနေသည်သာ။ တကယ်တော့ မိဘဆိုတာ အသက်ငွေ့ငွေ့လေးပဲကျန်နေပါစေ သားသမီးတစ်ယောက်အတွက် ကမ္ဘာတစ်ခု အကာအရံတစ်ခုပါ။ အခု ရှိုးမြေမှာကား မိဘမရှိဘူးလေ။ ဘကြီးကိုပဲ အားကိုးနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးက ရှိုးမြေရဲ့မိဘပါပဲ။

ဒါကြောင့် ဘကြီးကသေဆိုရင်တောင် ရှိုးမြေက သေမေး မယ့်သူမို့ ရှိုးမြေ ဒီအိမ်မှာ သည်းခံပြီးနေတာပါ။ တစ်ခါတလေ ဒီ အိမ်ကြီးရဲ့ ဒီမိသားစုနဲ့ ဝေးရာကိုထွက်သွားချင်လိုက်တာ။ ဘကြီးက သည်းခံပါကလေးရယ် အခု ခံစားနေရတဲ့အခါတွေ ကုန်သွားရင် မင်းဘဝလေး ချိုမြိန်လှပလာမှာပါတဲ့။

ရှိုးမြေ ကျောင်းမပြီးသေးလို့ ဘကြီးလည်း သည်းခံနေ တာပါတဲ့လေ။ ဒေါ်ထက်ရှိန်ဝါက ရှိုးမြေအပေါ်မှာမကောင်းပေမယ့် ဦးဘုန်းဆက်ကတော့ ရှိုးမြေရဲ့ကျောင်းစရိတ်အတွက် ပံ့ပိုးနေသူဆို တော့ အဲဒီကျေးဇူးတရားကြောင့် ဒီအိမ်ကနေ ထွက်မသွားနိုင်ကြတာ ဆိုရင် မမှားပါဘူး။ ခါးစမ်းပါစေ ဘဝကြီးရယ်။

နင်ကပဲ ခါးနိုင်မလား၊ ရှိုးမြေကပဲ တောင့်ခံနိုင်မလားဆို တာ။

"ရှိုးမြေ"

"..........."

"ရှိုးမြေ"

"အင် . . . ဟင်"

ရှိုးမြေ ကမန်းကတမ်းမော့ကြည့်ပြီး မျက်ရည်တွေကို သုတ်





ခ်လိုက်သည်။ ဆက်ရှိန်က ရှိုးမြေပါးပြင်နှစ်ဖက်ကို စူးစူးစိုက်စိုက် ကြည့်ပြီး ရှိုးမြေဘေးတွင် ဝင်ထိုင်လေလျှင် . . .

"ကိုကို ကိုကို ဒီကိုဘာလာလုပ်တာလဲ၊ ကိုကို မလာပါနဲ့။ နှိုးမြေဆီကို ကိုကိုမလာပါနဲ့"

"ရှိုးမြေ"

"ကိုကိုပြန်ပါနော်၊ ရှိုးမြေဆီကို နောက်ထပ် ဘယ်တော့မှ မလာပါနဲ့"

တောင်းတောင်းပန်ပန်နဲ့ ပြောနေရှာတဲ့ ရှိုးမြေကိုကြည့်ပြီး ဆက်ရှိန် သနားလိုက်တာ မပြောပါနဲ့တော့။ ရှိုးမြေကို သူ ဒီဘဝထဲက နေ ဆွဲထုတ်ချင်ပါပြီ။ ဘယ်လိုလုပ်မလဲ၊ မေမေတို့က မပတ်သက်ပါနဲ့ သို့ တားဆီးသမျှ ကိုယ့်အတွက် ရှေ့တိုးဖို့ချည်း ဖြစ်လာနေတာကို ဘာလို့ ကင်ပွန်းတပ်ရမလဲ။

ရှိုးမြေကို သူ ဥပေက္ခာပြုမထားနိုင်ပါဘူး။ အားငယ်နေရှာတဲ့ သူ့ဘဝလေးမှာ အားပေးဖော်ဆိုတာ လိုကိုလိုအပ်နေတာမို့ ကိုယ်သာ အားပေးနေချင်ခဲ့တာ အပြစ်လား။

"ငါ့ရဲ့စေတနာတွေက နင့်အတွက် ဝေဒနာတွေချည်းပဲ ဖြစ်နေတော့တာပဲ။ ငါလည်း နင့်အတွက် ဘာလုပ်ပေးရမှန်းကို မသိ တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလုပ်မပေးပါနဲ့။ ကိုကို ရိုးမြေကို သနားတယ်ဆိုရင် ရိုးမြေနဲ့ မပတ်သက်မိအောင် နေပေးပါ။ ရိုးမြေကို ဂရုမစိုက်ပါနဲ့။ ဖြစ်နိုင်ရင် လုံးဝအခေါ်အပြောတောင် မလုပ်ပါနဲ့"

"ရိုးမြေ"

ဆက်ရှိန်က ရိုးမြေပခုံးနှစ်ဖက်ကို ကိုင်လိုက်စဉ် ရိုးမြေက ဖယ်ချလေ၏။

"ငါ အဲဒီလိုမျိုး မနေနိုင်ဘူး ရိုးမြေ"

"ဘာလို့မနေနိုင်ရမှာလဲ။ ကိုကို နေနိုင်အောင် နေရမယ်။ တကယ်ဆို ရိုးမြေနဲ့ကိုကိုက အလုပ်ရှင်နဲ့အလုပ်သမား။ သူဌေးနဲ့ ကျွန်"

"ရိုးမြေ"

အဲဒီစကားမျိုးပြောတာ ဆက်ရှိန် မကြိုက်ဆုံးပါပဲ။ ဒါကြောင့် အော်လိုက်မိသည်သာ။

"ဟုတ်တယ်၊ ကိုကိုနဲ့ရိုးမြေက ဘာမှ သွေးမတော် သားမစပ်တဲ့သူစိမ်းတွေပါ။ ကိုကိုနေသာသလိုနေလိုက်စမ်းပါ။ ကိုကိုပြောသလိုပဲ ကိုကိုက စေတနာထားလေလေ ရိုးမြေအတွက်က ဝေဒနာတိုးလေလေပဲ။ အဲဒါကြောင့် ကိုကို ရိုးမြေနဲ့ လုံးဝမပတ်သက်ပါနဲ့"

ပြောရင်း ရိုးမြေ ပါးပြင်ပေါ်သို့ မျက်ရည်တွေကျလာပြန်





သည်။ ဆက်ရှိန် ထိုမျက်ရည်တွေကို မမြင်ရက်စွာ သုတ်ပေးလိုက်မိတော့ . . .

"အ"

"ဟင်"

ပါးပြင်ဆီမှ နာကျင်မှုကြောင့် ရိုးမြေ ဆက်ရှိန်လက်ကို ဆုပ်ကိုင်ပြီး ဖယ်ပစ်လိုက်မိစဉ် . . .

"ရိုးမြေ"

". . . . . . . . . . . . . ."

"တော်တော်နာနေလားဟင်"

ရိုးမြေကိုယ့်တာသာပဲ မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး . .

"ကိုကို ရိုးမြေနဲ့ထပ်ပြီးပတ်သက်နေရင် ရိုးမြေ ဒီထက်ပိုပြီး နာကျင်နေရဦးမှာပါ"

ပြောပြီး ရိုးမြေ သူ့ရှေ့ကနေ ထသွားလေတော့သည်။ စေတနာတစ်ပွေ့တစ်ပိုက်ကနေ ဝေဒနာအငွေ့အသက်တွေ ဖြစ်သွားတာအတွက် ကိုကို တောင်းပန်ပါတယ် ရိုးမြေရယ်။ နောက် ဒီလို ဖြစ်စေရပါဘူးလို့ ကတိပေးချင်ပေမယ့် သံယောဇဉ်က အဲဒီစကားကို ပြောဖို့ လက်မခံသေးဘူး ရိုးမြေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆက်ရှိန်နဲ့ရှိုင်း ခေါင်းချင်းဆိုင်ပြီးပြောနေကြတာသည် ရိုးမြေ့ရဲ့အကြောင်းတွေသာ။ ရိုးမြေ့နဲ့ပတ်သက်ပြီး သူတို့စေတနာနဲ့ လုပ်ပေးသမျှ အဲဒီစေတနာတွေက အရာမထင်ခဲ့ဘူးလေ။ ရိုးမြေ့အတွက်က နာကျင်မှုတွေကို အပ်တစ်ချောင်းနဲ့ ခဏခဏထိုးပြီးဆွပေးသလိုပဲ ဖြစ်နေခဲ့တာ။ အဲဒီအတွက် . . .

သူတို့ ဘယ်လိုစိတ်ကောင်းနိုင်ပါ့မလဲ။

"မင်းအမေနဲ့ လှိုင် ငါ့ဆီရောက်လာပြီးမေးတော့ ငါဝယ်ပေးတာလို့ပဲ ငါဖြေလိုက်တယ်။ အဲဒါကြောင့် . . . ရိုးမြေ့ကို ပြဿနာမရှာလောက်တော့ဘူးလို့ ငါထင်တာ၊ ခုတော့ကွာ . . . ကျွတ်"





"မင်းဆီကိုလာတာက ပြဿနာဖြစ်ပြီးမှ ထင်ပါတယ်။ ငါလည်း မသိလိုက်ဘူးကွာ"

"သူ တော်တော်နာသွားမှာပဲ"

"အေးကွာ . . . ငါလည်း ဘယ်လိုလုပ်ပေးရမှန်းမသိတော့ဘူး"

"မင်း ဘာမှလုပ်ပေးမနေနဲ့တော့ ဆက်ရှိန်။ လုပ်စရာရှိ ငါပဲ လုပ်ပေးတော့မယ်။ မင်း ရိုးမြေ့နဲ့ ကင်းကင်းရှင်းရှင်းသာနေတော့"

"ဘာကွ"

အဲဒီလိုကျတော့ ဆက်ရှိန် လက်မခံနိုင်ပေ။ ကိုယ်မှမပါရင် ရိုးမြေ့ကို ရှိုင်းတစ်ယောက်တည်း ကူညီစရာမလိုပါဘူး။ ဖြစ်တည်သွားတဲ့စိတ်က မနာလိုတာလား၊ သဝန်တိုတာလားတော့မသိပေ။

"မင်း အဲဒီလိုလုပ်လို့တော့ ဖြစ်မလားကွ"

"ဟ . . . ဘာလို့မဖြစ်ရမှာလဲ။ ငါ့အိမ်က ငါ့အပေါ် နားလည်မှု ရှိတယ်လေ။ ဘာပြဿနာမှမရှိဘူး။ မင်းမှာသာ တစ်ခါဆို ဆိုသလောက် မင်းအမေက ပြဿနာပေါင်းစုံကို လျှပ်စစ်မီးထွန်းပြီးရှာနေတာ"

"မီးခွက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မီးခွက်မီးကမှ သေသေးတယ်။ လျှပ်စစ်မီးက နှစ်ဆယ့်လေးနာရီ အော်တိုလင်းနေတာ။ မင်းအမေကလည်း အဲဒီအတိုင်းပဲ"

"အဲဒါလည်း မီးပျက်တဲ့အခါ ရှိပါတယ်ကွာ"

"မင်းကပ်မပြောနဲ့ ဟော့ကောင်"

စကားအကောင်းပြောရင်း ဖောက်လာကြပြီလေ။ သူတို့နှစ်ယောက်ဆုံပြီဆို တစ်ခါတလေ ဘာရယ်မဟုတ်ဘဲ ဒီလိုစကားနိုင်လုတတ်ကြသည်သာ။ ဒါပေမဲ့ တစ်ယောက်စောင်းရင် တစ်ယောက်က လျှော့ပေးလို့ ရန်ဖြစ်တယ်၊ စကားများတယ်ဆိုတာ မရှိပေ။

"ငါ့မေမေက ပြောတယ်ကွ"

"ဘာတဲ့ . . . မင်းကို မိန်းမပေးစားဖို့လား"

"သေလိုက်ပါလား။ ငါက မိဘပေးစားတာ ထိုင်စောင့်ပြီး ယူမယ့်ကောင် မဟုတ်ဘူးကွ။ ကိုယ်ချစ်တဲ့မိန်းကလေးကိုပဲယူမှာ မင်းသာ"

"ငါကရော ယူမယ်ထင်လို့လား"

"ဟင်"

"မိဘပေးစားတာကိုလေ"

"ဒါဆို လှိုင့်ကိုမယူဘူးလား"





ဆက်ရှိန် နှုတ်ခမ်းကိုမဲ့ပစ်ပြီး . . .

"လုံးဝနီးပဲ"

"တကယ်"

"အကယ်တစ်ထောင်ကွာ"

"လှိုင်ကတော့ မင်းကို အပိုင်တွက်နေတာနော် ဟော့ကောင်၊ ငြင်းမယ်ဆို စောစောစီးစီးငြင်းတာမဟုတ်ဘူး"

"နေပါစေ လွှတ်ထားလိုက်။ အခုငြင်းရင် ဘာဖြစ်သွားမလဲ င်းမသိဘူးလား"

"ပြောကြည့်ပါဦး"

"ရှီးမြေကိုပဲ ပြဿနာရှာကြဦးမှာလေ။ အဲဒါကြောင့် အခုဆာလောဆယ်တော့ သူတို့ စိတ်ချမ်းသာပါစေ"

ရှိုင်း ဆက်ရှိန်ကို တွေတွေငေးငေးလေး ကြည့်လိုက်မိသည်။ ဆင်တော့ထင်သားပဲ ဒီကောင်က လှိုင့်ကိုကြည့်လို့မှ မရတာလေ။ နှိုင်းတွေးတော့ တွေးမိပါတယ်။ လှိုင်နဲ့ ဒီကောင် လက်ထပ်ဖြစ်ရင် အဆင်ပြေပါ့မလားလို့ပေါ့။ အခုတော့ ဆက်ရှိန်ဆန္ဒကို ပွင့်ပွင့်လင်းသင်း သိလိုက်ရပါပြီ။

"အဲဒါထားပါ . . . စောစောက စကားကို ဆက်ပါဦး"

"ဟင် . . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မင်းမေမေပြောတဲ့စကားလေ”

“ဩော်”

ဩော် . . . ဆိုပြီး ရှိုင်းမျက်နှာကို လက်ဝါးနှင့်ပွတ်လိုက်ကာ

“မေမေက ရိုးမြေကို အရမ်းသနားတာပဲတဲ့။ ကူညီချင်ပေမယ့် အန်တီထက်က မကြိုက်မှာစိုးလို့တဲ့လေ”

“ဒါပဲလား”

“ငါ့ကို မေးသေးတယ်ကွ၊ သား ရိုးမြေကို ချစ်နေသလားလို့တဲ့”

“ဟင်”

ရှိုင်းစကားကြောင့် ဆက်ရှိန် စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားလေသည်။ သူ အဲဒီလိုတစ်ခါမှ မတွေးမိပါဘူး။ တကယ်ဆို တွေးကြည့်ရမှာပါ။ ရှိုင်း-ရိုးမြေကိုချစ်နေသလားလို့လေ။ ရိုးမြေက အရမ်းလှတော့ ဖြစ်နိုင်တာပဲဥစ္စာ။ အချစ်မှာ မျက်စိမရှိဘူး။ အဆင့်အတန်းတွေ ဂုဏ်ပကာသနတွေမလိုဘူးတဲ့။

ဒါကို ဆက်ရှိန် ဘာကြောင့်မတွေးခဲ့မိပါလိမ့်။

အရွယ်ရောက်နေတဲ့ မိန်းကလေးနဲ့ယောက်ျားလေး ချစ်ပိုင်ခွင့် ရှိနေတာပဲလေ။

“အဲဒီတော့ မင်း ဘယ်လိုပြန်ဖြေလိုက်လဲ ရှိုင်း”





“မေမေက ဟုတ်စေချင်တာလား မဟုတ်စေချင်တာလားလို့ ပြန်မေးလိုက်တယ်။ အဲဒီတော့ မေမေက ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မေမေက ပြဿနာမရှိပါဘူး။ သားကိုပဲ စိတ်ချမ်းသာစေချင်တာပါတဲ့”

တော်လိုက် နားလည်မှုရှိလိုက်တဲ့ အမေပါလား။ ကိုယ့်အမေသာ အဲဒီလိုစိတ်မျိုးမွေးရင် ဘယ်လောက်ကောင်းလိုက်ပါမလဲ။ အခုတော့ မေမေက ဆက်ရှိန်ဆန္ဒထက် သူ့ဆန္ဒကိုသာ ဦးစားပေးနေသူပါ။ အဆင့်အတန်းကလည်း ခွဲခြားပါဘိ။ ဆက်ရှိန် ရှိုင်းဘဝကို အားကျလိုက်တာ။

“ရှိုင်း”

“ဟင်”

“မင်း မေမေမေးသလိုပဲ ငါလည်း မင်းကို မေးချင်တယ်။ မင်း ရိုးမြေကို ချစ်နေတာလား”

ရှိုင်းနှုတ်ခမ်းက ပြုံးနေလျက်မှ . . .

“မင်းက ဘယ်လိုထင်လို့လဲ”

ဆက်ရှိန် မျက်လုံးကိုကြည့်ပြီးပြန်မေးတော့ ဆက်ရှိန်က ဖြေပေ။ ဆက်ရှိန်က မတွေးခဲ့ဖူးပေမယ့် ရှိုင်းက တွေးခဲ့ဖူးသည်လေ။ ရိုးမြေနဲ့ပတ်သက်ပြီး ဆက်ရှိန် ဘယ်တုန်းကမှ မိခင်ကို ပြန်လှန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုလေ့မရှိတာကနေ ပြောတတ်လာတာ။ တစ်နေ့တစ်နေ့ ရိုးမြေ
အကြောင်းပြောပြီး ဘာလုပ်ပေးသင့်လဲပြောတာတွေ။

သူ့ရော ရိုးမြေကို ချစ်နေသလားလို့ ရှိုင်းကတော့ မေးခဲ့
သူပါ။

"ငါ ရိုးမြေကို ငါ့ညီမလေးတစ်ယောက်လိုပဲ ချစ်တာ
သူ့ကို သနားတယ်၊ ကူညီချင်တယ် ဒါပါပဲ"

ယုံလိုက်ရမှာလား ရှိုင်း။

"ပေါ့ကောင်တွေ ရှာလိုက်ရတာကွာ။ မင်းတို့က ဒီမှာ
ပြီး ခေါင်းချင်းဆိုင်နေကြတာကိုး"

အသံကျယ်ကျယ်နှင့်ပြောပြီး ရောက်လာသူက သူတို့ သူ
ချင်း မောင်မောင်ကျော်ပါ။ မောင်မောင်ကျော် ရောက်လာတော့ စာ
စ ပြတ်သွားလေတော့၏။ ခုံတစ်လုံးကိုဆွဲပြီးထိုင်ရင်း မောင်မော
ကျော်က ...

"ရှမ်းခေါက်ဆွဲတစ်ပွဲပေါ့"

စားစရာကို အရင်မှာလေတော့ ...

"ဘယ်နှစ်ရက်တောင် ငတ်ပြတ်လာတယ် မသိဘူး"

"ဗိုက်ဆာလို့ပါကွ"

ပြောပြီး မောင်မောင်ကျော်က သူတို့နှစ်ယောက်မျက်နှာ





တစ်လှည့်စီကြည့်ကာ ...

"ပေါ့ကောင်တွေ မနက်ဖြန် ကျောင်းပိတ်ရက်မှာ ငါ မင်း
တို့ဆီ အလည်လာမှာနော်။ မရောက်ဖူးသေးတဲ့ အိမ်တွေကို ရောက်ဖူး
အောင် လာမှာ၊ ဒါပဲ"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ငါထင်မထားဘူးကွာ၊ မင်းကပြောရင် ပြောတဲ့အတိုင်း တကယ်လာတာပဲ"

"ဘာလဲ . . . မင်းက မလာစေချင်ဘူးလား ဆက်ရှိန်"

"မဟုတ်ပါဘူးကွာ။ ကဲ . . . အပူသောက်မလား အအေး သောက်မလား ပြော"

"ဒီကောင်က အစားအသောက်ဆို ပူပူအေးအေး လက်... တာ မင်းသိရဲ့သားနဲ့ ဆက်ရှိန်ရာ"

ရှိုင်းကပြောတော့ ဆက်ရှိန်က ရယ်ပြီး ထသွားလေ... သည်။ မောင်မောင်ကျော်ကလည်း တက္ကသိုလ်ရောက်မှ ခင်ကြ...





...မယ့် တကယ့်ငယ်ပေါင်းတွေလိုပါ။ ဆက်ရှိန်နဲ့ ရှိုင်းလို ဖြူဖြူချော ...ချော တောင့်တောင့်ဖြောင့်ဖြောင့်မဟုတ်ပေမယ့် ဝဝခန့်ခန့်နဲ့ ခန့်ချော ...တစ်ယောက်ပါပဲ။

ပြီးတော့ . . .

ဆက်ရှိန်တို့လိုပဲ အရှိန်အဝါကြီးမားပြီး မျိုးရိုးစဉ်ဆက် ...ချမ်းသာလာသူတွေပါ။

"ရှိုင်း"

"ဟင်"

"ပြီးရင် ငါ မင်းအိမ်လိုက်မှာနော် ဟေ့ကောင်"

"အေးပါကွာ . . . ငါကလည်း မလိုက်နဲ့လို့ မပြောမိပါဘူး။ ...ဒါနဲ့ . . . ငါ့အိမ်ရောက်ရင် မင်းကို သွားပိုးနင့်အောင် ကျွေးမွေးပြုစု ...တော့လိုက်မှာ"

"ဟာ . . . ဟေ့ကောင် မင်းပြောပုံက ငါကပဲ ဝက်ကြီးကျနေ ...သလိုနဲ့"

"မဟုတ်ဘူးလား"

"ဟုတ်တယ်"

နှစ်ယောက်သား ရယ်ပြီး စနောက်နေကြစဉ်ပဲ အပေါ်ထပ်က ... ဆင်းလာတဲ့ ခြေသံတွေကိုကြားရပြီး မော့ကြည့်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းဆက်သာနဲ့ ဒေါ်ထက်ရှိန်ဝါပါ။ ဦးဘုန်းဆက်က အပြုံးနှင့်သာ

"ညည်သည်ရောက်နေတာလားဟေ့"

"ဟုတ်ကဲ့ အန်ကယ်လ်"

လင်မယားနှစ်ယောက်စလုံး ဝင်ထိုင်လိုက်ကြစဉ်မှာပဲ ဆက်ရှိန်လည်း ပြန်ရောက်လကာ ...

"အတော်ပဲ ... ဖေဖေ မေမေတို့နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဟော့ကောင် မောင်မောင်"

"..............."

"ဒါ ငါ့အဖေကွ၊ နာမည်က ဦးဘုန်းဆက်သာ၊ မေမေ့နာမည်ကတော့ ဒေါ်ထက်ရှိန်ဝါတဲ့ မှတ်ထားနော်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

မောင်မောင်ကျော်က ယဉ်ယဉ်ကျေးကျေးနှင့် ပြန်ပြီး နှုတ်ဆက်လေသည်။

"ဖေဖေ"

"ဟေ"

"သူက သားသူငယ်ချင်း မောင်မောင်ကျော်ပါ ဖေဖေ၊ သူ့မိဘတွေက ဩစတြေးလျမှာလေ။ လောလောဆယ်တော့ အဒေါ် အပျိုကြီးနဲ့ နေတယ်ဆိုလားပဲ"





"တွေ့ရတာ ဝမ်းသာပါတယ် မောင်မောင်ကျော်၊ အန်ကယ်တို့ကို မိသားစုတွေလိုပဲ သဘောထားပါ။ ဒါနဲ့ မောင်မောင်ကျော်ရဲ့ မိဘတွေနာမည်ကရောကွဲ့"

"ဦးထွန်းသက်လွင်နဲ့ဒေါ်ခက်ချိုချိုပါ အန်ကယ်၊ ဒေါ်လေး နာမည်ကတော့ ဒေါ်သက်ပိုပိုပါ"

"ဟင်"

မောင်မောင်ကျော် မိဘတွေနာမည်ကိုကြားလိုက်ရတော့ ဒေါ်ထက်ရှိန်ဝါ ခါးလေးမတ်သွားလေသည်။ တစ်ဦးတစ်ယောက် နာမည်တူနေတာဆိုရင်တော့ နာမည်တူတာလို့ ထင်ရရဲ့၊ အခု မောင်မောင်ကျော်ပြောတဲ့ နာမည်သုံးမျိုးလုံးကို မိသားစုတစ်ခုထဲမှာ ကြားလိုက်ရတော့ နာမည်တူတော့ မဖြစ်နိုင်ပေ။

ဒီနာမည်တွေကို သူမ ရင်းရင်းနှီးနှီးကိုသိခဲ့တာပါ။ ဒါကြောင့်

"ဒါဆို မောင်မောင်ကျော်က ထွန်းသက်လွင်နဲ့ ခက်ချိုချိုရဲ့ သားဆိုတော့ မင်းရဲ့အဒေါ်က သက်ပိုပို၊ ဦးလေးက ထက်ကိုကိုပေါ့ ဆို"

"ဟုတ်ပါတယ် အန်တီ၊ အန်တီနဲ့သိလို့လား"

"သိရုံတင်ဘယ်ကပါ့မလဲ မောင်မောင်ကျော်ရယ်၊ မင်းရဲ့ အမေခက်နဲ့ အန်တီက အချစ်ဆုံးသူငယ်ချင်းတွေပဲလေ"

www.burmeseclassic.com



"ဟုတ်လား ... ဒါဆို ဝမ်းသာစရာပေါ့ အန်တီ"

"အေးကွယ် ... မင်းက သားနဲ့သူငယ်ချင်းဆိုတော့ ခက်နဲ့ အန်တီ ပြန်ဆုံကြဖို့ ကံကြမ္မာက ဖန်တီးပေးတယ်ထင်ပါရဲ့။ မဟုတ်ရင် အဆက်အသွယ် ပြတ်သွားကြတာကြာပြီလေ။ ခက် အိမ်ထောင်ကျပြီး အထွန်းနဲ့ နှစ်ယောက်စလုံး နိုင်ငံခြားကို ထွက်သွားပြီးကတည်းကပေါ့။ သူက အန်တီ့အရင် အိမ်ထောင်ကျတာလေ"

"ဪ"

"ဒါနဲ့ မောင်မောင်ကျော်ကို နိုင်ငံခြားမှာပဲ မွေးတာလား"

"ဟုတ်ပါတယ် အန်တီ။ ကျွန်တော် သုံးနှစ်သားရောက်တော့ ဒေါ်လေး အဖော်ရအောင်ဆိုပြီး မြန်မာပြည်ကို ပြန်ပို့ပေးခဲ့တာပါ။ ညီမလေးကတော့ ဟိုမှာပဲမွေး ဟိုမှာပဲ ကြီးပြင်းလာရတာပေါ့"

"ကောင်းပါတယ်ကွယ်။ နောက်နေ့မှပဲ မောင်မောင်ကျော်ကို အန်တီ ဖုန်းနံပါတ်ပေးတော့မယ်။ သား မေမေကို ပေးလိုက်ပေါ့။ သူ သတိရသေးတယ်ဆိုရင် ဆက်သွယ်လို့ရအောင်လေ။ အခုတော့ အန်တီသွားစရာလေးရှိလို့ သွားလိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်ထက်ရှိန်ဝါနှင့် မောင်မောင်ကျော် စကားစပ်မိသွားသော အချိန်မှာ ကျန်တဲ့သူတွေ ပါးစပ်ထဲ ယင်ကောင်ဝင်မှာစိုးလို့ပိတ်ထား





ကြည့်နေယ်ပါ။ ဒေါ်ထက်ရှိန်ဝါနှင့် ဦးဘုန်းဆက် ထွက်သွားလေတော့မှ နိုင်းက ...

"ဟေ့ကောင် ဆက်ရှိန်"

ဆက်ရှိန် ပါးစပ်ကမထူးဘဲ မျက်လုံးကသာ ကြည့်လေလျှင်

"မင်းမေမေဖြစ်သွားပုံကလေ လိုင်ဆိုတာကို မေ့သွားပြီး ခင်းတို့နှစ်ကောင်ကို ချက်ချင်းကောက်ပေးစားလိုက်ချင်တဲ့ပုံစံမျိုး ပေါက်သွားတာကွ သိလား ... ဟား ဟား ဟား"

"ခွေးကောင်"

နိုင်းက ပြောပြီးရယ်လေတော့ မောင်မောင်နဲ့ဆက်ရှိန်က ဆဲလေတော့သည်။ နိုင်းပြောလည်း ပြောစရာပါပဲ။ လူတိုင်းကို အပေါင်းအသင်းလုပ်တာမကြိုက်တဲ့ မေမေက မောင်မောင်ကျော်နဲ့ ကျတော့ စကားတွေ ရှုန်ရှုန်းဝေနေတော့တာလေ။ မောင်မောင်ကျော် မေမေနဲ့ အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ အတွင်းသိ အစင်းသိတွေ ပေါ့။

"ဟင်"

ဆက်ရှိန် နှုတ်မှ 'ဟင်' ဆိုတဲ့အသံကြောင့် သူကြည့်တဲ့နေရာကို ကြည့်လိုက်ကြတော့ လင်ဗန်းလေးနဲ့ ကော်ဖီနှင့်မုန့်တွေ လာပို့သူက ရှီးမြေပါ။ ဆက်ရှိန်လာပို့နိုင်းတာက ဒေါ်မိုးကိုလေ။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရိုးမြေလာပို့ရတာလဲ။ ရိုးမြေက ကော်ဖီခွက်တွေကို သူတို့ရှေ့သို့ ချပေးလေတော့ . . .

"ရိုးမြေ"

"ရှင်"

"ဒေါ်မိုးက ဘာလုပ်နေလဲ"

"ဒေါ်မိုးက လက်မအားလို့ပါ ကိုကို။ ကြက်သားပြုတ် နွှင်နေတာနဲ့ ရိုးမြေ ကူလုပ်ပေးတာပါ"

"ထားခဲ့"

ဆံပင်ရှည်ကြီးတွေနဲ့ ရိုးရိုးယဉ်ယဉ်လေးလှနေသော ရိုးမြေကို မောင်မောင်ကျော် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတာကို မြင်လိုက်ရတော့ ဆက်ရှိန် မျက်နှာပျက်သွားလေသည်။ ရိုးမြေကို အခြားယောကျာ်းလေးတွေ အဲဒီလိုကြည့်ရင် ဆက်ရှိန် မကြိုက်ပါဘူး။

"သွားတော့လေ"

ရိုးမြေ လှည့်ထွက်သွားမည်လုပ်တော့ . . .

"ခဏနေပါဦး"

"ရှင်"

မောင်မောင်ကျော်က ရိုးမြေကိုတားလိုက်တာမို့ ဆက်ရှိန် မျက်မှောင်ကြုတ်သွားလေသည်။





ဒါ ဘာသဘောလဲ။ ကိုယ်တွေရှေ့မှာ ဒီကောင် ဒီလိုအတင့်ရဲသင့်ပါဘူး။

"နာမည်က ရိုးမြေနော်"

"မောင်မောင်ကျော်"

"ဟင်"

"သူသွားပါစေ၊ မင်း သူနဲ့ပတ်သက်ပြီး မေးစရာရှိရင် ငါ့ကိုပဲမေး ရိုးမြေ နင်သွားတော့"

"ဟုတ်ကဲ့"

ရိုးမြေ လှည့်ထွက်သွားလေတော့၏။ ရှိုင်းကတော့ ဆက်ရှိန်အဖြစ်ကိုကြည့်ပြီး တစ်ဖက်လှည့်၍ ပြုံးနေလိုက်မိသည်သာ။ မင်းစိတ်ကို ငါသိနေတယ် ဆက်ရှိန်။ မင်းနဲ့ငါက တစ်စိတ်တစ်ဝမ်းတည်းပါကွာ။ ငါ့ရင်ထဲမှာလည်း မင်းနဲ့ထပ်တူညီမှုရှိနေပေမယ့် . . .

ငါကတော့ . . .

ငါ့ရင်ထဲက ဆန္ဒအမှန်ကို တစ်သက်လုံး ဖုံးဖိသွားမှာပါ။ အဲဒါ မင်းကိုလည်း ငါ သိပ်ခင် သိပ်ချစ်လို့ပေါ့ ဆက်ရှိန်။

"ဆက်ရှိန်"

"ဘာလဲ"

"သူ့နာမည်က ရိုးမြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အပြည့်အစုံက ရိုးမြေကျ။ နောက်ထပ် ဘာသိချင်သေးလဲ"

"ဘာမှမသိချင်တော့ပါဘူး အဟွန်း"

"ဘာလဲ . . . မင်းက အဲဒီနာမည်ကို ကြားဖူးလို့လား မောင်မောင်"

မေးလိုက်သူက ရှိုင်းပါ။

"ဟုတ်တယ်၊ ကြားဖူးသလိုလိုရှိလို့ မေးကြည့်တာပါ"

"ကြားဖူးမှာပေါ့"

သူတို့ကျောင်းကကောင်လေးတွေ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့နာမည်ဆိုတာကိုတော့ ရှိုင်း ထည့်မပြောဖြစ်ပေ။ တစ်ခါတလေကျတော့ ရှိုင်း ရိုးမြေကိုစိတ်မချပါဘူး။ အခြားကောင်တွေနဲ့ ချစ်ကြိုက်သွားမှာကိုလေ။ တစ်ခါတလေကျတော့လည်း ရိုးမြေက ဘဝသဖောဆိုတော့ . . .

အချစ်ရေးကို စဉ်းစားမှာမဟုတ်ဘူးလို့ ယုံကြည်မိပါသည်။

"မောင်မောင်"

မောင်မောင်ကျော်က လှည့်ကြည့်လေလျှင် . . .

"မင်း ရိုးမြေကို သဘောကျလို့လား"

"ရှိုင်း"





"ဟင်"

"အဲဒါ မင်း မေးစရာလားကွ"

ဆက်ရှိန်က မျက်စိမျက်မျက်နှာမျက်နှင့်ပြောလေလျှင် မောင်မောင်ကျော်က . . .

"သူငယ်ချင်း အချင်းချင်း မေးတာပဲ ဘာမှမဖြစ်ပါဘူးကွာ။ ဒါကလည်း ရိုးမြေကို သဘောကျိုးနဲ့မေးတာပါ။ ငါ့မှာဘာစိတ်မှမရှိပါဘူးကွ"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အဝါခံပေါ်မှာ အနက်ရောင်လုံးလုံးလေးတွေပါတဲ့ ဝမ်းဆက်ကလေးက ဝင်းစက်နုထွေးနေတဲ့ ရိုးမြေကိုယ်ပေါ်မှာတော့ လွှင်နေ ပါ။ အဝတ်က တန်ဖိုးကြီးလို့ လှကလှနေတာ မဟုတ်ပါဘူး။ လှကလို့ အဝတ်က တန်ဖိုးကြီးတာတွေထက် ပိုလှနေတာပါ။ ရိုးမြေ သွားလာနေပြီဆိုရင် . . .

မြင်ရာလူကို လိုက်ကြည့်နေတတ်သူမဟုတ်ပါဘူး။ ကိုယ် လမ်းကိုယ်လျှောက် ကိုယ့်အလုပ်ကိုယ်လုပ်နေရိုးမှာ ရိုးမြေကို ဘယ် က ဘာပြောနေလဲ၊ ဘယ်သူက ကြည့်နေလဲဆိုတာတွေကို ဂရုစိုက် မဟုတ်ပေ။ ဒါကြောင့် သူ့ကိုလိုက်ကြည့်နေသူတွေကို ရိုးမြေကတော့





မြင်။

"စကားပြောရင် အော်ဆေးပြီး တည်ငြိမ်နေတာလေးရယ် ××× အနမ်းပေးရင် ခေါင်းလေးငုံ့ ရှက်နေတာလေး ချစ်တယ်"

"ဟော့ကောင်"

"ဟင်"

"အနမ်းပေးရင်း ခေါင်းလေးငုံ့ ××× ရှက်နေတာလေး ချစ် တယ်ဆိုတာ မင်း ဟိုတစ်ယောက်ကို စောင်းဆိုတာလား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်း သူ့ကိုအနမ်းပေးဖူးလို့လား"

"မင်း အဲဒီလိုမေးတာ နည်းနည်းတော့ များသွားပြီ"

"ဟား ဟား ဟား"

ရယ်သံတွေကို ကြားပေးမယ့် ရိုးမြေ လုံးဝ လှည့်မကြည့်ပေ။ လှည့်ကြည့်လိုက်လို့ မျက်စိမှိတ်ပြတာမျိုး၊ လျှာထုတ်ပြတာမျိုး မြင်ရမှာ စိုးလို့လေ။ ကြုံဖူးတော့ သိနေပြီပေါ့။

"ဖြစ်နိုင်ရင်တော့ အနမ်းလေး ပေးချင်တာပေါ့ကွာ။ ပါးလေး နမ်းရလည်း လက်ကလေးဖြစ်ဖြစ်"

"လက်နမ်းတာ ခွေးကွ၊ သခင့်လက်ကိုနမ်းပြီး အစာတောင်း တာလေ"



www.burmeseclassic.com

"အေး ...မင်း သူ့ပါးတော့ နမ်းရမှာမဟုတ်ဘူး။ သူ့လက်ဝါးကပဲ မင်းပါးပေါ်မှာ တံဆိပ်ကပ်သွားလိမ့်မယ်"

တစ်ယောက်တစ်ပေါက် ပြောနေသံတွေကို ကြားပေမယ့် ရိုးမြေ သူတို့ရှေ့ကနေ ခပ်တည်တည်ပဲ ဖြတ်လျှောက်လာခဲ့တော့ ခပ်ရိုင်းရိုင်းပြောရလျှင် ခွေးဟောင်တိုင်း ခေါင်းထောင်ကြည့်လို့ကတော့ အိပ်ရေးပျက်တယ်ဆိုတာမျိုးပေါ့။ ဘယ်သူတွေ ဘာပဲပြောပြော...

ရိုးမြေကတော့ ဂရုမစိုက်ပေ။

ရိုးမြေ ဒီကျောင်းတော်ကြီးကိုလာခဲ့တာ ပညာနဲ့ချိုကို ရှာ မဟုတ်လား။

"ရိုးမြေ"

သူ့နာမည်ကိုခေါ်ပြီး ရှေ့ကနေ ပိတ်ရပ်ထားသူတစ်ဦးကို ရိုးမြေ မော့ကြည့်လိုက်မိသည်။

"ရိုးမြေကတော့ ကိုယ့်ကိုသိမယ် မထင်ပါဘူး။ ကိုယ်က ရိုးမြေကိုသိတယ်"

"............"

"ကိုယ် ရိုးမြေကို လာစောင့်နေတာကြာပြီ ရိုးမြေရဲ့"

"ရှင့်ကို ဘယ်သူက စောင့်ခိုင်းလို့လဲ။ ရှင့်ဘာသာရှင် ခြေထောက်အညောင်းခံနိုင်လို့ ရပ်စောင့်နေတာစောင့်ပေါ့"





"ဟုတ်ပါတယ်၊ ရိုးမြေက မစောင့်ခိုင်းပါဘူး။ ကိုယ်က ကိုယ့်သဘောနဲ့ကိုယ် စောင့်နေတာပါ။ ကိုယ့်နာမည်က မင်းသန့်ပါ"

"ရှင့်ကို ဘယ်သူက မေးနေလို့လဲ။ ရှင့်ဘာသာရှင် မင်းသန့် ဖြစ်ဖြစ် မညစ်ဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားဘူး။ ရှေ့ကနေဖယ်ပါ"

"ရိုးမြေ"

ရိုးမြေ သူ့ကိုရှောင်ကွင်းသွားဖို့ ကြိုးစားပေမယ့် မရပေ။ သူက ရိုးမြေရှေ့တဲ့ဘက်ကို လိုက်ရွှေ့ပြီး ပိတ်ရပ်ထားလေတော့ ရိုးမြေ မျက်နှာတင်းသထက်တင်းသွားလေတော့သည်။

"ကျွန်တော် ရိုးမြေကို နှောင့်ယှက်မိသလိုဖြစ်ရင် တောင်းပန်ပါတယ်။ ဒါလေး ပေးချင်လို့ပါ ယူသွားပါနော်"

မျက်နှာရှေ့ကိုရောက်လာတာသည် ကျောက်ပွင့်လေးတွေ တလက်လက် တောက်နေတဲ့ဖိနပ်တစ်ရံပါ။

"ယူပါ ရိုးမြေ ကိုယ်က ဘာသဘောနဲ့မှပေးတာ မဟုတ်ပါဘူး။ ကတ္တီပါဖိနပ်ပါးလေးနဲ့တောင် ရိုးမြေခြေထောက်လေးက ဖွေးနုပြီးလှနေတာ။ ဒီဖိနပ်သာစီးလိုက်ရင် အရမ်းလှသွားမှာပဲလို့ တွေးမိပြီး ဝယ်လာခဲ့တာ။ ယူပါနော်"

"ဒီမှာ"

"............"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီကျောင်းကိုလာနေတာ၊ ဖိနပ်လှလှစီးပြီး …ထောက်အလှပြပြိုင်ပွဲဝင်ဖို့ မဟုတ်ပါဘူး။ ပညာရှာရအောင်လာတာ… ကျွန်မမှာ ဖိနပ်မပါဘဲလာရင်တောင် ပညာသင်ပေးနေတဲ့ဆရာတွေ… ဖိနပ်မပါလို့ဆိုပြီး မောင်းထုတ်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် ရှင့်ဖိ… ရှင်ယူပြီး ရှင့်လမ်း ရှင်လျှောက်ပါ"

"မဟုတ်သေးဘူးလေ ရိုးမြေရဲ့"

"ရှင် ရှေ့က ဖယ်နော်"

"ရိုးမြေ"

ဒီတစ်ခါခေါ်လိုက်တာက မင်းသန့်ဆိုတဲ့လူမဟုတ်ပေ။ … ရဲ့ နောက်ကျောဘက်မှ ခေါ်လိုက်တဲ့အသံမို့ ရိုးမြေ လှည့်ကြည့်လိုက်… စဉ် …

"ကိုကို"

ရိုးမြေဆီသို့ လျှောက်လာနေတဲ့ ဆက်ရှိန်။ နောက်… အပိုစကားပြောမနေတော့ဘဲ ရိုးမြေအနားကိုရောက်တာနှင့် … လက်ကိုဆွဲခေါ်လာခဲ့တော့သည်။

"ကိုကို"

"……………"

"ရိုးမြေ လက်ကိုလွှတ်ပါ"





"………………"

"လွှတ်ပါဆို ကိုကို"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း"

ဟိုလူကြည့် ဒီလူကြည့်နဲ့မို့ ရိုးမြေ ရှက်စိတ်တို့ဖြစ်ကာ လက် …ကို ဆောင့်ရုန်းပစ်လိုက်မိ၏။ ရိုးမြေလက်က လွှတ်ထွက်သွားလေတော့ ဆက်ရှိန် ခြေလှမ်းတွေ ရပ်သွားပြီး ရိုးမြေကို ခပ်စူးစူးကြည့်ကာ…

"အဲဒါ ဘယ်ကကောင်လဲ။ ဘာလုပ်နေကြတာလဲ ပြော"

"ဘယ်ကကောင်လဲဆိုတာ ရိုးမြေက ဘယ်လိုလုပ်ပြီး သိမှာ …။ ကိုကိုသိချင် ကိုကိုသွားမေးပါလား"

"ဘာ"

ရိုးမြေ ရှက်လည်းရှက် စိတ်လည်းတိုပြီး အော်ပစ်လိုက်မိ၏။ …က ဘယ်ကနေ ဘယ်လိုရောက်လာလဲ မသိပါဘူး။ အိမ်မှာ ဟိုလူ …ကြောက်ရ ဒီလူကြောက်ရနဲ့ စိတ်ကျဉ်းကျပ်လို့ ကျောင်းမှာ စိတ်လွှတ် …ယ်လွှတ်များ ပြောရဆိုရနေရမလား မှတ်ပါတယ်။ သူနဲ့မှ လာတိုး …နေရသေးတယ်။

ကျောင်းမှာ အမေကလိုက်ပြီး ဆူပူကြိမ်းမောင်းလို့မရလို့ …ကလာလို့ရတဲ့ သားက လာဆူတာထင်ပါရဲ့။

"နင် အဲဒီကောင်ကို တကယ်မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးဆို"

"မသိဘဲနဲ့ ဘာလို့ရပ်စကားပြောနေတာလဲ"

"သူက ရိုးမြေရှေ့ကနေ ပိတ်ရပ်ပြီး လာပြောနေတာ ရိုးမြေ ကွေ့ရှောင်သွားတာ ရမှမရဘဲ။ သူ့ခေါင်းပေါ်ကနေ ခုန်ကျော် သွားရအောင်ကလည်း ရိုးမြေက တန်ခိုးရှိတဲ့ စွမ်းအားရှင်မှမဟုတ် တာ"

"တိတ်စမ်း"

ဆက်ရှိန် အော်လိုက်တော့ ရိုးမြေ မျက်ရည်လေးတွေ ဝဲ လေသည်။ ဒီလိုမြင်ရတော့လည်း ဆက်ရှိန် စိတ်မကောင်းစွာ စိတ်ကိုလျှော့ချလိုက်တော့၏။

အခုတစ်လော သူဘာဖြစ်နေတယ် မသိပါဘူး။ ရိုးမြေ စိတ်မချနိုင်ဖြစ်နေတာလေ။

ဒါကြောင့် ဒီကျောင်းကို လာဖြစ်တာပါ။

ဒီကိုရောက်တော့ . . .

ရိုးမြေ ကောင်လေးတစ်ယောက်နဲ့ ရပ်စကားပြောနေတာ မြင်လိုက်ရတော့ စိတ်လည်းပူ၊ ဒေါသကလည်း ဘာလို့ထွက်မိသွား လည်း မသိတော့ပါဘူး။

"အဲဒီကောင် နင့်ကို ဘာတွေပြောနေတာလဲ"





"ရိုးမြေက သူ့ကိုမသိပေမယ့် သူက ရိုးမြေကို သိတယ်တဲ့"

"ပြီးတော့ရော"

"ရိုးမြေကို သူစောင့်နေတာကြာပြီတဲ့"

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"ရှင့်ကို ဘယ်သူက စောင့်ခိုင်းလို့လဲလို့"

"ဆက်ပြော"

"သူ့နာမည်က မင်းသန့်တဲ့"

ဆက်ရှိန် လက်က ခါးပေါ်ကို ထောက်မိသွားလေသည်။ ရိုးမြေက မျက်ရည်သုတ်နေချိန်မှာပဲ . . .

"သူ့နာမည်ကိုတော့ နင်မှတ်လာတယ်ပေါ့ ဟုတ်လား"

"မှတ်လာတာ မဟုတ်ပါဘူး။ သူပြောလို့ ကြားလာတာပဲ"

"ပြီးတော့ ဘာပြောသေးလဲ"

"ပေးစရာရှိလို့ဆိုပြီး ဖိနပ်ပေးတယ်"

"ဘာ"

ရိုးမြေကလည်း စိတ်နဲ့လူပဲလေ။ ဒါကြောင့် စကားသံက ပြတ်ပြတ်နှင့်ပါ။

"မော့ကောင် ဆက်ရှိန်"



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းနဲ့ မောင်မောင်ကျော်လိုက်လာပါပြီ။ လာတုန်းက အတူတူ ဖြစ်ပေမယ့် မောင်မောင်ကျော်က သူ့အသိကောင်လေးတစ်ယောက်နဲ့ ရပ်စကားပြောကျန်ခဲ့တာပါ။ ဒါကို ရှိုင်းက ရပ်စောင့်နေတုန်း ဆက်ရှိန်က စိတ်မရှည်လို့ ထွက်လာခဲ့တာပါ။

“ဟင်”

ရှိုင်းက ရိုးမြေမျက်နှာလေးကို ငုံ့အကြည့် မခြောက်သေးတဲ့ မျက်ရည်စတွေကိုမြင်သွားလေတော့ ...

“ရိုးမြေ ငိုနေတာလား”

“............”

“ဟော့ကောင် ဆက်ရှိန်”

“ဘာလဲ”

“မင်း မီးခွက်ထွန်းလိုက်ပြန်ပြီလား။ သူ့ဘာသာသူ အေး အေးဆေးဆေး နေပါစေကွာ။ မင်းတို့ဟာကလည်း ရိုးမြေခမျာ ကျား လည်း ကြောက်ရ ကျားချေးလည်း ကြောက်ရ ဖြစ်နေပြီ”

“မင်းမသိဘဲနဲ့ ဝင်မပြောနဲ့”

“အမေ့”

ဆက်ရှိန်အော်တာကိုလန့်ပြီး မျက်လုံးပြူးနှင့် ရှိုင်းဘက်ကို တိုးကပ်သွားသူက မောင်မောင်ကျော်ပါ။ ဗလကြီးသလောက်





သည်းကယ်ပါ။

“ဘာဖြစ်လို့လဲ”

“သိချင်ရင် မေးကြည့်”

စိတ်ဆိုးနေတဲ့သူကို စိတ်ပြေအောင်ဆိုပြီး အံ့ရွှန်းဖောက်ဖို့ အတွက် မောင်မောင်ကျော်က ရိုးမြေမျက်နှာကို ငုံ့ကြည့်ပြီး မေးစေ့ သေးကို လက်ညှိုးနှင့် တို့ကြည့်လေလျှင် ရှိုင်းက ...

“မင်း အဲဒါဘာလုပ်တာလဲ”

“မေးကြည့်ဆိုလို့ ကြည့်တာလေ။ ဆွဲချရင် လက်နှစ်သစ် ရှိမှာပါ”

“တောက်”

မောင်မောင်ကျော်ပြောတာကို ရှိုင်းက ရယ်ပေမယ့် ဆက်ရှိန် ကတော့ တက်ခေါက်၍ ထွက်သွားလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သား"

ကော်ဖီသောက်နေရင်းမှ မေမေ့ရဲ့ခေါ်သံကြောင့် ဆက်ရှိန် မျက်လွှာပင့်ကြည့်လိုက်လေသည်။

"မင်းကို မေမေ မေးစရာရှိတယ်"

"ဟုတ်ကဲ့ မေးပါ"

ဒေါ်ထက်ရှိန်ဝါ ချက်ချင်း မမေးဖြစ်သေးဘဲ ကော်ဖီသောက်ခြင်းကို လက်စသတ်လိုက်သည်။ ဦးဘုန်းဆက်သာကတော့ ဘာမှားလဲလို့ နားစွင့်နေရှာသ။

"မင်း မနေ့က ရိုးမြေတို့ကျောင်းကို သွားတယ်ဆိုဟုတ်လား"





ဆက်ရှိန် မျက်မှောင်လေးကြုတ်သွားပြီး . . .

"သတင်းရတာ မြန်လှချေလား"

"ဒါဆို ဟုတ်တယ်ပေါ့"

"ထက်"

ဦးဘုန်းဆက်ခေါ်တော့ ဒေါ်ထက်ရှိန်ဝါက လှည့်ကြည့်လေသည်။

"သူတာသာသူ ဘယ်ကိုပဲသွားသွား မင်း အဲဒီလောက်အထိ သိုက်ပြောပြီး ချုပ်ချယ်ကန့်သတ်ဖို့ မလိုဘူးထင်တယ်။ သားက သောက်ျားလေးလေ။ အပေါင်းအသင်းတွေနဲ့ သွားတာလာတာ ရှိချင်ရှိမှာပေါ့။ အခု မင်း လုပ်နေပုံက သမီးမွေးထားလို့ မျက်လုံး ဒေါက်ထောက်လိုက်ကြည့်နေတဲ့အတိုင်းပဲ။ ခုခေတ်ထဲမှာ သမီးရှင်တွေတောင် အဲဒီလိုမလုပ်ကြတော့ဘူးကွ"

"ကျွန်မကတော့ လုပ်ရမယ် ကိုဘုန်းဆက်။ ကျွန်မမှာ ဒီသားလေးတစ်ယောက်တည်းရှိတာလေ။ မတော်တရော် မိန်းကလေးတွေနဲ့ အဖြစ်မခံနိုင်ဘူး"

"ဟ . . . ကိုယ့်မှာ ဒီလောက်ပြီးပြည့်စုံနေတာ ဘာများလိုအပ်သေးလို့လဲ။ သားက ပညာတတ်၊ သူနဲ့သင့်တော်တဲ့မိန်းကလေးကို သူ ရွေးတတ်မှာပါ။ ဆင်းရဲချမ်းသာမရွေးနဲ့ ဣန္ဒြေသိက္ခာရှိတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို သူ ရွေးတတ်မှာပါ”

လှိုင်နဲ့ သဘောတူနေတာကိုသိလို့ ဦးဘုန်းဆက် သားဘက်ကို ယက်ပြီး စကားခင်းပေးလိုက်တာပါ။ ထက်အတွေးက ဂုဏ်ဂုဏ်ချင်းထပ်ရင် မြတ်တယ်ဆိုတာတစ်ခုတည်းနဲ့ လှိုင်နဲ့လက်ထပ်ဖို့ သဘောတူနေတာလေ။ သူ့အတွေးထဲမှာတော့ မဖြစ်နိုင်တာတွေကို ကြိုမြင်တာပေါ့။

အိမ်ထောင်ရေးကိစ္စမှာ ...

အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတဲ့စကားရှိနေတာပဲ။ သားနဲ့ လှိုင်က အသွင်မတူတဲ့ စိတ်ဓာတ်ရေးရာမှာ အားလုံးဆန့်ကျင်ဘက်တွေပါ။ ဒါကြောင့် ဒီအကြောင်းအရာကိုပဲ ရည်ရွယ်ပြီးပြောလိုက်တာလေ။

“အို ... သူ့မှာ ရွေးပိုင်ခွင့်မရှိပါဘူး။ သူနဲ့သင့်တော်မယ့် မိန်းကလေးကို ထက် ရွေးထားပြီးသား။ လှိုင်ကလွဲရင် သားကို အခြားဘယ်မိန်းကလေးနဲ့မှ ကျွန်မ သဘောမတူနိုင်ဘူး”

ဖေဖေရှိနေတာမို့ ဆက်ရှိန် ဘာမှဝင်မပြောတော့ဘဲ ငြိမ်နေလိုက်သည်၊ ဖြစ်သင့်မဖြစ်သင့်ဆိုတာကို ဖေဖေပဲ ဝေဖန်ပိုင်းခြားသွားပါလိမ့်မည်လေ။

“ဖူးစာကို မင်းရေးလို့မရဘူး ထက်”

“ဘာ”





“မင်းသဘောတူတဲ့ မိန်းကလေးပဲဖြစ်ဖြစ် သဘောမတွေ့တဲ့ မိန်းကလေးပဲဖြစ်ဖြစ် သားရဲ့ဖူးစာဖက်ကို မင်း သတ်မှတ်ပေးလို့ မရဘူးလေ။ ဖူးစာရေးနတ်က သူ့ဘာသာသူ ဖူးစာဖက်ပေးပါလိမ့်မယ်”

“အဲဒါတွေကို ကျွန်မ အယုံအကြည်မရှိဘူး၊ ဖူးစာရေးနတ်ဆိုတာ ကိုယ်မြင်ရတာ မဟုတ်ဘူးလေ။ အခုက ဦးရာလူစနစ်ပဲ”

“မင်း သားရဲ့စိတ်ချမ်းသာမှုကို ထည့်မတွက်တော့ဘူးလား ထက်”

“တွက်တာပေါ့၊ လှိုင်နဲ့သား လက်ထပ်ဖြစ်ရင် နှစ်ဖက်မိဘတွေရဲ့စည်းစိမ်နဲ့ ဘာလိုအပ်တာရှိလဲ၊ အရာအားလုံး ပြည့်စုံပြီဆိုရင် စိတ်ချမ်းသာမှာပဲလေ”

“မင်းရဲ့အတွေးအခေါ် အယူအဆတွေက အရမ်းမှားနေပြီ ထက်”

ဦးဘုန်းထက်ရဲ့စကားကို မလိုလားစွာနှင့် ဒေါ်ထက်ရှိန်ဝါက မျက်စောင်းထိုးလေသည်။ သူ ဒါပဲတတ်သလား။ မျိုးရိုးစဉ်ဆက် ချမ်းသာလာသူဆိုတော့ သူက လူ့လောကထဲမှာ လူတွေကြုံတွေ့နေရတဲ့ ဒုက္ခအတိမ်အနက်ကို သူမသိပါလား။ အိမ်ထောင်ရေးမှာလည်း သူက ကံကောင်းခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေပေးစားလို့ယူခဲ့ကြတာဆိုပေမယ့် ကိုယ်က သူ့ကို ချစ်ခဲ့သလို သူကလည်း ကိုယ့်ကိုချစ်ခဲ့သည်လေ။ ပြီးတော့ ကိုယ်က ကိုယ့်အတ္တမာနတွေကို ချွေးသိပ်ပေးပြီး သူ့ကိုစိတ်ချမ်းသာအောင် ထားခဲ့သူ။ ဒါ ကိုယ်က သူ့ကိုချစ်လို့လေ။ အခု သားက လှိုင့်ကို ချစ်တာမှမဟုတ်တာ။ မချစ်တဲ့သူကို သည်းခံပေါင်းသင်းမှာတဲ့လား။

"ပစ္စည်းဥစ္စာပြည့်စုံတာနဲ့ စိတ်ချမ်းသာမယ်လို့ မင်းထင်နေသလား ထက်။ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ပြည့်စုံမှုဆိုတာလည်း မထိန်းသိမ်းတတ်ရင် ကုဋေရှစ်ဆယ်သူဌေးသားတောင် ခွက်ဆွဲပြီး တောင်းစားရတဲ့ဘဝ ရောက်သေးတာပဲလေ"

"ကျွန်မသားနဲ့လှိုင်က ပညာတတ်တွေပါ။ အဲဒီလို ဖြစ်စရာ လား"

"အဲဒီပညာတတ်တွေထဲကပဲ အချို့အတတ်ကျူးလို့ ဘီလူးဖြစ်နေကြတာ တစ်ပုံကြီးပဲလေကွာ"

"ရှင် စကားကိုကပ်မပြောပါနဲ့"

ဖေဖေနဲ့မေမေ စကားအခြေအတင်ဖြစ်နေကြတာကို ကြည့်ပြီး ဆက်ရှိန်ကတော့ ရယ်လည်းရယ်ချင်၊ စိတ်လည်း ရှုပ်မိသည်သား။

"ဘာလဲ ရှင်က လှိုင်နဲ့သားကို သဘောမတူဘူးလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ သားကဆန္ဒရှိရင် လက်ခံပါ





တယ်။ သားကမချစ်နိုင်ဘူးဆိုရင်တော့ ဖွတ် မစီစဉ်စေချင်ဘူး။ အိမ်ထောင်ရေးဆိုတာ အချစ်နဲ့ချည်နှောင်မှ ခိုင်မြဲတာပါ"

"သား လှိုင့်ကို လုံးဝချစ်လို့မရဘူး ဖေဖေ"

"ဘာ"

"ဟင်"

ဒေါ်ထက်ရှိန်ဝါရဲ့ ဘာဆိုတဲ့အသံက ကျယ်သွားလေသည်။ ဦးဘုန်းဆက်ကတော့ သိပ်ပြီး မအံ့ဩပါဘူး။ သားက လှိုင့်ကိုကြည့်လို့ မရတာ သိနေတာပဲလေ။

"ဘာလဲ မင်းက တူနှစ်ကိုယ်တဲအိုပျက်မှာ ထမင်းရည် အတူတူသောက်ချင်နေတာလား ဆက်ရှိန်"

မေမေ ဘာကိုရည်ရွယ်ပြီးပြောတယ်ဆိုတာကို ဆက်ရှိန် သိပါတယ်လေ။ ရိုးမြေတက်တဲ့ကျောင်းကို ဆက်ရှိန်သွားခဲ့တာကနေ ပြီး ဒီစကားတွေ ဖြစ်လာခဲ့တာ။ ရိုးမြေက အရမ်းလှတော့ ဆက်ရှိန်နဲ့ စိတ်မချဖြစ်နေတာလေ။

"မင်း စိတ်ကူးယဉ်မနေနဲ့၊ တကယ် ဒုက္ခရောက်လာပြီဆိုတော့ မိဘတောင် ကမ္ဘာမီးလောင် သားကောင်ချနင်းလုပ်ခဲ့သေးတာပဲ။ မင်း ဘယ်လောက်အထိ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်မှာလဲ"

"မေမေကလည်း မေမေပြောသလောက် ဆင်းရဲရုံအောင်



www.burmeseclassic.com

www.burmeseclassic.com



သားက အစွမ်းအစမရှိတဲ့ကောင်မှ မဟုတ်တာ။ သား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တယ်”

“ဆက်ရှိန်”

“မယုံရင် မေမေ သားကို အိမ်ပေါ်ကနေ နှင်ချလိုက်”

“ဆက်ရှိန် ... နင် တော်တော် သတ္တိကောင်းနေတယ်ပေါ့လေ ဟုတ်လား”

ဒေါ်ထက်ရှိန်ဝါ အသည်းတွေ ဆတ်ဆတ်ခါသွားပေမယ့် ဦးဘုန်းဆက်ကတော့ သား၏စကားတွေကို သဘောကျသွားလေသည်။ ဒီလိုသတ္တိမျိုးရှိမှ ယောကျ်ားကောင်းဆိုတာ ဖြစ်လာမှာလေ။ မိဘကိုချည်းပဲ အားကိုးနေလို့ဖြစ်မတဲ့လား။

“ဘာလဲ ... မင်းက လှတာလေးကိုမက်ပြီး မိဘရင်ဝင်ကို စွန့်ကန်ထွက်သွားဖို့ ကြိုးစားနေတာလား ဆက်ရှိန်။ လုပ်ကြည့်လိုက်လေ၊ ထက်ရှိန်ဝါ ဘယ်လိုမိန်းမမျိုးလဲဆိုတာ မင်း သိသွားစေရမယ်”

ဒါ မေမေက သားအမိချင်း ဆက်ရှိန်ကို စိန်ခေါ်လိုက်တာလား။ ဆက်ရှိန်ကလည်း ပြည့်စုံချမ်းသာပြီး အကျဉ်းသားတစ်ယောက်လို ချုပ်ချယ်ခံထားရတဲ့ ဘဝကို စိတ်ကုန်လို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး လွတ်လပ်စွာ ပျံသန်းနေချင်သူပါ။

❋



## အခန်း (၁၅)

ရိုးမြေကျောင်းသွားတော့မှာမို့ ဘကြီးကို လိုက်ရှာနေမိသည်။ ပန်းပင်တွေ ရေလောင်းနေတယ်ထင်ပါရဲ့။ ရိုးမြေက နေ့တိုင်းပဲ ကျောင်းသွားတော့မယ်ဆို ဘကြီးကို သမီးကျောင်းသွားတော့မယ်လို့ ပြောခဲ့ပြီးမှသွားတာ အကျင့်ပါနေပါပြီ။ ဘကြီးကို ရှာမတွေ့လို့ မပြောခဲ့ရတဲ့နေ့ဆိုရင် စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားရသည်လေ။

“ဟင်”

ပန်းပင်တွေဆီမှာလည်း ဘကြီးကိုမတွေ့ပါလား။ ဘယ်မှာပါလိမ့်။ ဒေါ်မိုးကိုသွားမေးကြည့်ဦးမည်ဟု အိမ်ကြီးဆီကို လျှောက်သွားပြီး အိမ်ထဲသို့ ဝင်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိုး"

မီးဖိုချောင်ထဲကို ဝင်လာတော့ ဒေါ်မိုးနှင့် ထမင်းစားနေသော ဘကြီးကိုပါ တွေ့လိုက်ရသည်။

"သြော် ... ဘကြီးက ဒီမှာကိုး။ ရိုးမြေက ဘကြီး၏ လိုက်ရှာနေတာ ဘကြီးရဲ့"

"သမီးကျောင်းသွားတော့မလို့လား"

"ဟုတ်ကဲ့ ဘကြီး"

"ဘကြီးက မိုက်ဆာလို့ ဒီမှာ ထမင်းလာစားနေတာ ကလေးရဲ့။ သွားတော့မယ်ဆို မုန့်ဖိုးယူသွားလေ"

ဘကြီးက စားနေတဲ့ထမင်းပန်းကန်ကို ခထားပြီး အင်္ကျီအိတ်ထဲကနေ ပိုက်ဆံထုတ်လေလျှင် ...

"နေပါစေ ဘကြီး။ ရိုးမြေ မယူပါဘူး။ ဘကြီးပေးတဲ့ပိုက်ဆံတွေကို ရိုးမြေက သုံးမှမသုံးတာ။ အဲဒါကြောင့် ရိုးမြေမှာ ပိုက်ဆံရှိပါတယ်"

"ဟုတ်လား။ သုံးဖို့ပေးတာ သုံးပေါ့ကလေးရဲ့။ ဘာကြောင့် မသုံးတာလဲ"

"ရိုးမြေက ဘဝကိုနားနေတဲ့သူပါ ဘကြီး။ အဲဒါကြောင့် ဘကြီး ပင်ပင်ပန်းပန်းနဲ့ ရှာထားတဲ့ပိုက်ဆံကို မသုံးရက်လို့ပါ"





"သြော်"

ဦးဝင်းနိုင် ရင်ထဲမှာ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုကြီး ဖြစ်သွားလေသည်။ တကယ်ဆို သူလည်း ဒီတူမလေးကို မျက်နှာငယ်ရအောင် ပြည့်ပြည့်စုံစုံနဲ့ ထားချင်တာပေါ့။ မဖြစ်နိုင်တော့လည်း ကြည့်ရက်ပေမယ့် မြင်နေရတာပါပဲလေ။

"ရိုးမြေက လိမ္မာပါတယ် ကိုဝင်းနိုင်ရယ်"

ဒေါ်မိုးတစ်ယောက် ဦးဝင်းနိုင်ကိုပြောပြီး ရိုးမြေဘက်သို့ လှည့်လာကာ ...

"ဒေါ်မိုး ယုံကြည်တယ် ရိုးမြေ သိလား။ ရိုးမြေ အခု ခင်ရဲ့လို့ သူများအိမ်မှာ ကပ်နေရပေမယ့် တစ်နေ့နေ့မှာ လင်ကောင်း သားကောင်းနဲ့ရပြီး ကြီးပွားချမ်းသာမယ်လို့လေ"

"ဟာ ... ဒေါ်မိုးကလည်း ဘာတွေပြောနေမှန်းမသိဘူး"

"တကယ်ပြောတာ ရိုးမြေရဲ့။ ရုက်မနေနဲ့။ အရွယ်ရောက် ဘုရင် အိမ်ထောင်ရက်သားပြုကြမှာ မွေတာပဲလေ"

"ဒါဆို ဒေါ်မိုးကရော"

"ဟော"

စကားက ကိုယ့်ဘက်ပြန်လည်လာသည်မို့ ဒေါ်မိုးက ရယ်ခက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိုးက မလှတော့ ကြိုက်မယ့်သူမရှိလို့ပေါ့ ရိုးမြေရဲ့"

ရိုးမြေ ဘကြီးကို တစ်လှည့်၊ ဒေါ်မိုးကိုတစ်လှည့်ကြည့်ပြီ ခစ်ခနဲ ရယ်လေလျှင် ...

"ဟင် ... ဘာရယ်တာလဲ"

"ဘာရယ်ရမှာလဲ၊ ဘကြီးနဲ့ဒေါ်မိုးက ကံတူအကျိုးပေးေ လေ။ အဲဒါကြောင့် အဟဲ"

"ဟယ်"

"တယ် ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာ ကျောင်းသွားတော့မှာမို့လား ... သွား သွား"

ဒေါ်မိုးက ရှက်မျက်နှာနှင့် ဟိုဘက်လှည့်သွားပြီး ဘကြီး ရိုးမြေကို နှင်လေတော့ ရိုးမြေ တခစ်ခစ်နှင့် ရယ်မိလေတော့သည

"သွားလေ ဘာလုပ်နေတာလဲ"

"သွားမှာပါ ဘကြီးရဲ့။ အပျိုကြီးနဲ့လူပျိုကြီး ရှက်သွား နဲ့ ဟိုပြော ဒီပြောပဲ"

"ရိုးမြေ"

"သွားပြီ ဘိုင်"

ရိုးမြေထွက်သွားလေတော့ အပျိုကြီးနဲ့လူပျိုကြီး ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲဘဲရှိကာ ဒေါ်မိုးက ကိုင်





ကိုင်တာ လက်ကို အပူလောင်လိုလောင်ဖြစ်ပြီး ဦးဝင်းနိုင်မှာတော့ မင်းစားနေရင်း အရသာ ဘာမှန်းမသိတော့ပေ။

"ရိုးမြေ"

"ဟင်"

ဆက်ရှိန်ခေါ်သံကြောင့် ရိုးမြေ ခြေလှမ်းတွေရပ်တန့်သွားလေ လျှင် ဆက်ရှိန်က လျှောက်လာပြီး ...

"ဒီနေ့ သနပ်ခါးလိမ်းတာ ပါးကွက်တောင် မပါပါလား။ ဘတ်တော်လှချင်နေတယ်ပေါ့လေ ဟုတ်လား"

ရိုးမြေ ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ငုံ့နေလိုက်မိသည်။ မြေ ပါးကွက်မကွက်တာ သူ့အကြောင်းလား။ ဒါ သက်သက် ပြစ်မရှိ အပြစ်ရှာနေတာ။

"ပါးကွက်မကွက်နဲ့လို့ နင့်ကို ဘယ်သူက မှာလိုက်လို့လဲ"

"............"

"မေးနေတာဖြေလေ"

ရိုးမြေ မျက်နှာကို ဆတ်ခနဲမော့လိုက်ပြီး ...

"ဘယ်သူက မှာ,မှာလဲ၊ ဘယ်သူမှ မမှာဘူး"

"မသိဘူးလေ၊ နင်က လှချင်လို့ ပါးကွက်တောင် ကွက် သားတော့ မှာတဲ့သူများ ရှိနေပြီလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

စကားပြောတာ ငေါ့လား ထေ့လားနဲ့ ရိုးမြေ စိတ်မရှည် ပြန်ပြီးအော်လိုက်မိတာပါ။

"အံမယ် ... နင်က ငါ့ကို ပြန်အော်တယ်ပေါ့လေ ဟုတ်လား။ ဘာလဲ အားကိုးရှိနေလို့လား။ ဘယ်သူ့အားကိုးနဲ့ ပြောစမ်း"

ပြောရင်း ရိုးမြေ ခေါင်းကိုကိုင်လှုပ်ပြီး မေးလေတော့ ရိုး မျက်ရည်ကျရပြန်ပါပြီ။

"ဟဲ့ ... ငါမေးတာ ဖြေလေ"

"ကိုကို ရိုးမြေကို အပြစ်မရှိအပြစ်မရှာပါနဲ့။ ခါတိုင်းလည်း ရိုးမြေ ဒီလိုလိမ်းတဲ့အခါတွေ ရှိတယ် သိလား"

"မလိုချင်ဘူး၊ နောက်ကို ဒီလို သနပ်ခါးလိမ်းတာ မကြိုက်ဘူး။ ဘာလဲ အသားကဖြူလို့ နေရတဲ့အထဲ ဒီလိုဖွေး အောင်လိမ်းတော့ ဒီမျက်နှာက မလှဘဲနေမလား"

"ဘာလဲ ... ကိုကိုက ရိုးမြေလှတာကို မနာလိုဘူးလား"

"ဟုတ်တယ် မနာလိုဘူး။ သူများတွေကြည့်မှာကို မနာ တာရှင်းပြီလား။ သွား အဲဒီမျက်နှာ အခုသွားသစ်ပြီး ပြန်လိမ်းလာ ပါးကွက်မပါလို့ကတော့ နင်နဲ့ငါတွေ့မယ်"





ရိုးမြေ ပေကပ်ကပ် လုပ်နေလေလျှင် ...

"သွားလေ၊ သနပ်ခါးပြန်လိမ်းပြီးရင် ဒီကိုပြန်လာခဲ့။ ငါ ကြည့်ဦးမယ်"

"............"

"ရိုးမြေ"

"သွားမယ်"

ရယ်ပြီးရင် ငိုရတတ်တယ်တဲ့။ စောစောက ရယ်ပြီးလို့ အခု ငိုရပြီလေ။ သူ့အမိန့်ကို မလွန်ဆန်ရဲတာမို့ ရိုးမြေ ခြေဆောင့်ပြီး ထွက်လာခဲ့တော့သည်။ တန်းလျားကိုပြန်ရောက်တော့ မျက်နှာသစ်ပြီး ကျောက်တောင်သနပ်ခါးကို ပျစ်နေအောင် သွေးလိုက်၏။ ပြီးတော့ မျက်နှာပေါ်မှာ ထုထုလိမ်းပြီး အပေါ်ကနေ ပါးကွက်ကြီးကို ပါးပြည့်အောင် ထပ်ကွက်လိုက်လေသည်။

နှာတံရိုးကလည်း ဆွဲလိုက်သေး။

ပြီးတော့ နှုတ်ခမ်းမှာ အသားဖတ်လေးတွေ ကွာလို့ ဝယ်ဆိုး နှုတ်ခမ်းနီရဲရဲကို ဆိုးလိုက်သေး၏။ ပြီး သနပ်ခါးခြောက်အောင် စောင့်ပြီး ခြောက်သွားတော့ မှန်ထဲမှာ ပြန်ကြည့်လိုက်မိသည်လေ။

"အမေ့"

မှန်ထဲမှာပေါ်နေတဲ့ ကိုယ့်ရုပ်ကိုယ်ကြည့်ပြီး ရိုးမြေ လန့်



www.burmeseclassic.com

www.burmeseclassic.com



တောင်လန့်မိပါရဲ့။ သနပ်ခါးက ထူထူကြီးဆိုတော့ မျက်လုံးလေး ပကာတိအတိုင်း ရှိပါတော့သည်။ ကဲ ဘယ့်နှယ်ရှိသေးလဲ။ ရှိုး ကျေနပ်စွာနှင့်ပဲ အိမ်ကြီးဆီသို့ ပြန်လာခဲ့တော့သည်။

"ဟော့ကောင် ဆက်ရှိန်၊ ဘာလုပ်နေတာလဲ သွားမယ်လေ ကွာ"

"ခဏလေး"

"ဘာခဏလေးလဲ သွားမယ်ကွ"

"မင်း ကားပေါ်ကနေ စောင့်နေ ငါလာခဲ့မယ်။ ဒီနေ့ ရှိုးမြေ တို့ကားနဲ့ပဲ ခေါ်သွားလိုက်မလို့"

"ဖြစ်ပါ့မလား။ တော်ကြာ မင်းအမေက"

"တော်တော်လျှာရှည်တဲ့ကောင်ပဲ။ ငါ့ပြဿနာ ငါနိုင်အော ရှင်းမယ်"

ရှိုင်း တွေခနဲဖြစ်သွားပြီးမှ ...

"သဘောပဲ"

ပြောပြီး လှည့်ထွက်လာခဲ့တော့သည်။ ဆက်ရှိန်တောင် သူ့ တွေ့ရှိလာပြီဆိုပြီး အပြုံးနှင့်ပေါ့လေ။

ကားဆီကိုသွားဖို့ အိမ်ထဲကနေအထွက် ဘွားခနဲပေါ်လာ မျက်နှာတစ်ခုကိုမြင်လိုက်ရပြီး ...





"ဟာ ... အမယ်လေး"

လန့်အော်ပြီး နောက်ဆုတ်သွားလေလျှင်း ...

"ကိုကြီး ဘာဖြစ်တာလဲ"

"ဟင် ... နင်"

"ရှိုးမြေလေ ကိုကြီးရဲ့"

"ရှိုးမြေ"

"ဟုတ်ကဲ့"

"ဒါ ဒါက ဘယ်လိုဖြစ်လာရတာလဲ"

ရှိုင်း လက်ညှိုးတထိုးထိုးနှင့် မေးလေတော့ ရှိုးမြေ နှုတ်ခမ်းလေး စူသွားကာ ...

"ဘယ်လိုဖြစ်ရမှာလဲ၊ ကိုကိုပေါ့။ ရှိုးမြေကို အလှပြင်လို့ဆိုပြီး ပြောနေတာ။ မျက်နှာသစ်ပြီး ပြန်လိမ်းတဲ့။ ပါးကွက်လည်း ကွက်ရမယ်တဲ့။ ရှိုးမြေလှတာကို မနာလိုဘူးဆိုလို့ အဲဒီလို လိမ်းလာတာ"

ပထမတော့ ရှိုင်း ရှိုးမြေကို တွေတွေလေးရပ်ကြည့်နေမိသေးသည်။ ဆက်ရှိန်ကို ပြန်ငဲ့ကြည့်တော့ သူ ဘာမှမဟုတ်တဲ့အတိုင်းပါပဲ။ နောက်မှ ရှိုင်း သဘောပေါက်ပြီး ရယ်မိလေတော့သည်။

"ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"................"

"ဟား ဟား ဟား ဟား"

ရှိန်းက အူလှိုက် သည်းလှိုက် ရယ်လေလျှင် ဆက်ရှိန် ထလာပြီး ...

"ဘာဖြစ်တာလဲ"

"ဟား ဟား ...ဘာဖြစ်ရမှာလဲ။ ရိုးမြေလိမ်းလာတဲ့ သနပ်ခါးကိုကြည့်ဦး။ မင်းဆူလို့ အဲဒီလိုလိမ်းလာတာတဲ့လေ ... ဟား ဟား"

"ဟင်"

ဆက်ရှိန် ရိုးမြေကိုကြည့်ပြီး ဟင်ခနဲဖြစ်သွားလေသည်။ သူမကိုကြည့်ပြီး ရယ်ချင်စိတ်ပေါက်သွားပေမယ့် မရယ်ဘဲနှင့်သာ။

"ဘာလဲ ...နင်က ငါ့ကိုရွဲ့တာလား"

"...................."

"ကြိုက်တယ် ...နင်ရုပ်ဆိုးလေ ငါက ကြိုက်လေပဲ။ ပြီးတော့ ဒီနေ့ ကျောင်းကို တို့လိုက်ပို့မယ် ... လာ"

ပြောပြီး လက်ကိုဆွဲခေါ်သွားလေတော့ ရိုးမြေ ခြေချင်းခလုတ်တိုက်လုမတတ်နှင့် ပါသွားလေသည်။ ရှိန်းကတော့ ရယ်ရလွန်းလို့ ကားပေါ်ကို တော်တော်နှင့်မတက်နိုင်ပေ။





နိုင်းတဲ့သူက နိုင်း။

လုပ်တဲ့လူကလည်း လုပ်။

တော်တော် လိုက်ဖက်နေကြတယ်ပေါ့လေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟ ဟာ"

"ဘယ်လိုဖြစ်လာတာလဲဟ"

"အဲဒါ ဘယ်သူလဲ။ ပင်ကိုရုပ်ကို မမြင်ရဘူးဟ"

"မျက်နှာကို ရေဆေးကြည့်လေကွာ"

"သွားလေ ... မင်း လိုက်ပက်ပါလား ရေနဲ့"

"ရေ ရေ ရေပေးကြပါ"

"သောက်ဖို့လား"

"ဟုတ်ဘူး။ သကြံန်မကျဘဲ ရေလိုက်ပက်ချင်စိတ် ပေါ်သွားလို့"





လမ်းမှာတွေ့သမျှလူတွေက ရိုးမြေကို အထူးအဆန်းလို ကြည့်ပြီး တစ်ယောက်တစ်ပေါက်နှင့် ပြောသွားကြတယ်လေ။ အချို့က သည်း စသလိုလို နောက်သလိုလိုပြောပြီး ရယ်သွားကြတာ။ ကိုကို့ကို အရွဲ့တိုက်ပြီး လုပ်တုန်းကလုပ်ခဲ့တာ။ အခုကျတော့ ရှက်လိုက်တာ ပြောပါနဲ့တော့။

ကိုကိုများ ဘယ်အချိန် မျက်နှာသစ်နိုင်းမလဲလို့ ထွက်လာမယ့်အသံကို နားစွင့်နေတာ။ အခုထိ ဘာသံမှထွက်မလာပေ။ ရိုးမြေဒီအတိုင်းပဲ နေရတော့မှာလား။

"ဟ ဟ"

"အဲဒါ ဘယ်သူလဲ"

"မသိဘူးလေ၊ လိုက်မေးကြည့်ပါလား"

"ဟော့ကောင် သေသေချာချာကြည့်၊ အဲဒါ ရိုးမြေကျကွ"

"ဟုတ်လို့လား"

"ဘာလို့မဟုတ်ရမှာလဲ။ သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် ငါ မှတ်မိတယ်"

"အေး ... ဟုတ်မယ်ကွ"

"ဟုတ်ပါတယ်ဆိုကွာ။ သူ့ဘေးမှာပါလာတဲ့ ဘဲနှစ်ကောင်ကြည့်။ အဲဒါ ရိုးမြေနဲ့တွဲပြီး ခဏခဏတွေ့ရတဲ့ နှစ်ယောက်ပဲ"

www.burmeseclassic.com



ဟူး ဒီလောက် ရုပ်ပျက်ဆင်းပျက်လုပ်လာတာတောင် မှတ်မိတဲ့သူက ရှိသေးတယ်လား။ အဲဒီကောင် ဘယ်သူလဲ။ ရိုးမြေပုံစံကို အလွတ်ကျက်ထားသလားမသိပါဘူး။ ဆက်ရှိန် ရိုးမြေမျက်နှာကို ငဲ့ကြည့်လိုက်တော့ သနားလည်းသနား။ ရယ်လည်းရယ်ချင်သွားလေသည်။

လုပ်တုန်းက လုပ်လာပြီး အခုတော့ မပြောရဲတော့ဘူး ထင်ပါရဲ့။ သနပ်ခါးထူထူပေါ်မှာ မျက်ရည်စီးကြောင်းက ပေါ်နေတော့ ပုံစံကတော့ ရယ်စရာဖြစ်နေတာ အမှန်ပါ။

"ဟဲ့ . . . အဲဒါ ရိုးမြေဆိုတဲ့တစ်ယောက် မဟုတ်လား"

"အေး . . . ဟုတ်မယ်ထင်တယ်"

"မထင်နဲ့ . . . ဟုတ်ကိုဟုတ်ပါတယ်"

"ဘယ်အဖြစ် နွယ်ရစ်လာပါလိမ့်ဟယ်"

"စိတ်မှကောင်းသေးရဲ့လား မသိဘူး"

အချို့မိန်းကလေးချင်းတွေကျတော့ ရိုးမြေလှတာကို မနာလိုတဲ့သူတွေ ရှိသည်လေ။ အဲဒါကြောင့် မဲ့ရွဲ့ပြီး ဟားသွားကြတာတွေလည်း ရှိတော့ ရှိုင်း ရိုးမြေကိုသနားလိုက်တာ။ ဆက်ရှိန်နဲ့တော့ ခက်တော့တာပဲ။

"ကျွတ်"





ရှိုင်း ဆက်ပြီးသည်းခံမနေနိုင်တော့တာမို့ . . .

"ရိုးမြေ"

". . . . . . . . . . . ."

"ရိုးမြေ"

"ဟင်"

သူ့ကိုမော့ကြည့်လိုက်တဲ့ မျက်နှာလေးမှာ မျက်ရည်တွေနှင့်ပါ။ ရှိုင်း အစကတည်းက တစ်နေရာရာမှာ မျက်နှာသစ်နိုင်းဖို့ စိတ်ကူးရှိလို့ ရေသန့်နှစ်ဘူး ဝင်ဝယ်လာခဲ့သည်လေ။ ဆက်ရှိန် ဘာမှမပြောသေးလို့သာ မပေးသေးတာ။ အခုတော့ သူ့ခွင့်ပြုချက်ကို စောင့်မနေနိုင်တော့ပါဘူး။

ဒါကြောင့် . . .

"ရော့ . . . မျက်နှာသစ်လိုက်တော့"

ရေသန့်ဘူးကို ပေးပေမယ့် ရိုးမြေက မယူဘဲ . . .

"အဟင့်"

"မငိုနဲ့လေ၊ ရော့ . . . ယူ သစ်"

လက်ထဲကိုထည့်ပေးပြီး ရှိုင်း ရိုးမြေလက်ကိုဆွဲကာ မျက်နှာသစ်လို့ရမည့်နေရာသို့ ခေါ်လာခဲ့တော့သည်။ ရိုးမြေကတော့ ရှိုက်ကာ ရှိုက်ကာ ငိုနေဆဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ရိုးမြေရယ် . . . ငိုမနေနဲ့တော့နော်။ မျက်နှာသစ်လိုက် ကလေးလည်းမဟုတ်ဘဲနဲ့ တိတ်တော့။ သူသဘောမတွေ့လို့ ပြေ တိုင်း နင်က လိုက်ရွဲ့တာကို။ နောက်ကိုမရွဲ့နဲ့ ကြားလား"

ဆက်ရှိန်က ခပ်လှမ်းလှမ်းမှာနေပြီး ရပ်ကြည့်နေလေသည် ရှိုင်း ရေသန့်ဘူးကို ပြန်ယူပြီး ဖွင့်လိုက်ကာ ရိုးမြေမျက်နှာကို မော့ လိုက်၏။ ပြီးတော့ ရိုးမြေ ဆံပင်လေးတွေကို သပ်တင်ပေးလိုက်ပြီး

"မျက်စိမှိတ်ထား"

"ကိုကြီးကလည်း မျက်နှာသစ်တာ ငိုသစ်မှရမှာပေါ့လို့"

ရိုးမြေ ရှိုက်သံစွက်ဖက်နေသောအသံနှင့် ပြောလေတော့..

"အေး . . . ဟုတ်သားပဲ။ အဲဒါဆို ငို"

"ရပါတယ်"

"ဘာရတာလဲ"

"ရိုးမြေဘာသာသစ်ပါ့မယ်"

"အင်း"

ရှိုင်း ရေသန့်ဘူးကို ရိုးမြေလက်ထဲထည့်ပေးလိုက်တော့ ရိုးမြေက မျက်နှာသစ်လေလျှင် . . .

"ကြည့်စမ်းပါဦး . . . မျက်နှာသစ်တဲ့ရေက သနပ်ခါးရော လောက်ကိုဖြစ်နေတာ။ အခုနေ သူများကို ဆက်လိမ်းပေးရင်တော့





ဆယ်မျက်နှာလောက် လိမ်းလို့ရတယ်"

". . . . . . . . . . . . . . . . ."

"နားထင်မှာကျန်သေးတယ်"

"သစ်မှာပေါ့ ကိုကြီးရဲ့"

"နှုတ်ခမ်းနီတွေက တစ်မျိုး၊ ဒီဘက်လှည့် ငါဖျက်ပေးမယ်"

"ရပါတယ်"

"မရနဲ့ ပြောရင်ပြောစကားနားထောင်။ နင်ကလေ ဆက်ရှိန် နဲ့ဝဲတန်တယ် သိလား"

ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ပြောရင်း ရှိုင်း ရိုးမြေ နှုတ်ခမ်းက နှုတ်ခမ်းနီတွေကို သူ့ရဲ့လက်ချောင်းများနှင့် ဖိဖျက်ပေးလေ သည်။ သူ့လက်မှာလည်း နှုတ်ခမ်းနီတွေက ပေကျံနေလို့ပေါ့။

"ကိုကြီးလက်မှာ ပေကုန်ပြီ"

"ရပါတယ်"

"ဖျက်လို့ရပါ့မလား။ အဲဒီနှုတ်ခမ်းနီက တော်တော်နဲ့မပျက် ဘူးကိုကြီးရဲ့။ တော်ကြာ ကိုကြီးကောင်မလေးမြင်လို့ တစ်မျိုးထင်နေ ဦးမယ်"

ရှိုင်းရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလေသည်။ အမှန်အတိုင်း ဆိုလည်း ဝန်မခံချင်ပါဘူး။ တကယ်ဆိုရင် ရှိုင်းရင်ထဲမှာရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော ကောင်မလေးက ရိုးမြေပါ။ အခြားမိန်းကလေး အတည်ရော အပျော်ရော မတွဲဖြစ်ပါဘူး။ တွဲချင်စိတ်လည်း မရှိ

နိုင်းနှိုင်းပြစရာမရှိလောက်အောင် . . .

ရှိုင်းရဲ့အချစ်က ပေးဆပ်ခြင်းသက်သက်နဲ့ပေါ့လေ။ ကိုယ့် ရယူပိုင်ဆိုင်ဖို့ ကြိုးစားခွင့်ရှိနေပေမယ့် သူငယ်ချင်းနဲ့ ပြိုင်ဘက် မဖြစ်ချင်ပဲလေ။

ဒါကြောင့် အချစ်ဆိုတာ ရှိုင်းအတွက် သိုသိပ်ဖုက်ကွယ် သိမ်းဆည်းထားရသောအရာပါ။

"အဲဒီအတွက် နင် စိတ်မပူပါနဲ့၊ ငါ့မှာ ဘာကောင်မလေး မရှိဘူး"

"တကယ်"

"အင်"

"မယုံလိုက်တာ။ ညောင်ပင်ကြီးဒီလောက်ကြီးနေတာ ရှုန်း မကာပ်ဘဲ နေမလား"

"တကယ်ပါဆို၊ ယုံပါလို့တော့ မတိုက်တွန်းပါဘူး"

"ကဲ . . . မပြီးကြသေးဘူးလား"

ဆက်ရှိန် လှမ်းမေးလေတော့ နှစ်ယောက်သား စကားစ ဖြတ်ပြီး လှည့်ကြည့်ကာ . . .





"သွားရအောင်"

မျက်နှာသစ်လိုက်လို့ ရေမစင်ဘဲရှိနေသေးတဲ့ ရိုးမြေရဲ့မျက်နှာ သေးက နုဖတ်ဝင်းစက်နေတော့သည်။

ဩော် ဆုတောင်းကောင်းလိုက်တာ ရိုးမြေရယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

လှိုင် ဆက်ရှိန်တို့ အိမ်ကညှော်ခန်းထဲမှာထိုင်ပြီး ဆက်ရှိန်ကို စောင့်နေလိုက်သည်။ အန်တီက အိမ်မှာမရှိဘူးဆိုတော့ ပြောစရာရှိတာ ကို ကိုယ်တစ်ယောက်တည်းပဲ ပြောရတော့မှာပေ့ါ။ အန်တီကို ... လိုက်လို့ရပေမယ့် စောင့်မနေနိုင်တော့ပါဘူး။ နေရာတကာ တိုင်... အောင်လည်း ကလေးမဟုတ်တော့ဘူးလလေ။

ကိုယ့်တာသာပြောတာပဲ ကောင်းလိမ့်မယ်ထင်လို့ ခုလို ... စောင့်နေတာ ကိုယ့်စိတ်နဲ့ကိုယ်မို့ ပျင်းရကောင်းမှန်းလည်း မသိ...

"လှိုင်"

ခေါ်လိုက်တာက ဒေါ်မိုးပါ။ ပန်းသီးဖျော်ရည်ကို လှိုင် ကြ...





...ဆတ်တာသိနေတော့ ပန်းသီးဖျော်ရည် လာချပေးတာပါ။

"အမောပြေသောက်လိုက်ပါဦး"

"ကျေးဇူးပဲ"

ဒေါ်မိုးက အမောပြေလို့ပြောပေမယ့် လှိုင် အမောမပြေနိုင်ပါဘူး။ ဆက်ရှိန်နဲ့ရှိုင်း။ ရိုးမြေကို ကျောင်းလိုက်ပို့တာ ရိုးမြေတို့ ကျောင်းကိုသွားနေတာ ဘာကြောင့်လဲဆိုတာကို သူမသိချင်နေတာ လေ။

ဆက်ရှိန်နဲ့ရှိုင်း နှစ်ယောက်စလုံးဆိုတော့ ဘယ်သူက ဘယ်သူ့နောက်ကို အဖော်လိုက်လဲဆိုတာ သိချင်တာ။

ရှိုင်းနောက်ကို ဆက်ရှိန်က အဖော်လိုက်တယ်ဆိုရင် ပြဿနာမရှိပါဘူး။ ရှိုင်းက ဆက်ရှိန်နောက်ကို အဖော်လိုက်တယ် ဆိုလို့ကတော့ ...

"ဒေါ်မိုး"

"ဟင်"

လှည့်ထွက်သွားမည်ပြုတဲ့ ဒေါ်မိုး၊ လှိုင်ခေါ်လိုက်တာကြောင့် ...ဘက်သို့ ပြန်လှည့်လာလေသည်။

"ရိုးမြေ ပြန်ရောက်ပြီလား"

"ရောက်နေပြီလေ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်နေပြီဆိုရင် သူ့ကို ခဏလောက် သွားခေါ်ပေးမယ်ပါ"

ဒေါ်မိုး တွေခနဲဖြစ်သွားလေသည်။ ဘာပြဿနာ ရှာဦးမည်လဲတော့ မသိပါဘူး။ ခုအချိန်မှာ ပြဿနာဖြစ်လို့ကတော့ ရိုးမြေဘက်ကနေ ကာကွယ်ပေးမယ့်သူ မရှိဘူးလေ။ ကိုယ်က ဘာမှဝင်ပြောပိုင်ခွင့်မှမရှိတာ။

ဒီတော့ ခေါ်မပေးတာအကောင်းဆုံးပါပဲ။ လှိုင်က ဒီအိမ်ရဲ့ အခွင့်ထူးခံလိုဖြစ်နေတော့ ...

တစ်ခုခုဆို ...

ငါနိုင် ငါစီးပြောလည်း သူ့ကို မတားရဲဘူးလေ။ သူက သူ့ဌေးသမီး၊ ရိုးမြေက အစေခံသာသာဘဝ။ မတူညီတဲ့ဘဝနှစ်ခုကို လိုက်ပြီး ယှဉ်ပြိုင်တုပနေချင်တာ မရှက်ဘူးလား မသိပေ။ တကယ်ဆို ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေလိုက်ပါတဲ့လား။ ရိုးမြေက သူ့အတွက် ပြိုင်ဘက်မှမဟုတ်ပဲလေ။

သူ့ခများ ...

သူ့ဘဝသူသိလို့ အေးအေးဆေးဆေး နေရှာတာပါ။

"သွားခေါ်ပေးလို့ မဖြစ်ဘူးထင်တယ် လှိုင်ရဲ့"

လှိုင် မျက်မှောင်ကြုတ်သွားပြီး ...





"ဘာဖြစ်လို့လဲ"

"ဒေါ်မိုး ဟင်းအိုးတည်ထားတယ်လေ။ တော်ကြာ ဒေါ်မိုး သွားနေတုန်း ဟင်းအိုးတူးသွားရင်ဒုက္ခ၊ ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"ဒေါ်မိုး သွားခေါ်ပေးမယ်၊ လှိုင်က ဟင်းအိုးကြည့်ထားပေးလေ"

"ဘာ"

လှိုင် ခါးမတ်သွားပြီး ဒေါ်မိုးကို ခပ်စူးစူးကြည့်လေသည်။ ဒေါ်မိုး ပြုံးလိုက်ချင်ပေမယ့် ပြုံးလို့ကမဖြစ်ဘူးလေ။ ဒေါ်မိုးသိတာပေါ့။ လှိုင် ဒီအလုပ်မျိုးကို လုပ်မှာမဟုတ်ဘူးဆိုတာ။ ဒါကြောင့်ပဲ မလုပ်မှန်းသိလို့ တမင်ပြောလိုက်တာပါ။

"သွားမခေါ်နဲ့ နေပါစေ၊ တစ်သက်လုံးက လှိုင် ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေလာတာ အခုလုပ်စရာလား။ ဒေါ်မိုး မသိဘူးလား"

"သိ သိပါတယ် အဲ"

"................."

"ပြောရင်းဆိုရင်း ဟင်းအိုးများ တူးနေပြီလားမသိဘူး။ ဒေါ်မိုး သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်းနဲ့ ဒေါ်မိုး လှိုင်ရှေ့မှထွက်လာခဲ့တော့သည်။ ထွက်လာဖို့မလာဖို့ သူ့ခွင့်ပြုချက်ကို ရယူဖို့မလိုပေမယ့် လူမှုရေးအရ အမြင်ကောင်းအောင် ညာခဲ့ရတာလေ။ တကယ်တော့ ဒေါ်မိုး ဟင်းအိုးတည်ထားတာ မဟုတ်ပါဘူး။ ခေတ်ဘူးထဲထည့်ဖို့ ရေနွေးအိုးတည်ထားတာပါ။

ဒီလိုမှမညာရင် ...

ရိုးမြေကို သွားခေါ်ပေးရမှာမဟုတ်လား။

"တောက်"

လှိုင် စိတ်တိုင်းမကျစွာနှင့် တက်ခေါက်လိုက်မိသည်။ ဆက်ရှိန်ဆိုတဲ့ကောင် ပြန်လာပါစေ။ ကိုယ်ကတော့ သူ့ကိုချစ်လိုက်ရတာ။ သူကတော့ ကိုယ့်ကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့ပင်မမှတ်ပေ။

ဟော ...

ကားသံကြားတယ်။ ပြန်လာပြီထင်တယ်။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ ဆက်ရှိန်ရယ်။

"မင်းကလည်းကွာ ဒါလေးမေးတာ ဘာဖြစ်သွားမှာမှတ်လို့ ငါက ရိုးရိုးသားသားနဲ့ သိချင်လို့ မေးတာပါကွ"

"ရိုးရိုးလည်းမမေးနဲ့ ဆန်းဆန်းလည်းမမေးနဲ့ ငါမကြိုက်ဘူး"





"အေးပါ ... မင်းမကြိုက်ဘူးဆိုလည်း နောက်ကို ငါမမေးတော့ပါဘူး။ ငါ့ဘာသာပဲ စုံစမ်းတော့မယ်"

"ဘာကွ"

"ဟ ... ဘာဖြစ်တာလဲ"

"မင်းက ဘာလို့ သူ့အကြောင်းကို သိချင်နေတာလဲ။ မင်း သူငယ်ချင်းဖြစ်နေလို့ သည်းခံနေတာနော် မောင်မောင်ကျော်။ မဟုတ်လို့ကတော့"

"ဘာလုပ်မှာလဲ"

"လက်သီးစာကျွေးပြီးပြီ"

မောင်မောင်ကျော်က စိတ်မဆိုးသည့်အပြင် ရယ်လေတော့သည်။ ဒီကောင် အိမ်ကိုအလာစိပ်နေတာ ဆက်ရှိန်မကြိုက်ပေ။ ရှိုင်းနဲ့လည်း သူငယ်ချင်းပဲဥစ္စာ။ ရှိုင်းအိမ်ကျတော့ သိပ်မသွားဖြစ်ဘူးလေ။

ဒါ ဘာအချိုးတဲ့လဲ။ မြွေမြွေချင်းတော့ ခြေမြင်တာပေါ့။ ဒါပေမဲ့ သူငယ်ချင်းဆိုတော့ အဆင်ပြေအောင်ပဲ ပြောဆိုဆက်ဆံနေရတာ ဝဋ်တစ်ခုလိုပါ။

လှိုင် ... ဆက်ရှိန်နဲ့ သူ့သူငယ်ချင်း ဝင်လာတာမြင်တာနှင့် ချောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

လှိုင်ကို ဆက်ရှိန်မြင်သွားပြီး ခြေလှမ်း တုံ့မလိုဖြစ်သွားပြီး မရပ်ဖြစ်ဘဲ ဆက်လျှောက်လာကာ ...

"လှိုင် ရောက်နေတာကိုး"

"ဟုတ်တယ် ... ငါ နင့်ကိုစောင့်နေတာ"

"ဟုတ်လား ... ဘာပြောစရာရှိလို့လဲ"

"ပြောစရာရှိတာထက် မေးစရာရှိတာ"

"မောင်မောင်ကျော် ထိုင်ကွာ"

ဆက်ရှိန် မောင်မောင်ကျော်ကိုထိုင်ခိုင်းပြီး သူလည်း ထိုင်လိုက်ကာ ထိုင်လို့နေရာကျပြီဆိုမှ လှိုင်ကို ပြောဆိုသောသဘောနှင့် မေးဆတ်ပြလေလျှင် ...

"နင် ရိုးမြေကို ကျောင်းလိုက်ပို့တယ်ဆိုတာ ဟုတ်လား"

"ဟုတ်တယ် ... ရှိုင်းနဲ့အတူတူလေ"

"ပြီးတော့ ရိုးမြေရှိတဲ့ကျောင်းကို ခဏခဏသွားနေတာ ရော"

"နေစမ်းပါဦး ... နင်က ငါ့ကို ဘာလို့ ရဲစစ်ပုလိပ်လို လိုက်စစ်နေရတာလဲ။ ငါ့ခြေထောက်နဲ့ငါ သွားချင်ရာသွားမယ် လာချင်ရာလာမယ်၊ နင်နဲ့ဘာဆိုင်လို့လဲ"





"ဟဲ့ ... ဆိုင်လို့မေးနေရတာပေါ့။ နင်နဲ့ငါက ဘယ်လို ဆက်သက်မှုရှိတယ်ဆိုတာ နင်မသိတာမဟုတ်ဘူး"

"သူငယ်ချင်းလေ၊ အဲဒါဘာဖြစ်လဲ"

"ဘာ"

လှိုင် ဘာပြောချင်တယ်ဆိုတာကို ဆက်ရှိန် သိတာပေါ့။ ဒါပေမဲ့ ဆက်ရှိန်က အဲဒီကိစ္စကို အတတ်နိုင်ဆုံး မေ့ထားသူလေ။ ကိုယ်ကမှ လက်မခံနိုင်တာ ဘယ်လိုလုပ်ရမလဲ။ နှလုံးသားက ကိုယ့် အမိန့်ပေးတာကို မနာခံတဲ့အပြင် ကိုယ့်ကို အမိန့်ပြန်ပေးနေတာ ဘယ်လိုလုပ်ရမလဲ။

ဆက်ရှိန် နှလုံးသားကပေးတဲ့အမိန့်ကို မလွန်ဆန်နိုင်ပါဘူး။ ဒါကြောင့် လှိုင်ကို မျှော်လင့်ချက်ပေးတဲ့အရိပ်အယောင်မျိုးလည်း သုံးစမပြမိပေ။

"နင် ကွေ့နည်းတစ်ထောင် ရှောင်နည်းတစ်သိန်းနဲ့ စကားကို ဆုတ်ပြီး ရှောင်လွှဲမပစ်နဲ့ ဆက်ရှိန်။ လူကြီးတွေရဲ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ နင်သိတယ်"

"အဲဒါ လူကြီးတွေရဲ့သဘောထားပဲလေ။ ငါ့သဘောထားမှ မဟုတ်တာ"

ဆက်ရှိန့်စကားကြောင့် လှိုင့်မျက်နှာက ပို၍တင်းသည့်အကြ်

www.burmeseclassic.com



တင်းသွားသည်သာ။

"ငါ လိုရင်းကို ရှင်းရှင်းပဲ မေးမယ် ဆက်ရှိန်"

"ဘာလဲ"

"နင်နဲ့လှိုင်း နှစ်ယောက်တည်းက ဘယ်တစ်ယောက်က ရိုးမြေကိုကြိုက်နေတာလဲ။ အဲဒါ ငါသိချင်တယ်"

"အဲဒီမေးခွန်းကို ငါဖြေမှာမဟုတ်ဘူး လှိုင်။ နင်ထင်ချင်တဲ့လူနဲ့ ထင်နိုင်တယ်"

"ဆက်ရှိန်"

"နင်နဲ့ငါ့ကို လူကြီးတွေသဘောတူထားတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ စေ့စပ်ဖို့တွေ လက်ထပ်ဖို့တွေ ပြောထားတာမဟုတ်သေးတဲ့အတွက် ငါ့မှာ ခေါင်းညိတ်ခွင့် ခေါင်းခါခွင့် မရှိသေးဘူး တစ်ခုတော့ နင်သိထားဖို့လိုတယ်"

"ဘာလဲ"

"ငါက အိမ်ထောင်ရေးကို ဦးနှောက်နဲ့ရွေးချယ်မှာ မဟုတ်ဘူးဆိုတာပဲ။ နှလုံးသားရဲ့အမိန့်ကိုပဲ နာခံမှာ"

ဆက်ရှိန် ပြောပုံက ဘာလဲ။ ကိုယ့်ကို လက်မခံနိုင်ဘူးဆိုတဲ့ သဘောလား။

အဲဒီလိုဖြစ်လာခဲ့ရင်လည်း ရပါတယ်။ လှိုင်ဆိုတဲ့မိန်းမက





ချင်တာကို ရအောင်ယူတတ်တာပဲလေ။ နင် ငါနဲ့ပဲ လက်ထပ်ရမယ် ဆက်ရှိန်။

"ကောင်းပြီလေ၊ နင် ဘယ်သူ့အမိန့်ကို ဘယ်လိုနာခံရမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

"ဆက်ရှိန်"

"............"

"မင်းဟာကြီးက ဘယ်လိုကြီးတုံးကွာ။ အခုကတည်းကကို ဆက်ဆံတာ အထက်စီးလေသံနဲ့။ ယူပြီးလို့ကတော့ ဟီး တွေးကြည့်ရုံနဲ့တောင် ကြက်သီးထစရာကြီး"

"မင်းစောင့်ကြည့် ... ငါ့ရဲ့လက်တွဲဖော်က သူ ဘယ်တော့မှ ဖြစ်စေရဘူး"

အဲဒါ ဆက်ရှိန်ရဲ့ ဆုံးဖြတ်ချက်ပါ။ အသွင်တူမှ အိမ်သူဖြစ်တယ်တဲ့။ လှိုင်နဲ့သူက ဂုဏ်၊ ပကာသနတွေ တူညီချက်ရှိပေမယ့် စိတ်ဓာတ်နဲ့ အကျင့်စရိုက်တွေက တူမှမတူဘဲဥစ္စာ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဘကြီးက တစ်နေ့ကုန်သွားလိုက် လာလိုက်နှင့် အလုပ်ရှု ပင်ပန်းနေတော့ ညဘက်ဆိုရင် အမြဲတမ်း စောစောအိပ်သည်လေ ရိုးမြေကတော့ စာကျက်ပေါ့။ အခုညတော့ ဘကြီးက ခြေသလုံးကြော တွေတင်းနေတယ်ဆိုတာနှင့် ရိုးမြေက နှိပ်ပေးနေသည်သာ။ ဒါကြောင့် သာ ဘကြီးမအိပ်သေးတာ ဖြစ်၏။

"ကလေး"

"ရှင် ဘကြီး"

"ရပြီ၊ ဘကြီး သက်သာပါပြီ။ ကလေးစာကျက်ရင် ကျက် တော့လေ"





"တကယ်ရလို့လား ဘကြီးရဲ့"

"တကယ်သက်သာသွားပါပြီ အင်း ... အသက်ကလေးရ လာပြီဆိုတော့ အဖုးတွေ အကင်းတွေ ကြွေကုန်ပြီပေါ့။ နောက်ဆို ညှိလာပြီး တစ်ခုပြီးတစ်ခု ကြွေကုန်တော့မှာပါ"

"ဟာ ... ဘကြီးကလည်း ဘာတွေလျှောက်ပြောနေတာ လဲ။ ဘကြီး နောက်ထပ်နှစ်တွေအကြာကြီး နေရဦးမှာပါ"

ဦးဝင်းခိုင် တူမချော၏ ခေါင်းလေးကိုကိုင်လိုက်ပြီး ...

"သေခြင်းတရားဆိုတာ လွန်ဆန်လို့မှမရဘဲ သမီးရဲ့။ သူတွေက မေ့ထားလို့ သေခြင်းတရားက ပြန်မေ့နေမှာမှ မဟုတ်ဘဲ၊ သူမှန်ရင် အိုရမယ်၊ နာရမယ်၊ သေရမယ်။ ဒါ ... မေ့တာပဲမဟုတ် သား။ အဲဒီတော့ ရှောင်လွှဲလို့မရတဲ့ သေခြင်းတရားကို ရင်ဆိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့လိုတာပေါ့"

"ဟုတ်တော့ ... ဟုတ်ပါတယ်၊ ဒါပေမဲ့"

ရိုးမြေ ရှေ့ဆက်မပြောတတ်တော့ပဲ မျက်ရည်ကဝေ့လာလေ သည်။ သူမဘဝမှာ ဘကြီးကသာ တစ်ဦးတည်းသော အားကိုး အွယ်တာစရာပါ။ ဘကြီးသာမရှိတော့ရင်လို့ တွေးမိတော့ အတွေးနှင့် တောင် ရင်ထဲမှာ မခံစားနိုင်ပါဘူး။ ရိုးမြေဘဝမှာ ဘကြီးက အဖေ၊ ဘကြီးကပဲ အမေ ဖြစ်နေတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ်လို့ သတ္တိ မွေးထားပေမယ့် တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် အားပေးနှစ်သိ ပေးမယ့်သူတော့ လိုသေးတာပေါ့။

"ကလေး"

"……………"

"ဟင် … ငိုနေတာလား။ သြော် … ဒီကလေးနဲ့ ခက် တာပဲ။ ဘကြီးက လွန်ဆန်လို့မရတဲ့ သဘာဝတရားကို ပြောပြတာ ကလေးရဲ့။ အဲဒါ ငိုစရာလား။ ကဲ … တိတ် တိတ်မငိုနဲ့"

"ငိုမှာပေါ့ ဘကြီးက သေဖို့ပြောနေတာပဲဥစ္စာ။ ဘကြီးမရှိ သမီးက ဘယ်သူ့ကိုသွားပြီး အားကိုးရမှာလဲလို့"

"ဘကြီးက အခု သေသေးတာမှမဟုတ်ဘဲ ကလေး နောက်ဆို ကလေးမှာ မိသားစုတွေရှိလာမှာပေါ့"

"ဟင်"

မိသားစုဆိုလို့ ရိုးမြေ တွေတွေကလေးဖြစ်သွားလေသည် ဘကြီး ဘာပြောတယ်ဆိုတာ အဓိပ္ပာယ်ကို နားလည်သလိုလိုပါပဲ ဒါပေမဲ့ မဖြစ်လာသေးတဲ့မိသားစုဘဝထက် ရိုးမြေက ဖြစ်တည်နေ မိသားစုဘဝကိုပဲ ခင်တွယ်ကာ ဘကြီးသာလျှင် သူမ၏ဘဝ ဖြစ် ခဲ့သည်သာ။





"ဘကြီးမသေခင်မှာ ကလေးကို သင့်တော်တဲ့သူနဲ့ အိမ် ထောင်ရက်သား ချပေးခဲ့ချင်တယ်"

"ဘကြီးကလည်း"

"အခုကတော့ ငယ်ပါသေးတယ်။ ကျောင်းပြီးရင်တော့ ကလေးမှာ ချစ်သူရှိရင်လည်း ပြောလေ။ လူရှုပ်လူပွေတွေတော့ မဖြစ်စေနဲ့ပေါ့"

"စိတ်ချပါ ဘကြီး၊ ရိုးမြေ စဉ်းစားတတ်ပါတယ်"

"အေး အေး … ဘကြီး ယုံပါတယ်ကွယ်"

ဦးဝင်းခိုင် မီးရောင်အောက်မှာ တူမချော၏မျက်နှာလေးကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ သူ့ တစ်ခုတော့ စိုးရိမ်နေသည် လေ။ ရိုးမြေနဲ့ ဆက်ရှိန် ပတ်သက်နေမှာကိုတော့ မလိုလားပေ။ မတူညီတဲ့ဘဝနှစ်ခု ဆက်စပ်မိမည်ဆိုလျှင် ကြေကွဲစရာတွေ၊ ရင်နာ စရာတွေ ဖြစ်လာမှာ အမှန်ပါပဲ။

အခု ပတ်သက်မှုမရှိတာတောင် …

မထက်နဲ့လှိုင်က ရိုးမြေကို မြင်တာနဲ့ ခြေထောက်ခွေးချေး ပေသလိုမျိုး ရွံရှာစက်ဆုပ်တဲ့ပုံစံမျိုးတွေနှင့်ပါ။ ကိုယ့်ရင်ထဲမှာ နာကျင် ရပေမယ့် ဒီအိမ်ကနေ ထွက်မသွားနိုင်တာသည် ဆရာက သူတို့ အပေါ်မှာ ကောင်းနေခဲ့တာကိုး။ တစ်ဖက်ကမကောင်းပေမယ့်ဘာစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က ကောင်းနေတော့ ဒီလိုပဲ မကောင်းတာကို ကောင်းတာနဲ့ ချေဖျက်ပစ်နေရတာပေါ့။

"ကလေး"

"ရှင်"

"ကလေးကို ဘကြီးတစ်ခုတော့ မှာပါရစေ"

"ဟုတ်ကဲ့ . . . ပြောပါ ဘကြီး"

"ကလေး ဆက်ရှိန်နဲ့ အတတ်နိုင်ဆုံး မပတ်သက်မိအောင် နေပါကွယ်။ ဘကြီး ဘာကြောင့် ဒီလိုပြောရတယ်ဆိုတာကို ကလေး သဘောပေါက်မှာပါ"

ရိုးမြေ ခေါင်းညိတ်ပြလိုက်၏။ သိပါတယ်လေ၊ သိလို့လည်း ရိုးမြေ မပတ်သက်မိအောင်နေသားပဲ။ သူကလာပတ်သက်တော့ ရိုးမြေမှာ မလွှန်ဆန်ဝံ့ပြန်ဘူးလေ။

❋



## အခန်း (၁၉)

"ရိုးမြေ"

". . . . . . . . . . . . . . ."

"ရိုးမြေ"

ရိုးမြေနာမည်ကိုခေါ်ပြီး တန်းလျားပေါ်သို့ တက်လာသူက မှိုင်းပါ။ ရိုးမြေက ခေါင်းဖြီးနေရင်းမှ အခန်းထဲကနေ ထွက်လာပြီး . .

"ကိုကြီး ဘာလာလုပ်တာလဲဟင်"

"ကျောင်းသွားဖို့ နင့်ကိုလာခေါ်တာလေ"

"ဟာ . . . ရိုးမြေကို လိုက်မပို့ပါနဲ့။ နေ့တိုင်းဆို မကောင်းပါဘူး။ ရိုးမြေဘာသာပဲ သွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မ,လှျာရှည်၊ လှျာရှည်တာ ငါမကြိုက်ဘူးနော် နင် ဘာမှတွေးပူမနေနဲ့။ ဒီနေ့ ငါ့ကားနဲ့သွားမှာ၊ ဆက်ရှိန်က ကားနဲ့သူ့ပဲ။ ငါ့အိမ်က အေးဆေးပါ။ မေမေက နင့်ကို သနားနေတာ ပဲဥစ္စာ"

"ဟင်"

ရိုးမြေ အံ့ဩသွားတာလားတော့မသိပေ။ မျက်လုံးဝိုင်း လေးနှင့် ရှိုင်းကိုကြည့်နေ၏။ ရှိုင်းပြောတာတွေက အမှန်ပဲလေ ခါတိုင်းဆို ဆက်ရှိန်ကားနဲ့ပဲ အတူတူသွားကြတာလေ။ ဆက်ရှိန်ပြော တာ လိုင်က သူ့ကို စစ်လားဆေးလား မေးလားမြန်းလား လုပ် တယ်တဲ့။

ဒါကြောင့် . . .

ရှိုင်း ကိုယ့်ကားနဲ့ပဲ ရိုးမြေကိုလိုက်ပို့ဖို့ ဆုံးဖြတ်လိုက်တာ ဆက်ရှိန်နဲ့လည်း တိုင်ပင်ပြီးပါပြီ။ ရိုးမြေကို ရှိုင်းက လိုက်ပို့တာဆို ဘာပြဿနာမှ မရှိနိုင်ဘူးလေ။ ရှိုင်းကို သူတို့သြဇာအာဏာပေးခွင့် မရှိတာ။

"ပြင်လို့ပြီးပြီလား"

"'အင်း . . . ပြီးပါပြီ"

"ဒါဆိုသွားမယ်လေ"





ရိုးမြေ ခေါင်းမညိတ် ခေါင်းမခါနှင့် တွေတွေကလေး ရပ်နေ သလျှင် . . .

"ဘာကြည့်နေတာလဲ သွားမယ်ဆို"

"ဟင်အင်း . . . ရိုးမြေ မလိုက်ပါဘူး"

"ရိုးမြေ"

"ရှင်"

"ဘာလဲ . . . နင်က ဆက်ရှိန်မပါလို့ မလိုက်ချင်တာလား"

"ဟာ . . . မဟုတ်တာ ကိုကြီးရဲ့။ အဲဒီလို မဟုတ်ပါဘူး"

"မဟုတ်ရင် လိုက်ခဲ့"

မတတ်သာစွာပဲ ရိုးမြေ သက်ပြင်းလေးချလိုက်မိသည်။ သက်ပြင်းနေရင် တစ်မျိုးထင်ဦးမယ်လေ။ ဆက်ရှိန်မပါလို့လားဆိုတဲ့ စကားကို နောက်ထပ် အမေးမခံချင်ပါဘူး။ တကယ်ဆို ရိုးမြေ နှစ် ယောက်စလုံးကို ခင်ပြီး အဆင့်အတန်းချင်းမတူတော့ နှစ်ယောက် စလုံးနဲ့ပဲ မပတ်သက်ချင်တာပါ။

ရိုးမြေက . . .

ကိုယ့်တာဝန်နဲ့ကိုယ်ပဲ အေးအေးချမ်းချမ်းနေချင်သူပါ။ သူတို့က ဘာပြီး ပတ်သက်နေတာကို ဘယ်လိုပြောလွှတ်ရမလဲ။

"ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သွားမယ်လေ"

"ဩော် … အင်း ခဏနော်"

ရိုးမြေ လွယ်အိတ်ကလေးကို သွားယူလေသည်။ နောက် ကျရင် ရိုးမြေ စောစောသွားမှပါ။ ဒါမှ သူတို့လာခေါ်လို့မရမှာ ဒီနေ့တော့ ရှိပါစေတော့။ ရိုးမြေ လွယ်အိတ်ကိုယူပြီး ဒီဘက် ပြန်အလှည့်တွင် …

"အင့်"

"ဟ"

ရှိုင်းက အနားရောက်လာပြီး နောက်မှာရစ်နေတော့ ရိုး သူ့ရင်ဘတ်ကို ဝင်တိုက်မိပြီး ရင်ခွင်ထဲသို့ တိုးဝင်သလိုဖြစ်သွား သည်။ ရှိုင်းက နောက်သို့ယိုင်သွားတဲ့ သူ့ကိုယ်ကို ပြန်ထိန်းပြီး ရိုး ပခုံးလေးကို ကိုင်မိလေလျှင် ရိုးမြေ ကမန်းကတမ်းပဲ နောက်ပြန်ဆု လိုက်လေတော့ …

"အ"

"ဟင်"

"လုပ်ပါဦး"

"ဘာဖြစ်လို့လဲ"





"ဆံပင် ဘာနဲ့ငြိနေတယ် မသိဘူး"

ရိုးမြေ မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် သူမဆံပင်စကို ကိုင်ပြီး ပြောလေတော့ ရှိုင်းလည်း ဘာနဲ့ငြိနေသလဲဆိုတာကို ငုံ့ကြည့်မိလေသည်။

"အင်္ကျီကြယ်သီးနဲ့ငြိနေတာ။ နေဦး ငါဖြုတ်ပေးမယ်။ နင် ငြိမ်ငြိမ်နေ"

ငြိမ်ငြိမ်နေဆိုတော့ ရိုးမြေ ငြိမ်ငြိမ်လေးနေပေးလိုက်၏။ တော့ ရှိုင်းဖြုတ်နေတုန်းမှာ စောစောက သူမခေါင်းနဲ့ ဝင်တိုးမိတာ ရင်ဘတ်နာသွားလေမလားလို့ တွေးမိပြီး …

"ကိုကြီး နာသွားလား"

"ဟင် … ဘာကိုလဲ"

"ရင်ဘတ်နာသွားလားလို့မေးတာလေ"

"ရပါတယ်"

"ဘာရပါတယ်လဲ"

"မနာပါဘူးလို့ ပြောတာဟ"

နာသွားတာထက် ကိုယ်ချစ်ရတဲ့သူ ခေါင်းလေးနဲ့တိုးဝှေ့ခံ က်ရတဲ့ ဒီရင်ဘတ်ကို ဖြစ်နိုင်ရင် ရွှေချပြီးသိမ်းထားလိုက်ချင်တာပါ။ ကို ကိုယ့်ချစ်တယ် ရိုးမြေ။ ဒါပေမဲ့ ကိုယ့်မှာ ဖွင့်ပြောခွင့်မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းကိုချစ်တဲ့အချစ်တွေကို . . .

ကိုယ့်ရဲ့ဘယ်ဘက်ရင်အုံမှာ ထာဝရသိမ်းဆည်းထားမှာပါ။ ကိုယ်သိပ်ချစ်ရတဲ့ သူငယ်ချင်းအတွက် ကိုယ် သိပ်ချစ်ရတဲ့ချစ်သူ မြင်သာမြင် မကြင်ရတဲ့ဘဝနဲ့ မင်းဘဝလေး သာယာချမ်းမြေ့ဖို့အတွက် ကိုယ် ဖြူစင်သန့်ရှင်းတဲ့အချစ်နဲ့ပဲ ကူညီစောင့်ရှောက်သွားပါရစေ ရိုးမြေ

"ရိုးမြေ"

"ရှင်"

"ဆံပင်တွေ ဖြတ်မပစ်ရဘူးနော်၊ ကြားလား"

"ဟုတ်"

"မိန်းကလေးဆိုတာ ဆံပင်ရှည်ရှည်၊ သနပ်ခါးပါးကွက်လေးနဲ့မှ လှတာ။ ကျက်သရေရှိတယ်ဆိုရင် ပိုမှန်တာပေါ့"

"ဟင်"

ရိုးမြေ ကျောင်းသွားပြီလား။ ရှိုင်းနဲ့ တွေ့မှတွေ့ပါ့မလား၊ စိုးရိမ်စိတ်ဖြင့် လာခဲ့တဲ့ဆက်ရှိန်။ ရှိုင်းနဲ့ရိုးမြေကို ပူးပူးကပ်ကပ်အနေ အထားနှင့် တွေ့လိုက်ရတော့ ရင်ဘတ်တစ်ခုလုံး ပူလောင်သွားသေ သည်။ လူအလာနည်းတဲ့ ဒီတန်းလျားပေါ်မှာ နှစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်ရှိနေတာ ဘယ်လောက်ကြာပြီလဲ။

ဘာဖြစ်ပါလိမ့်။





ရင်ဘတ်ထဲမှာ အဲဒီလောက်ပူပြီး အောင့်သက်သက်ဖြစ်သွား တာကို ဘယ်လိုကင်ပွန်းတပ်ရမလဲ။ ရင်ထဲမှာ ဖြစ်ပွားသွားတဲ့ နောက်ဆက်တွဲက မနာလိုဝန်တိုမှုတွေ။ တကယ်ဆို ရှိုင်းက ကိုယ့် သူငယ်ချင်းပဲဥစ္စာ ဘာမနာလိုစရာရှိလို့လဲ။ ရှိုင်းအပေါ်မှာ သူ ဒီလို စိတ်မျိုးထားမိတာ ရိုးမြေနှင့်ပတ်သက်ပြီးမှပါ။

"သွားကြရအောင်"

ရှိုင်း ဒီဘက်သို့ ပြန်လှည့်လာသည်တွင် . . .

"ဟင်"

သူတို့ကို နောက်ခိုင်းပြီး ပြန်လှည့်ထွက်သွားဟန်ရှိသော ဆက်ရှိန်ကို မြင်လိုက်ရတော့ . . .

"ဆက်ရှိန်"

". . . . . . . . . . . . . . . ."

"ဆက်ရှိန်"

ဆက်ရှိန် ခြေလှမ်းက တုံ့ခနဲ ရပ်သွားလေသည်။ ရှိုင်းက အနားကိုရောက်လာတာနှင့် . . .

"ဘာဖြစ်လို့ လှည့်ပြန်တာလဲ"

"ဘာမှမဖြစ်ပါဘူး။ မင်းတို့အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းက ရယ်လိုက်ပြီး ဆက်ရှိန်ပခုံးကိုဖက်လိုက်ကာ ...

"မင်းပြောပုံက ဘာလဲကွ၊ အနှောင့်အယှက်ဖြစ်ရအောင် တို့က ဘာလုပ်နေလို့လဲ၊ ငါ ရိုးမြေကို ကျောင်းသွားဖို့လာခေါ်တာ၊ အဲဒါ ရိုးမြေက လွယ်အိတ်ယူလို့ ရပ်ကြည့်နေမိတာလေ၊ အဲဒီလောက် ကလေးတောင် မကြည့်ရဘူးလား"

"အဲဒီလောက် ရှင်းပြစရာမလိုပါဘူး၊ ငါ နားလည်ပါတယ်"

"ဟင်"

ဘာကို ဘယ်လိုနားလည်လိုက်တာလဲ။ ရှိုင်းရဲ့စိတ်ကိုလား အခုလက်ရှိ အခြေအနေကိုလားတော့မသိပေ။

"မင်းက ဘာကိုနားလည်တာလဲ"

ဆက်ရှိန် ခေါင်းခါလိုက်ပြီး ...

"ငါသွားနှင့်တော့မယ်၊ မင်းတို့ လိုက်လာခဲ့လေ၊ မောင်မောင် ကျော်လည်း ရောက်နေတယ်၊ ရိုးမြေကို ကျောင်းပို့ ကျောင်းကြိုလုပ် ပေးပါရစေဆိုပြီး မေမေ့ဆီမှာ ခွင့်တောင်းနေတာ"

"ဟင်"

"အဟွန်း ... ရိုးမြေကို စိတ်မချတဲ့လူတွေပေါ်နေတော့ မဲတောင်နှိုက်ရမလိုပဲ"

"အဲဒီလိုဖြစ်အောင် ရိုးမြေ ဘာမှမလုပ်ဘူးနော်"





ရိုးမြေ တကယ်တော့ မဖြေရှင်းချင်ပါဘူး၊ မဖြေရှင်းပဲထားရင် ရိုးမြေကပဲ ပြုစားသလိုလို၊ ညို့ထားသလိုလိုနဲ့ အပြောခံရဦးမှာ။ ကြောင့်ပါ။ ရိုးမြေ အဲဒီလို အပြောမခံနိုင်ပါဘူး။

"တကယ်ဆို ရိုးမြေက ဘယ်သူ့အကူအညီကိုမှ မလိုချင် ဘူး၊ ကိုယ့်ခြေထောက်နဲ့ကိုယ်သွားပြီး ထုံးစံအတိုင်း ဘတ်စ်ကားပဲ စီးချင်တာပါ"

"ငါက နင့်ကို ဘာပြောနေလို့လဲ"

"မသိဘူးလေ၊ ကိုကိုပဲ မဲတောင်နှိုက်ရမလိုတဲ့လို့ပြောတော့"

"ကဲပါ ... တော်ကြပါတော့၊ ဒီနေ့တော့ရှိပါစေ၊ နောက်နေ့ ဆွကျရင်တော့ ရိုးမြေဆန္ဒရှိတဲ့လူနဲ့ လိုက်ပါစေ"

"ရိုးမြေ ဘယ်သူနဲ့မှ လိုက်ဖို့ဆန္ဒမရှိပါဘူး၊ အခုလည်း ရိုးမြေဘာသာပဲ သွားပါရစေ"

ပြောပြီး ရိုးမြေက နှစ်ယောက်ကြားမှ တိုးထွက်သွားလေ သျှင် ...

"ဟာ ... ရိုးမြေ"

"ရိုးမြေ"

နှစ်ယောက်သား ရိုးမြေနောက်သို့ လိုက်သွားကြပြီး ရှိုင်းက ရိုးမြေကို သူ့ကားနဲ့လိုက်ခဲ့ဖို့ ပြောလေသည်။ ဆက်ရှိန်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းကားနဲ့ပဲလိုက်သွားဖို့ ပြောနေတုန်းမှာ . . .

"ဆက်ရှိန်"

ဒေါ်ထက်ရှိန်ဝါရဲ့အသံစူးစူးကြောင့် ဆက်ရှိန် ပါးစပ်ရော ခြေလှမ်းရော ရပ်တန့်သွားပြီး . . .

"ကျွတ်"

မိခင်ဆီသို့သာ ပြန်လှည့်လာရတော့သည်။ ဘာပြောဦးမှာလဲ။ ရိုးမြေနဲ့ဆိုရင် ဟိုလူခေါ်တာမကြိုက်၊ ဒီလူနဲ့စကားပြောတာမကြိုက်၊ တကယ်ဆို သူလွတ်လပ်ခွင့်နဲ့သူပဲလေ။ မေမေ ဘာဖြစ်လို့များ ရိုးမြေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကိုပါ ချုပ်ချယ်ကန့်သတ်နေရတာလဲ။

မေတ္တာတရား . . .

ရိုးမြေအပေါ်မှာ ဘာလို့များ မေတ္တာမထားနိုင်ရတာလဲ မေမေ ရယ်။ သူ့အနားရောက်လို့ ပြောလိုက်တဲ့မေမေ့စကားက . . .

"သူ့ဘာသာ သူ့ခြေထောက်နဲ့သူ သွားပါစေ"

❋



## အခန်း (၂၀)

"သူများတွေများ ကုသိုလ်ကံကောင်းလိုက်တာနော်။ သူ့ အမေက ချောချောလှလှလေးမွေးထားတော့ ဆင်းရဲလို့ သူများအိမ် ကပ်နေရတယ်ဆိုတာတောင် ကျောင်းကိုလာတာ ကားအမျိုးမျိုးနဲ့။ ကိုယ်ရံတော်တွေနဲ့"

"အေးဟယ် . . . အားကျလိုက်တာ။ သူ့ဘေးက သုံးယောက် စလုံးက တစ်ယောက်တစ်မျိုးစီ ချောတာနော်။ ဖြောင့်ဖြောင့်တောင့် တောင့်တွေချည်းပဲ"

"ဟဲ့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဟိုခန့်ချောကြီးကို သဘောကျတယ်သိလား။ အဲဒါမျိုးမှ ဆောင်းရာသီဆို စောင်လွှတ်မှာ"

"ကောင်မ"

ပြောပြီး တခစ်ခစ်နှင့် ရယ်ကြလေသည်။ ရိုးမြေ ကျောင်းသွားကျောင်းပြန်လာပို့တဲ့သူ လာကြိုတဲ့သူနဲ့။ ပြီးတော့ ရိုးမြေအနားမှာ ဒီလူတွေကို ခဏခဏတွေ့နေကြတော့ အချို့က ရိုးမြေကို အားကျသလို အချို့ကျတော့ နှာခေါင်းရှုံ့ပြီး ကဲ့ရဲ့ကြလေသည်။ ရိုးမြေ သို့လော သို့လော ပုံစံနဲ့ကြည့်တဲ့ မျက်လုံးတွေဒဏ်ကို မခံချင်ပေ။

ဒါကြောင့် ...

ဒီလိုမလုပ်ပါနဲ့လို့ ငြင်းဆန်ဖို့ကျတော့ အခွင့်အရေးက မရှိပြန်။ ရိုးမြေ သူတို့ကို ကြောက်ရတာကျတော့ ဘယ်သူသိကြသလဲ။ ဘယ်သူက နားလည်ပေးနိုင်ကြသလဲ။

"တို့ မင်းသွားလေရာ အဖော်လိုက်နေရတဲ့ကောင်တွေပါကွာ။ အခု မင်းရဲ့ခေတ်ဆိုတော့ မင်းက မင်းတခေတ်ပေါ့"

မောင်မောင်ကျော်က ဆက်ရှိန်ကိုစလေသည်။ ဟုတ်တယ်လေ၊ အိမ်ကတည်းက အထွက်ကောင်းအောင် မောင်မောင်ကျော်မှာ ဆက်ရှိန်တို့အိမ်ကိုအရင်သွား။ ပြီးမှ ကျောင်းကိုလာရတာ။ ဆက်ရှိန် ရိုးမြေအပေါ်မှာ ဘယ်လိုစိတ်ရှိနေတယ်ဆိုတာ သူသိတာပေါ့။





အကြောင့် တတ်နိုင်သမျှ ကူညီချင်သည်လေ။

ပြီးတော့ ...

မောင်မောင်ကျော် ရိုးမြေကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးဖို့ ခွင့်တောင်းတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။ အခြား ဘာစိတ်ညာစိတ်ကြောင့် မဟုတ်ပါဘူး။ သူ ရိုးမြေအပေါ်မှာ ဘာကြောင့် စေတနာထားနေလဲဆို စေတနာထားရတဲ့အကြောင်းရင်း ရှိသည်လေ။ တစ်နေ့တော့ အဖြေကိုသိရမှာပါ။

အခု ...

မောင်မောင်ကျော် ရိုးမြေကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးဖို့ အန့်တီထက်ဆီမှာ ခွင့်တောင်းပေမယ့် အန့်တီထက်က ခွင့်မပြုပါဘူး။ သူ့ဘဝသူသိအောင် သူ့ဘာသာသူသွားပါစေတဲ့လေ။ မင်းရဲ့အိမ်က သိရင်လည်း ခွင့်ပြုမှာမဟုတ်ဘူး။ အန့်တီလည်းခွင့်မပြုနိုင်ဘူးဆိုတော့ ဘာတတ်နိုင်ခဲ့လို့လဲ။

ပြီးတော့ ...

ရိုးမြေကို ပြောလိုက်တာမှ ရစရာမရှိအောင် ပက်ပက်စက်စက်ပါပဲ။ တစ်နေ့တော့ ရိုးမြေဘဝအကြောင်း သူတို့သိလာရမှာပါလေ။

"ဆက်ရှိန်က မင်းတခေတ်ဆိုတော့ ငါ့ကိုလည်း နာမည်ပေးပါဦးကွ၊ ဘာတခေတ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ရှိုင်းတခေတ်၊ အဲလေ ဖိုးတခေတ်။ မင်းက ဒို တခေတ်၊ ဘာတဲ့ မြေနှင်းရင် မီးတောက်တယ်ဆိုလား"

"ဟား ဟား"

"မင်းကိုတော့ ငါနာမည်ပေးမယ်"

ဆက်ရှိန်က ပြောလေလျှင် ...

"ပေးလေ ... ဘာလဲ"

"ဟော့ကောင်ဆက်ရှိန် ... သူ့ကို ဘာတခေတ်လို့ပေးရ ကောင်းမလဲ"

"ဒီကောင်ကို သူခိုးတခေတ်လို့ နာမည်ပေးမယ်"

"ခွေးကောင်"

ရိုးမြေကတော့ ဘာမှဝင်မပြောဘဲ ရယ်ရုံပဲရယ်နေသည် အခု မောင်မောင်ကျော့အလှည့်မှာတော့ ...

"သူခိုးတခေတ်လို့ လူကြားထဲမှာ မခေါ်မိစေနဲ့နော်။ တော် ကြာ ကလေးသူခိုးဆိုပြီး ဝိုင်းရိုက်နေကြဦးမယ်။ အခုက ကလေးသူခိုး သတင်းတွေ ပျံ့နေတာကို"

"ဟော့ကောင်မောင်မောင် ... ကလေးတော့မခိုးနဲ့ သိလား ယူချင်ရင် ငါ့နှလုံးသားကို ထုတ်ယူစမ်းပါ"

"ဟမ် ... ရှိုင်း မင်းနှလုံးသားကိုထုတ်ယူပြီး ငါက ဘာလုပ်





မှာလဲ။ ဘောလုံးလုပ်ပြီး ကန်ရမှာလား"

"ကင်စားပစ်လိုက်"

ရှိုင်းရဲ့ခံစားမှုတွေ ပေါက်ကွဲသွားခြင်းက အားလုံးအတွက် ရယ်စရာပဲဖြစ်ခဲ့သည်သာ၊ သူငယ်ချင်းတွေအတွက် ပျော်နိုင် ပြုံးနိုင် ရယ်နိုင်ပါစေလေ။

"ဟင်"

သူတို့ရှေ့မှာ မိန်းကလေးသုံးယောက် တန်းပြီးရပ်နေတာမို့ သူတို့လည်း ရယ်လိုက်ကြစဉ် ...

"သိပ်ပျော်နေကြတယ် ထင်တယ်"

"ဟင်"

"ရယ်ကြ မောကြနဲ့ တော်တော် ပျော်နေကြတယ် ထင်တယ် ဟုတ်လား"

"လှိုင်"

"ငါထင်သားပဲ။ နင်တို့ ဒီကိုရောက်နေမယ်ဆိုတာ။ ငါလာ မိတာ မှန်သွားပြီပေါ့"

လှိုင်က ခနဲ့သလိုလို ရွဲ့သလိုလိုနှင့် ပြောလေသည်၊ ဆက်ရှိန် မျက်နှာတင်းခနဲဖြစ်သွားပြီး ...

"ဘာလဲ ... နင်က တို့ကို လာချောင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မချောင်းပါဘူး၊ ပြောင်ပဲလာစောင့်ကြည့်တာ။ မဆိုးပါဘူး ဇာတ်လမ်းကကြည့်လို့ အကောင်းသားပဲ။ မချောတစ်ယောက် ... သုံးယောက်နဲ့"

"လှိုင်"

ရိုးမြေ ခေါင်းလေးငုံ့သွားချိန်မှာ လှိုင်လို့ ခပ်မာမာခေါ်လိုက် သူက ရှိုင်းပါ။

"နင် မိန်းကလေးချင်း ကိုယ်ချင်းစာပြီး ရိုးမြေသိက္ခာ... စော်ကားတဲ့စကားမျိုး မပြောပါနဲ့"

"ဘာ"

"အခု ရိုးမြေရပ်နေတဲ့နေရာမှာ နင်ဆိုရင် နင့်လို သူများ... အဲဒီလိုပြောရင် နင် ကြိုက်မှာလား"

"ကြိုက်ရမှာပေါ့လေ၊ ဘယ်သူနေရာမှာ ဘယ်သူကပဲ အ... ထိုးရပ်ရပ် သူများက ကိုယ့်ကို ဟုတ်တာ,မှန်တာပြောနေ... မှားတဲ့သူက ခံရမှာပဲ ရှိုင်း။ ကိုယ်က အနေမှန်ရင် ဘယ်သူပြောတာ... ဂရုစိုက်စရာမလိုဘူး"

"မှန်ပါတယ်။ အခုလည်း ရိုးမြေက ကိုယ်မှန်နေတဲ့အတွက် ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး။ ပခုံးချင်းယှဉ် အတူသွားတိုင်း... ရည်းစားဖြစ်ရမယ်ဆိုရင် မလှိုင်လည်း ကင်းမယ်မထင်ပါဘူး။ ...





...အဖြစ်ကို လက်တွေ့ပြောပြမယ်။ မနေ့ကညနေ ရိုးမြေ ပန်းပင်တွေ ...ရေလောင်းနေတုန်းက မမလှိုင် ဖြတ်လျှောက်သွားတာ ဘယ်သူနဲ့ ...ခုံးချင်းယှဉ်ပြီးတော့လဲဆိုတာ ပြန်စဉ်းစားလိုက်"

"ဘာ"

ရိုးမြေ ငြိမ်ခံနေတုန်းက ခံခဲ့ပြီးပါပြီ။ အခု မမလှိုင်ပြောနေ ...ာကို သူလှည့်ကြည့် ငါလှည့်ကြည့်၊ ကြည့်သွားတော့ ရှက်သည် ...သ။ ရိုးမြေက အရှက်မရှိတဲ့ မိန်းကလေးမှ မဟုတ်တာ။ ဒါကြောင့် ...ကြာက်ကျွဲပြန်ခတ်ရင် သေတတ်တယ်ဆိုသလိုပေါ့။ ရှက်လို့ ခေါင်း ...ကို ဆတ်ခနဲမော့ပြီး ပြန်ချေပလိုက်တဲ့စကားလုံးက လှိုင့်ကို ဆတ်ဆတ် ...သွားစေသည်။

လှိုင် ...

ရိုးမြေမျက်နှာကို စူးခနဲကြည့်ပြီး နှုတ်ခမ်းကိုဖိကိုက်မိလိုက်၏။ ...က ဆက်ရှိနိုတ့်အိမ်ကို ဖေဖေနဲ့လှိုင် သွားခဲ့တာလေ။ သားအဖတွေ ...ခုံးချင်းယှဉ်လျှောက်ခဲ့ကြသည်ပေါ့။ ရိုးမြေ ပြောလိုက်တာ ဖေဖေနဲ့ ...သူမကို ...

"နင် စကားပြောတာ ရှိုင်းလှချေလား။ နင် ငါ့ကို ဘယ်တုန်း ...က ခုလိုပြန်ပြောဖူးလို့လဲ"

"ခွေးတောင်မှ ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မမလှိုင်။ ပြဿနာတစ်ခုဖြစ်လာရင် ဘယ်သူမဆို ပြန်လည်ချေပခွင့် ရှိတယ်။ အခု ရိုးမြေက မမလှိုင်မွေးထားတဲ့ ခွေးမဟုတ်ဘူး"

"ဇတောက် ... ကောင်မ တော်တော်လူပါးဝနေပါလား နင်က သူတို့အားကိုးနဲ့ပေါ့လေ ဟုတ်လား"

လှိုင် ရှေ့တိုးလာပြီး လက်တစ်ဖက်က မြှောက်တက်သွား လေလျှင် ...

"လှိုင်"

"ရိုးမြေ"

ဆက်ရှိန်က လျှင်မြန်စွာ လှိုင့်လက်ကို ဖမ်းဆုပ်ထားပြီး ရှိုင်းက ရိုးမြေကိုယ်လေးကို သူ့နောက်ကျောသို့ ကပ်စေပြီး သူ ရိုးမြေရှေ့ကနေ ကာရပ်ထားလေသည်။ မောင်မောင်ကျော်ကတော့ အကြောင်းသားနှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ပါဘူး။ လှိုင် လက်ကို ဆောင့်ရုန်းတော့ ဆက်ရှိန် လွှတ်ပေးလိုက်ပြီး ...

"နင် လက်မပါနဲ့နော် လှိုင်"

"တောက်"

လှိုင် ဆက်ရှိန်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လေသည်။ လှိုင့်သူငယ်ချင်းတွေက လှိုင့်လက်ကိုဆွဲပြီး ...

"လှိုင် တော်တော့၊ တို့သွားရအောင်"





"ဟုတ်တယ်လှိုင်၊ နင့်ရုပ်ရည် နင့်အဆင့်အတန်းနဲ့ ယောကျ်ားတစ်ယောက်အတွက် ဒီလိုမိန်းမမျိုးနဲ့ တုပြိုင်ရန်ဖြစ်ရတာ တန်ပါဘူးဟာ"

"ဘာ"

ဆက်ရှိန် လှိုင့်သူငယ်ချင်းတွေကို ဒေါသမျက်ဝန်းတွေနှင့် ကြည့်ပစ်လိုက်၏။ လှိုင့်သူငယ်ချင်းတွေကလည်း လှိုင့်လေသံနဲ့ တစ်ထပ်တည်းပါပဲလား။ ဒါကြောင့် ...

"ကိုယ်နဲ့မဆိုင်ရင် ဝင်မပြောကြနဲ့နော်"

"ဟဲ့ ... ဆိုင်လို့ပြောနေရတာပေါ့။ လှိုင်က တို့သူငယ်ချင်း"

လှိုင် သူငယ်ချင်းတွေကို လက်ကာ၍တားလိုက်ပြီး ...

"ငါ ဒီတစ်ခါ မေးမယ့်မေးခွန်းကို ရှိုင်းကိုပဲ မေးတော့မယ်"

ရှိုင်းက မေးဆိုသောသဘောနှင့် မေးဆတ်ပြလေလျှင် ...

"အခု နင်တို့သုံးယောက်ထဲက ရိုးမြေကို ဘယ်သူချစ်နေတာ ငါ ဒါကို ငါ ရှင်းရှင်းလင်းလင်းသိချင်တယ်"

"ငါ"

"ငါပဲ"

ဆက်ရှိန်နဲ့ရှိုင်း ပြိုင်တူဖြေပြီး တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်မိသွားကြလေသည်။ ရိုးမြေကတော့ အံ့သြကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားဟန်နှင့် ဆက်ရှိန်ကိုကြည့်လိုက်၊ ရှိုင်းကိုကြည့်လိုက်ဖြစ်သွား လေသည်။

"ဒါဆို နှစ်ယောက်စလုံးပေါ့ ဟုတ်လား"

"...............”

"ဖြေကြလေ"

"နှင့်ကို ရွဲ့ပြောနေကြတာဟာ သိပြီလား။ ရွဲ့လို့ ရွဲ့မှန်းလည်း မသိပါလား ... ကျွတ်"

အခြေအနေကိုထိန်းပြီး ဝင်ပြောလိုက်သူက မောင်မော ကျော်ပါ။ ဒီလိုမှမပြောရင် ရှုပ်ကုန်တော့မှာလေ။

"ကဲပါ လှိုင်ရယ် ... သူများတွေ ဝိုင်းကြည့်နေတာ ရှက်စ ကောင်းပါတယ်။ လာ သွားရအောင်"

"ဟုတ်တယ် လှိုင်၊ သွားမယ်"

သူငယ်ချင်းတွေ ဆွဲခေါ်လို့ လှိုင် လိုက်သွားရသည်။ ခွေးဝမ်းထဲ ဆန်မကြေဆိုတာမျိုးပါ။ သူတို့အဖြေက တိကျမှုမ လေ။ လှိုင်က တိတိကျကျသိချင်တာ။

❋



## အခန်း (၂၁)

"ဖြန်း"

"...............”

"ဖြန်း"

ဒေါ်ထက်ရှိန်ဝါ သား၏ပါးပြင်ကို ဘယ်ပြန်ညာပြန် ရိုက်ချ လိုက်သည်။ ဘုန်းဆက်ရှိန်သာဆိုတဲ့ လူတစ်ယောက် လူ့လောက ကို ရောက်လာကတည်းက ပိုးလိုမွေးပြီး ရွှေလိုဥထားခဲ့တာ။ အခုလို းကိုရိုက်ဖို့မပြောနှင့် တင်ပါးကိုတောင် မရိုက်ခဲ့ဖူးပေ။ တစ်ဦးတည်း သောသားလေးမို့ ...

ရွှေမရှား ငွေမရှားနဲ့ ပြည့်စုံအောင်ထားတဲ့အပြင် သူလိုသမျှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေခဲ့တာလေ။ အခု အလိုလိုက်လို့ အမိုက်စော်ကား ကိုယ်သဘော တူတဲ့မိန်းကလေးကိုကျတော့ မတူမတန်သလို ဆက်ဆံပြီး ကိုယ့်အိမ် ကအခိုင်းအစေကိုကျတော့ ချစ်တယ်ဆိုလို့ ဒေါသကြီးပြီး ရိုက်ပစ်လိုက် တာပါ။

"အဲဒါ မွဲချင်တဲ့ခွေး ပြာပုံတိုးချင်ဦး။ မအေက လက်နဲ့ဆေး တာကို ခြေနဲ့ဖျက်ချင်တဲ့ကောင်။ ဘာလဲ နင်က သူများအိမ်ကပ်နေ တဲ့ မိန်းမကိုယူပြီး သူများအိမ်မှာ ကားမောင်း၊ ခြံစောင့်နဲ့ သူများအိမ် က ကျွေးတဲ့ထမင်းသိုး ဟင်းသိုးကို စားချင်လို့လား။ ပြောစမ်း ... ဘုန်းဆက်ရှိန်သာ"

"ဟုတ်တယ်၊ သူများအိမ်မှာ သူများကျွေးတဲ့ ထမင်းသိုး ဟင်းသိုးကိုစားရလည်း ကိုယ်ချစ်တဲ့သူနဲ့အတူတူ စားရတာ တန်ပါ တယ်။ ကိုယ်မချစ်တဲ့သူရဲ့မျက်နှာကိုကြည့်ပြီး ရွှေဖွန်းနဲ့ ရွှေထမင်းဘဲ စားရမှာကို သားမမက်ဘူး၊ ဘာမဆို လူဖြစ်ပြီး လူ့အခွင့်အရေး ပြည့်စုံအောင် မရ၊ လှောင်အိမ်ထဲကငှက်လို ကိုယ့်ကိုယ်ကိုယ် မပိုင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိတာလောက် လူဖြစ်ရှုံးတာ မရှိတော့ဘူး"

"ဘာ"

"သားက လူ၊ သံပတ်ပေးမှ လှုပ်ရှားလို့ရတဲ့ စက်ရုပ်မဟုတ် ဘူး မေမေရဲ့။ နှလုံးသားနဲ့ တည်ဆောက်ထားတဲ့လူ။ လူဆိုတာ





လွတ်လပ်ချင်တယ်၊ ခံစားတတ်တယ်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် လိုချင် တယ်"

"တော်စမ်း ဘုန်းဆက်ရှိန်သာ"

မိခင်တစ်ယောက်က ဥစ္စာနေပကာသနအရှိန်ကြောင့် သားကို ကြည့်တဲ့မျက်လုံးကပင် စူးရှရဲရဲနဲ့ စားတော့ဝါးတော့မတတ်ပါ။ မိခင် တစ်ယောက်အနေနဲ့ ဆုံးဖြတ်ချက်မှားသွားရင်တောင် သားအပေါ်ထား တဲ့ စေတနာမေတ္တာကြောင့် မှားတာ၊ စေတနာအမှားဆိုတာကို လက်ခံ နိုင်ပါသည်။

ဒါပေမဲ့ ...

အဲဒီအမှားထဲမှာ ရေစုန်မျှောလိုက်ဖို့အထိ ဆက်ရှိန် မလိုမှာ နိုင်ပါဘူး။ တကယ်လို့ ကိုယ်က မှားနေတယ်ဆိုရင်လည်း ကိုယ့် ရွေးချယ်မှုအတွက် ဆက်ရှိန် နောင်တရမှာမဟုတ်ပေ။

"နင်က ငါသဘော ငါ့ဆန္ဒကို လွန်ကိုလွန်ဆန်တော့မယ် ပေါ့လေ။ ဟုတ်လား ဆက်ရှိန်"

"............"

"မင်း ရှင်းရှင်းပဲပြောပါ။ အေး ... လွန်ဆန်ဖို့ ဆုံးဖြတ်ပြီးပြီ ဆိုရင်တော့ ငါအပြတ်ပြောလိုက်မယ်။ မင်းလည်း မင်းလုပ်နိုင်ခွင့်ရှိ သလောက် လုပ်။ ငါလည်း ရတဲ့နည်းနဲ့ တားမယ်၊ နည်းမျိုးစုံလို့တော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ရက်စက်လှချေလားလို့ မပြောနဲ့"

"မေမေ"

ဒေါ်ထက်ရှိန်ဝါ လက်ဖဝါးက နာကျင်မှုဝေဒနာကြောင့် လက်ဖဝါးချင်း ဖိဆုပ်လိုက်မိတာ ခဏသာ။ ကိုယ့်လက်ဝါးတောင် ဒီလောက်နာရင် သူ့ပါးက ဘယ်လောက်များ နာကျင်လိုက်ပါမလဲ ဒါပေမဲ့ အလျှော့မပေးနိုင်ပါဘူး။ အခုက အသားနာတာခဏပဲ နောက်မှ ဘဝနာမယ်ဆိုရင် တစ်သက်လုံးပြင်လို့ရမှာမှ မဟုတ်တဲ့ဟာ

"မေမေ့ ကျွန်တော့်ပါးကို ရိုက်ပြီးပြီနော်"

"ရိုက်တယ် ... ဘာဖြစ်လဲ။ ဖြစ်နိုင်ရင် အသေတောင် သတ်ပစ်လိုက်ချင်တာ။ ငါကတော့ ဒီသားလေးတစ်ယောက်တည်း ရှိတယ်ဆိုပြီး ချစ်လိုက်ရတာ။ အခုတော့ ငါ့စကားကို နားမထောင် ရင်ဝ စုံကန်ထွက်ချင်တဲ့ကောင်"

ဆက်ရှိန် မျက်ရည်မကျအောင် နှုတ်ခမ်းကို တင်းတင်းဖိ ပြီး ထိန်းထားလိုက်၏။

"မေမေ့အချစ်က ပူလောင်လိုက်တာ မေမေရာ။ သားတွေ့ တဲ့ မိဘတွေကတော့ သားသမီးစိတ်ချမ်းသာဖို့အတွက်ဆိုရင် ဘာမဆို ပေးဆပ်ရဲကြတယ်။ စွန့်လွှတ်ရဲကြတယ်။ အခု မေမေကကျ မေမေ့အတ္တ၊ မေမေ့မာနတွေကိုပဲ ဦးစားပေးနေတာ"





"တော်စမ်း ဆက်ရှိန် ... မင်း ဘာမှထပ်မပြောနဲ့။ အခု ဒီ စီစဉ်သင့်တာကို စီစဉ်ပြီး တားသင့်တာကိုတားနေတာဟဲ့ မင်းအတွက် မဟုတ်ဘူးလား။ အချိန်တန်လို့ သားသမီးတွေကောင်းစားရင် မိဘက ဒါကို ခွဲဝေပေးပါဦးလို့ တောင်းပန်လို့ ရသလား။ မိဘကသာ သားသမီး ကို အမွေပေးရတာ သားသမီးက မိဘကိုအမွေခွဲဝေပေးရိုး ထုံးစံ ရှိသလား"

"အဲဒါဆိုရင် မေမေ ဒီစည်းစိမ်နဲ့ပဲ ရောင့်ရဲတင်းတိမ်လိုက်ပါ မေမေ"

"................."

"စီးတဲ့ရေ ဆည်တဲ့ကန်သင်းတဲ့။ သား ကိုယ့်ကိုယ်ကိုယ် သုံးကြည့်တယ်။ သား စီးအောင်လုပ်နေတဲ့အချိန်မှာ အခု မေမေ ရွေးချယ်ထားတဲ့ ချွေးမလောင်းက ဆည်နိုင်မယ့်မိန်းမတစ်ယောက်လို့ မေမေထင်နေလား"

"မလိုပါဘူး။ ဒီခေတ်ထဲမှာ လင်နဲ့မယား စီးပွားအပြိုင်ရှာပြီး ကိုယ့်ဘာသာစီး ကိုယ့်ဘာသာဆည်နေကြတာတစ်ပုံကြီးပဲ"

"အဲဒီလို လင်မယားတွေ တစ်လင်တစ်မယားစနစ်နဲ့ အိမ် ထောင်ရေးတည်မြဲကြလား ထက်။ တည်မြဲသည်ပဲထားဦး။ ဘယ်မှာလဲ သားစုနွေးထွေးမှု။ အိမ်ထောင်ရေးသုခဆိုတာကိုရော ဘယ်လိုခံစား



www.burmeseclassic.com

www.burmeseclassic.com



ကြမလဲ။ အဖေနဲ့အမေ စီးပွားအပြိုင်ရှာနေကြတဲ့ကြားမှာ ကလေးထိန်းလက်နဲ့ပဲ ကြီးပြင်းခဲ့ရလို့ သားကောင်းသမီးရတနာဖြစ်ဖို့ဆိုတာကို အသာထား သူတို့ရင်ထဲက အထီးကျန်မှု၊ နာကျင်မှုတွေကို ဘယ်သူ သိသလဲ''

လျှောက်လာရင်း ရှည်လျားစွာပြောလိုက်သူက ဦးဘုန်းဆက် ပါ။ ဒါတောင် ပြောပြချင်သေးတာတွေက အများကြီး ရှိပါသေးတယ်။ သားသမီးတွေက မိဘဆိုဆုံးမမှုမရှိတော့ မိမဆုံးမ ဖမဆုံးမသားသမီး တွေအဖြစ်နဲ့ စိတ်ထွက်ပေါက်ရှာရင်း ပျက်စီးကြတာတွေ။ ပစ္စည်းဥစ္စာ ချမ်းသာပြီး စာရိတ္တ ပျက်ပြားနေတော့ ဘယ်လိုလုပ်ပြီး သားကောင်း သမီးရတနာတွေ ဖြစ်ကြမှာလဲ။ အဲဒီတော့မှ စည်းစိမ်တွေ အကုန်ပေးပြီး စရိုက်၊ ဗီဇ၊ အကျင့်၊ သိက္ခာဆိုတာတွေကို ဝယ်ယူလို့ မရ တော့ဘူးလေ။

ဆက်ရှိန်နဲ့လိုင်သာ လက်ထပ်ဖြစ်လို့ကတော့ အချစ်မပါဘဲ အိမ်ထောင်ရေးဆိုတာကြီးကနေ အစချီပြီး ဒီလို မိသားစုဘဝမျိုး ဘောင်ခတ်စရာမလိုဘဲ အော်တိုဝင်သွားမှာ အမှန်ပါပဲလေ။

''ငါ အစအဆုံး အကုန်မြင်တယ်၊ အကုန်ကြားတယ်''

''ကိုဘုန်းဆက်''

ဖေဖေရောက်လာပြီမို့ ဆက်ရှိန် အားတက်သွားလေသည်။





''ရှင်က ကိုယ့်သားကို မဆုံးမတဲ့အပြင် မြှောက်ပေးနေတာ သား''

''သားဘက်က မှားနေတယ်ဆိုရင်တော့ ငါ ဆုံးမမှာပါ။ အခု သားဘက်က မမှားဘူး''

''ရှင် အဲဒီစကားကို ဘယ်လိုအတွေးအခေါ်မျိုးနဲ့ ပြောလိုက် တာလဲ ကိုဘုန်းဆက်။ စီးပွားရေးသမားဖြစ်ပြီးတော့များရှင်''

''အိမ်ထောင်ရေးဆိုတာ စီးပွားတွက် တွက်လို့မရဘူး ထက်။ စီးပွားက ပျက်သွားရင် ပြန်ရှာလို့ရတယ်၊ အိမ်ထောင်ရေးက တည်မိ ခင် ဖျက်လို့မရသလို မှားသွားရင်လည်း ပြန်ပြင်လို့မရတာတော့ မင်း သိပါတယ်''

လင်မယားတွေ စကားများနေတဲ့ကြားမှာ ဦးဘုန်းဆက်က သားကို သွားတော့ ငါရှင်းမယ်ဟူသော သဘောနှင့် မေးဆတ်ပြလေ သော့ ဆက်ရှိန် ထွက်လာခဲ့တော့သည်။ ဖေဖေက သူ့ဘက်မှာရှိနေ တာမို့ ဆက်ရှိန် စွန့်စားဖို့ ခွန်အားတွေ ပိုရှိခဲ့ပါပြီလေ။

''ဘာပဲဖြစ်ဖြစ် ရိုးမြေလို မိန်းကလေးမျိုးနဲ့တော့ ကျွန်မသား ကို လုံးဝသဘောမတူနိုင်ဘူး။ ကျွန်မ ဘာလုပ်မလဲဆိုတာ ရှင် စောင့်ကြည့်နေ''

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဆက်ရှိန် စပ်ဖျဉ်းဖျဉ်းဖြစ်နေတဲ့ ပါးနှစ်ဖက်ကိုပွတ်ပြီး ရှုံးတာမဲ့တာဖြစ်ရမယ့်အစား ပြုံးလိုက်မိသည်။ ရိုက်ပါစေ၊ ကိုယ်ချစ်ရင်း ရိုးမြေနဲ့ပတ်သက်ပြီး ကိုယ့်ဆန္ဒအမှန်ကို ထုတ်ဖော်ခွင့်ရလိုက်လို့ ကျေနပ်ပါတယ်။ ပြီးတော့ ဖေဖေက ကိုယ့်ဘက် ရပ်တည်ပေးလို့ ကျေးဇူးပါ ဖေဖေ။

ရိုးမြေ ...

မိဘကိုတောင် ဆန့်ကျင်ခဲ့ပြီးမှတော့ ကိုကို မင်းကို ဒီနေ့ ဖွင့်ပြောပါရစေတော့။

"အမေ့"





"ဟင်"

ကိုယ့်အတွေးနှင့်ကိုယ် ဆက်ရှိန် အထဲမဝင်ဖြစ်သေးဘဲ ဘဲခါးဘောင်မှာရပ်နေမိစဉ် အထဲကထွက်လာတဲ့ ရိုးမြေ ရုတ်တရက် သူ့ကိုတွေ့လိုက်ရတော့ လန့်သွားသည်ထင်ပါရဲ့။

"ရိုးမြေ"

"ကိုကို"

သူ့ကိုမြင်လိုက်တာနှင့် ရိုးမြေ စိတ်မလုံသလိုလို တစ်ခုခုကို ကြောက်သွားသလိုလိုပုံစံနှင့်သာ ...

"ကိုကို ... ကိုကို ဒီကိုဘာလာလုပ်တာလဲ"

"ရိုးမြေကို ပြောစရာရှိလို့ လာခဲ့တာလေ"

"ဟုတ်လား၊ အဲဒါဆို ပြောလေ၊ မြန်မြန်ပြောပြီးရင်တော့ ကိုကို ပြန်ပါနော်၊ တော်ကြာ အန်တီက"

"ရှူး"

ဆက်ရှိန် နှုတ်ခမ်းပေါ်မှာ လက်ညှိုးလေးထောင်ပြီး ရှူးခနဲ လုပ်ပြလေတော့ ရိုးမြေ ပြောလက်စ စကားကို ဖြတ်ထားလိုက်မိသည်။

"ကိုကို့ကို အထဲဝင်ဖို့ မခေါ်တော့ဘူးလား"

"ဟိုလေ အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



''ဦးဝင်းနိုင် ဘယ်သွားလဲ''

''မရှိဘူး ကိုကို၊ ဦးဦးက လွှတ်လို့ သွားစရာရှိတယ်ဆိုပြီး ထွက်သွားတာ ပြန်မလာသေးဘူး။ အလုပ်ကိစ္စထင်တယ်''

''ဘာကိစ္စဖြစ်ဖြစ် ထားလိုက်ပါ။ အထဲဝင်ရအောင်။ ကိုကို ရိုးမြေနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့''

''ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် . . . လာ''

ဆက်ရှိန်က လက်ဆွဲပြီးခေါ်လေတော့ ရိုးမြေ လိုက်လာခဲ့သည်သာ။

အထဲကိုရောက်တော့ နှစ်ယောက်သား ထိုင်လိုက်ကြပြီး ဆက်ရှိန်က ရိုးမြေမျက်နှာလေးကို ငြိုးပြီး ကြည့်နေလေလျှင် . . .

''ကိုကို''

''ဟင်''

''ဟို . . . ရိုးမြေမျက်နှာမှာ ဘာတွေပေနေလို့လဲဟင်''

''ဟင့်အင်း . . . ဘာမှမပေပါဘူး''

''ဒါဆို ဘာလို့ကြည့်နေတာလဲ''

''ချစ်စရာကောင်းလို့''

''ရှင်''





''ရိုးမြေက အရမ်းချစ်စရာကောင်းတာပဲ သိလား။ ပြီးတော့ အပြစ်ကင်းစင်တဲ့ကလေးလေးလိုပဲ''

ပြောရင်း နဖူးပေါ်က ဆံနွယ်စကို သပ်တင်ပေးလိုက်တော့ ရိုးမြေ ခေါင်းလေးငုံ့သွားကာ ဘာလုပ်ရမှန်းမသိတော့ပေ။

ကိုကိုပြော နေတဲ့စကားတွေက ရိုးရိုးသားသားလား ဆန်းဆန်းပြားပြားလား မသိတော့ပေ။ ဒါကြောင့် ဆက်ထိုင်နေရမလား၊ ထသွားရမလား မသိတော့ပါဘူး။

''ရိုးမြေ''

''. . . . . . . . . . . . . . .''

''ဘာလို့ ခေါင်းငုံ့နေတာလဲ၊ မျက်နှာလေး မော့ပါဦး။ ကိုကို ပြောစရာရှိလို့ပါဆို''

''ပြောပါလား ကိုကိုရဲ့၊ အသံကိုနားထောင်တာ နားပဲဥစ္စာ မျက်နှာနဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့''

''ဟင်''

''ကိုကိုက ရိုးမြေရဲ့မျက်နှာလေးကိုကြည့်ပြီး ပြောချင်တာ ရိုးမြေရဲ့''

''. . . . . . . . . . . . . . .''



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက်မော့ကွာ"

ဆက်ရှိန် ရိုးမြေမျက်နှာလေးကို မေးစေ့ကနေကိုင်ပြီး မော့ယူလိုက်ကာ ....

"ရိုးမြေကို ကိုကိုချစ်တယ်"

"ဟင်"

"တကယ် မြတ်မြတ်နိုးနိုးနဲ့ကိုချစ်တာ"

"ဟင့်အင်း ... ဟင့်အင်း"

မရိုးသားတဲ့ချစ်ခြင်းဆိုတာ သိလိုက်ပြီးတဲ့နောက် ရိုးမြေ သူ့လက်ကို ဖယ်ချလိုက်ပြီး နောက်သို့ ရွှေ့ထိုင်လေသည်။

"ရိုးမြေ"

"ကိုကို မချစ်ပါနဲ့။ ရိုးမြေကို ကိုကိုမချစ်ပါနဲ့"

"ဟာ ... ရိုးမြေကလည်း။ ရင်ထဲက သူ့အလိုလိုဖြစ်ပေါ်လာတဲ့ အချစ်ကို မချစ်နဲ့လို့ ဘယ်လိုလုပ်ပြီး တားလို့ရမှာလဲ၊ ကိုကို ရိုးမြေကို အရမ်းချစ်တယ်"

"ဟင့်အင်း ... ရိုးမြေ ကြောက်တယ်။ အန်တီသိရင် ရိုးမြေကို ရိုက်မှာ"

တစ်ခါတလေမှာ ရိုးမြေက အဲဒီလိုပါ။ တစ်ခါတလေ မား ကြီးသလိုလို ကျွတ်ဆတ်ဆတ်လိုလိုနဲ့ တစ်ခါတလေကျတော့ အ





...ကြောက်ဟန်ပြတာ လူမမြင်ကွယ်ရာအရပ်မှာပါ။ အားငယ်စိတ် ...ဖြစ်လိုက် အားတင်းလိုက်၊ အားကိုးချင်စိတ်ဖြစ်မိလိုက် စိတ်တင်း ...ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကြည့်လိုက်နှင့် စိတ်က မငြိမ် ...။

ဒါ ...

အထီးကျန်ဆန်တဲ့သူတွေမှာ ဖြစ်တတ်တဲ့ စိတ်ပါပဲ။ လူ ...များရှေ့မှာ မာကြောသလို ဟန်ဆောင်ထားပေမယ့် ရင်ဖွင့်လို့ရ ...ယ့်သူရှေ့မှာဆို အားငယ်သွားတတ်ကြ၊ ဝမ်းနည်းတတ်ကြတာမျိုး ...။

"မကြောက်ပါနဲ့ ရိုးမြေရယ်။ ရိုးမြေရင်ထဲမှာသာ အချစ်ရှိ ...င် အလိုလို သတ္တိတွေ၊ ခွန်အားတွေ ဖြစ်တည်လာမှာပါ။ ကိုကို ...တော့ ဆုံးဖြတ်ပြီးပြီ"

"........................"

"ရိုးမြေကို ကိုကို အရမ်းချစ်တယ်။ အဲဒါကြောင့် ကိုကို ...ဘာမဆို သတ္တိရှိရှိနဲ့ ရင်ဆိုင်မယ်"

"ကိုကို"

"ဟင်"

"ကိုကို ရိုးမြေကို ချစ်ခွင့်ပဲရပြီး ပေါင်းစပ်ခွင့်တောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်။ ကိုကို စိတ်ဆင်းရဲရလိမ့်မယ်''

''ဘာလို့ ပေါင်းစပ်မရ ရမှာလဲ။ ကိုကို ဘာမဆိုရင်ဆိုင်မယ်လို့ ပြောပြီးပြီလေ။ ရိုးမြေသာ ကိုကို့ကိုချစ်တယ်လို့ပြော''

သူ့ကိုကြည့်နေရင်း ရိုးမြေ နှုတ်ခမ်းလေးက မသိမသာ မဲ့သွားလေသည်။

''ကိုကို့အတွက် မမလှိုင်ရှိနေတယ်''

''ကိုကို့မှ သူ့ကိုမချစ်တာ ရိုးမြေရဲ့။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်ကြတာ''

လက်ထပ်ချင်သတဲ့လား။ ဘဝမှာ လိုတာရစေဆိုတာမျိုး ပြည့်စုံနေလာပြီး ဆင်းရဲဒုက္ခကို ကြုံတွေ့ရရင် သူ ဘယ်လောက်အထိ တောင့်ခံနိုင်မှာမို့လို့လဲ။

တစ်နေ့ကျမှ ငါ ဒါတွေမလုပ်နိုင်ဘူး၊ ဒါမျိုး မစားနိုင်ဘူး၊ ငါ့မိဘအိမ်မှာ ဘယ်လိုနေခဲ့တာဆိုရင် ...

အဲဒီအချိန်ကျမှ ပြုပြင်လို့မရတော့ဘူးလေ။ ရိုးမြေနဲ့ လက်ထပ်ရင် သူ ဝါးလုံးနင်းချင်လည်း နင်းရမယ်။ ဝါးခြမ်းနင်းချင်လည်း နင်းရမယ်။ ဘယ်လိုပုံစံမျိုးနဲ့ လုပ်ကိုင်စားသောက်ရမယ်ဆိုတာ သူ မတွေးမိဘူးလား။

''ကိုကို ဘယ်လောက်အထိ ဒုက္ခခံနိုင်မှာမို့လို့လဲ''





''ရိုးမြေက ကိုကို့ကိုအထင်သေးတာလား၊ မိန်းမတစ်ယောက်ကို မငတ်အောင် ရှာကျွေးနိုင်တဲ့ အရည်အချင်းလောက်နဲ့တော့ ကိုကို ကိုယ်အရမ်းမြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အထိ ကြိုးစားမှာမဟုတ်ဘူး။

ရိုးမြေ ခုလိုပြောတာ ဘယ်မိဘအသိုင်းအဝိုင်း အားကိုးနဲ့မှ မဟုတ်ဘူးဆိုတာ ရိုးမြေ ယုံပါ။ မနက်ဖြန်ကစပြီး ကိုကို ကိုကို့ရဲ့လက်ရုံးကို ခွာချခဲ့နိုင်အောင် ကြိုးစားမယ်''

ပြောပြီး သူက ရိုးမြေလက်ကိုဆုပ်ကိုင်ထားလေလျှင် ရိုးမြေ ရုန်းတော့ပါဘူး။ သူ ဘယ်လိုကြိုးစားပြီး ပြောင်းလဲမယ်ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့။

''အဲဒါ ကိုကို ရိုးမြေ့ကိုချစ်တဲ့သက်သေပဲ''

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဒေါ်ထက်ရှိန်ဝါ သားကို ရှာတာ ရှာလို့မတွေ့ပေ။ ဒီနေ့ သူ့ကို မုန့်ဖိုးပေးရမယ့်နေ့လေ။ ခါတိုင်းဆို တစ်ပတ်ပြည့်တာနဲ့ မေမေ ဆိုပြီး ရောက်လာစမြဲပါ။ သူရောက်လာတာနဲ့ ကိုယ်က ပိုက်ဆံထုတ် ပေးနေကျကို ဒီနေ့ အခုထိရောက်မလာလို့ လိုက်ရှာနေတာပါ။

"မိမိုး . . . မိမိုး"

"ရှင် မမ"

"သားကို မတွေ့မိဘူးလား"

"ကျောင်းသွားပြီလေ မမ"

"ဟင်"





ဒေါ်ထက်ရှိန်ဝါ မျက်မှောင်ကြုတ်သွားလေသည်။

ကျောင်းသွားတယ်သာဆိုတယ် ကားက ရှိနေသေးတာပဲ ဥစ္စာ။

"ဟုတ်လို့လား မိမိုးရဲ့၊ ကားက ရှိနေတာပဲဥစ္စာ"

"မိမိုးကိုတော့ ကျောင်းသွားတော့မယ်လို့ ပြောသွားတယ် မမ"

"ဒါဆို ရှိုင်းကားနဲ့ပဲသွားတာထင်တယ်"

"ဟုတ်လိမ့်မယ်ထင်တယ် မမ"

"ကျွတ် . . . ဒီကောင်လေးနဲ့တော့ ခက်ပါတယ်"

အဲဒါတွေကိုပဲ မကြိုက်တာ။ ကိုယ့်မှာ ကားရှိနေတာပဲ ဥစ္စာ ကိုယ့်ကားနဲ့ကိုယ်သွားပေါ့။ ဘာလို့ သူများကားနဲ့ သွားရမှာလဲ။ ပြီးတော့ ရှိုင်းကားနဲ့သွားရင် ရှိုးမြေလည်း ပါနေမလားမသိဘူး။ ပြန်လာမှ တွေ့ဦးမယ်။

ဆက်ရှိန်မှာတော့ ဒီနေ့ ရှိုးမြေနဲ့အတူတူ ဘတ်စ်ကား တိုးစီးမယ်ဆိုပြီး ထွက်လာခဲ့တာပါ။ နောက်မှ ကိုယ်ကြိုးစားလို့ ဆင်းရဲတာ နွမ်းသာတာကိုထား အခုလောလောဆယ်တော့ သူဆင်းရဲတဲ့ဒဏ်တွေကို ခံနိုင်အောင်ကျင့်ရမယ်လေ။ ဒီနေ့က Lesson 1 ပဲပေါ့။ ဒါကြောင့် ရှိုးမြေနှင့်အတူတူ ဘတ်စ်ကားတိုးစီးဖို့အတွက် ခြေလျှင်လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့စဉ် ...

"ကိုကို"

"ဟင်"

"ရှီးမြေနဲ့ လျှောက်မလိုက်နဲ့လို့ ပြောနေတယ်နော်။ တော်ကြာ အန့်တီသိရင် ပြဿနာတက်မှာ"

"လိုက်မှာပဲ"

"ကိုကို"

"ဘာကိုစိတ်ပူနေတာလဲ ရှီးမြေရဲ့။ ကိုကို မေမေ့ကို အပြင်ပြောထားပြီးသားပဲဥစ္စာ။ မကျေနပ်လို့ အမွေဖြတ်ရင်လည်း ဖြတ်ပါစေ ကိုကို လောကခံကို ရင်ဆိုင်နိုင်အောင် ကြိုးစားမှာ။ ရှီးမြေသာ ကိုကို့ကိုချစ်တယ်လို့ တစ်ခွန်းပဲပြော၊ အဲဒီအချစ်က ကိုကို့ကို ခွန်အားဖြစ်စေမှာ ရှီးမြေရဲ့"

"စိတ်ကူးမယဉ်စမ်းပါနဲ့ ကိုကိုရယ်"

"ဘာ"

ဆက်ရှိန် နှုတ်ခမ်းပေါ်မှာ အပြုံးလေးက ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။ စိတ်ကူးယဉ်တာတဲ့လား ရှီးမြေရယ်။ ကိုယ့်အချစ်ကို အထင်သေးလိုက်တာ။

"ကိုကို စိတ်ကူးယဉ်နေတာမဟုတ်ဘူး ရှီးမြေ၊ လက်တွေ့





ဘဝကို စဖို့ ကြိုးစားနေတာပါ"

ရှီးမြေ သက်ပြင်းလေးချလိုက်ပြီး ...

"ကိုကို့ဘဝနဲ့ ရှီးမြေဘဝက မိုးနဲ့မြေလို ကွာခြားတယ် ကိုကို၊ ဒါကြောင့် ကိုကိုနဲ့ ရှီးမြေကြားက အချစ်ဆိုတာ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာတော့ ချိုမြိန်နေလိမ့်မယ်။ လက်တွေ့ကျလာရင် ခါးမှာပါ"

"ခါးစမ်းပါ ရှီးမြေ၊ အဲဒီအခါးကို အချစ်နဲ့လူးပြီး ကိုကိုက သကြားလုံးလေးလို ငုံထားမှာ"

"ခက်လိုက်တာ ကိုကိုရယ်"

ရှီးမြေ ဘယ်လိုပြောရမှန်းကိုမသိတော့ပါဘူး။ ရှီးမြေလည်း ကိုကို့ကိုချစ်ပါသည်။ ဒါပေမဲ့ သူချစ်လို့ ကိုယ်ကအချစ်နဲ့တုံ့ပြန်လိုက်ရင် သူ့ဘဝကို နွံထဲဆွဲနှစ်သလိုဖြစ်မှာပေါ့။ အချစ်ကို လူအများစုက ရယူပိုင်ဆိုင်ခြင်းလို့သတ်မှတ်ကြပေမယ့် တစ်ခါတလေ ပေးဆပ်လိုက်တာကမှ ချိုမြိန်ပါသေးတယ်။

ပိုင်ဆိုင်ခွင့်ရရင် လှပတဲ့ဘဝတွေရှိသလို စွန့်လွှတ်ခြင်းနဲ့ အဝေးကချစ်နေမှ လှပငြိမ်းချမ်းတဲ့ဘဝတွေလည်း ရှိသည်လေ။

"ကိုကိုနဲ့ရှီးမြေက ဝတ္ထုတွေ ဇာတ်ကားတွေထဲက မင်းသမီးနဲ့ မင်းသားမဟုတ်ဘူးလေ။ ဇာတ်လမ်းထဲက မင်းသမီးနဲ့မင်းသားဘဝက သနားဖို့ကောင်းရင် သူတို့လို လိုက်ငိုပေးမယ့်ပရိသတ်ရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဘဝတွေမှာကျတော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ခံရတာ ခံရပါစေ သေရင်တောင် မသနားဘူးဆိုတဲ့ လူက ခပ်များများရယ်ပါ''

''ကျွတ် . . . စကားတွေ တတ်လိုက်တာကွာ။ ဘယ်သူများ သင်ပေးလိုက်တယ်မသိဘူး။ သင်ပေးတဲ့သူ ဘယ်သူဆိုတာ သိလို့ကတော့ . . . ဟွန်း လက်သီးနဲ့ဒူး၊ တံတောင်တွေ ကျွေးလိုက်ချင်တယ်''

''ဘယ်သူသင်ပေးတာလဲဆိုရင် ရိုးမြေဖြတ်သန်းခဲ့ရတဲ့ဘဝက ဆရာပဲလေ''

''ဆက်ရှိန်''

''. . . . . . . . . . . .''

''ဆက်ရှိန် ရိုးမြေ''

''ဟင်''

နောက်က ခေါ်သံကြောင့် ပြိုင်တူ လှည့်ကြည့်လိုက်ကြစဉ် . .

''နေကြပါဦးဟ''

အပြေးတစ်ပိုင်းနှင့်လိုက်လာသူက ရှိုင်းပါ။

''ရှိုင်း''

''ကိုကြီးက ဘယ်ကနေ ဘယ်လိုလိုက်လာတာလဲ။ ကားရော''

''ဒီကောင်ကြီးက ဒီနေ့ သူ ရိုးမြေနဲ့ ဘတ်စ်ကားတိုးစီးပြီးပဲ သွားတော့မယ်လို့ ဖုန်းဆက်တာနဲ့ ငါလည်း ကားထားခဲ့ပြီး အမီလိုက်လာတာ''

''လာပြန်ပြီတစ်ယောက်''

ရိုးမြေ အလိုမကျစွာပဲ နှုတ်ခမ်းစူမိလေတော့သည်။ ရိုးမြေ သူတို့ကို ဒုက္ခပေးသလို ဖြစ်နေပြီလား။

''ဘာဖြစ်လို့လဲ၊ သူငယ်ချင်းတွေပဲဥစ္စာ။ အေးအတူ ပူအမျှပေါ့''

''ကောင်းတာပေါ့''

ဆက်ရှိန်ကတော့ ရယ်ပြီးပြောလေသည်။

''ကိုကိုနဲ့ကိုကြီးလည်း ရိုးမြေကို ကျောင်းပို့ကျောင်းကြိုလုပ်နေရတာ တစ်ဒုက္ခဖြစ်နေပြီ။ ရိုးမြေ အရင်ကလိုပဲ ကိုယ့်တာသာကိုယ်သွားပါရစေနော်''

''မရဘူး၊ အရင်က အရင် . . . အခုက အခုပဲ''

ရှိုင်း တစ်စီးပြီးတစ်စီး ထွက်သွားတဲ့ကားတွေကိုကြည့်ပြီး . .

''အဲဒီမှာ မင်းတို့စကားများနေကြ၊ ကားတွေက တစ်စီးပြီး တစ်စီးထွက်သွားပြီ။ ဘယ်ကားကျမှ စီးမှာလဲဟ''







www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းစကားကြောင့် ရိုးမြေ ပြုံးစိစိဖြစ်သွားလေသည်။ သနားလည်း သနားပါတယ်။ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နေကြသူတွေဆိုတော့ ရိုးမြေ ဘယ်ကားကိုစောင့်နေရတယ်ဆိုတာ သူတို့ သိချင်မှသိမှာလေ။ သူတို့နဲ့မဆိုင်တာမို့ လေ့လာချင်းလေ့လာမှာပေါ့။

"ဟော . . . လာပြီ၊ အဲဒီကားစီးမှာ"

ပြောပြီး ရိုးမြေ ရှေ့ကထွက်သွားလေတော့ သူတို့လည်း နောက်ကလိုက်ပြီး ကားပေါ်သို့တက်ကြလေသည်။ သူတို့အပေါ် ရောက်တာနှင့် ကားကထွက်လေလျှင် . . .

"အမေ့"

"ဟ"

"ဟာ"

ဆက်ရှိန်နဲ့ရှိုင်း ကိုယ်တွေယိမ်းထိုးပြီး တစ်ယောက်ကိုတစ်ယောက် ဖက်မိကြလေလျှင် . . .

"အပေါ်မှာကွင်းရှိတယ်၊ အဲဒီကွင်းကိုကိုင်လေ"

"အင်း . . . အင်း"

"ဟကောင် . . ကွင်းက အပေါ်မှာပါဆို ဘယ်ကိုကိုင်တာလဲ"

ရှိုင်းမှာ ကမန်းကတမ်းနှင့် ဟိုဆွဲ ဒီဆွဲမှာ ဆက်ရှိန်အင်္ကျီ





နင်ဘတ်စကို ဆွဲတာမို့ ဆက်ရှိန်က အော်လေသည်။ ဘတ်စ်ကားစီးဖူးသူတွေအတွက် ဒီနေ့ဟာ ပထမဆုံး အတွေ့အကြုံပါပဲ။ ကိုယ်ဆွဲ ဒုက္ခရောက်နေတဲ့ကြားက တွေးဖြစ်အောင်တွေးလိုက်မိကြသေးတာသည် . . .

"သြော် . . . ရိုးမြေခမျာ ဒီလိုဒုက္ခမျိုးတွေ နေ့တိုင်းကြုံတွေ့နေရမှာပဲ"

ဆိုတာကိုပေါ့။

"ဟင်း"

"အမယ်လေး သေပါပြီ"

လူကကျပ်ရတဲ့အထဲ အီးနံ့က ထောင်းခနဲထွက်လာတာ နှာခေါင်းထဲကို အလုံးလိုက်ဝင်သွားသလိုပါ။ ဒါကြောင့် နှာခေါင်းကို ဆက်နှိပ်ပိတ်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတာ အခုမှ ဇီးကွက်မျက်လုံးလေးတွေအတိုင်းပါပဲ။ ပြီးမှ ဆက်ရှိန် မျက်နှာလေး ရှုံ့မဲ့သွားစဉ်မှာ ဘေးခုံမှာထိုင်နေတဲ့ မိန်းမကြီးက . . .

"ဟဲ့ . . . ကိုယ့်အပေါက်ကိုယ် နည်းနည်းပါးပါးလည်း ထိန်းကြပါဦး။ သေတောင်သေမယ်၊ အနံ့အသက်ကိုက ပုပ်အက်အက်နဲ့ ဘာတွေစားသောက်ထားလဲ မသိပါဘူး"

"အစ်မကြီးကလည်း ဒါမျိုးက ပုလင်းလို လေလုံအောင်



www.burmeseclassic.com

www.burmeseclassic.com



အဖုံးကိုကျပ်ထားလို့မှ မရဘဲဗျ။ နားလည်ပေးလိုက်ပါဗျာ။ နှာခေါင်းသာ ပိတ်ထား''

''ပိတ်ထား ကျပ်ထားလို့တော့ မရဘူးပေါ့ဟဲ့။ နည်းနည်းပါးပါး ထိန်းလွှတ်ဖို့ပြောတာ''

''ဟုတ်ပါရဲ့ဗျာ၊ အခုထိ အနံ့က မပြယ်သေးဘူး၊ လက်နက်လူလာသတ်နေသလားမသိဘူး''

''အစ်ကို အစ်မ ညီလေး ညီမလေးတို့ရေ . . . ရိုကျိုးနိုးပါရဲ့ဗျ နည်းနည်းပါးပါး ထိန်းလွှတ်ပေးကြပါ''

အီးတစ်လုံးကြောင့် ကားပေါ်ရှေ့ဘက်ကလူတွေမှာ ဆူညံညံအသံတွေ ထွက်လာခြင်းပါ။ ရိုးမြေကတော့ ဆက်ရှိန်နဲ့ရှိုင်းကိုကြည့်ပြီး စိတ်မကောင်းပေ။ ဒါ သူတို့ဒုက္ခ သူတို့ရှာတာဆိုပေမယ့် ကိုယ်နဲ့မကင်းရာ မကင်းကြောင်း ဖြစ်နေတော့ ဘယ်လိုစိတ်ကောင်းနိုင်မှာတဲ့လဲ။ ရှိုင်း နှာခေါင်းကိုပိတ်ထားတဲ့လက်ကို ဖယ်လိုက်ကာ ခေါင်းကိုမော့ပြီး အသက်ကိုဝအောင်ရှူလိုက်ပေမယ့် အသက်ရှူရတာ မဝသလိုပါ။

''ဟူး . . . သေချင်စော်တောင်နံ့တယ်''

''နောက် တို့နဲ့ အတူတူလိုက်ဦးမလား''

''ဟင်''





''ငါကတော့ ဒီဒုက္ခနဲ့ ရင်းနှီးအောင် ကြိုးစားနေရဦးမှာပဲ''

သြော် . . . ဒါဆို ဆက်ရှိန်က အခိုင်အမာဆုံးဖြတ်ပြီးပြီပေါ့။ ကောင်းပါတယ်လေ။ ကိုယ်ကတော့ ရိုးမြေရဲ့ ဖူးစာလွဲဘက်အဖြစ်ပဲ သတ်မှတ်ရတော့မှာပေါ့။

''နောက်လူတွေ တက်လာတယ်၊ နောက်ကို နည်းနည်းလောက် ဆုတ်ပေးကြပါဗျာ။ နောက်မှာ အချောင်ကြီးပါ။ ကွျမ်းထိုးရင်တောင် ရနိုင်ပါတယ်''

စပယ်ယာရဲ့ အော်သံနောက်မှာ နောက်ထပ်လူတွေတက်လာပြီး တိုးလာတော့ . . .

''အ''

ဆက်ရှိန် မျက်နှာလေး ရှုံ့မဲ့သွားလေလျှင် . . .

''ဘာဖြစ်တာလဲ''

''အစ်မ အစ်မခြေထောက် ကြွပေးပါဦးဗျ။ ဒီမှာ ကျွန်တော့်ခြေထောက်ကို တက်နင်းထားတာ သေပါပြီဗျာ''

သူအော်မှပဲ အမျိုးသမီးက သူမခြေထောက်ကို ရွှေ့ပေးသဖြင့် ဒေါက်မြင့်ဖိနပ်ရန်မှ ကင်းဝေးရလေသည်။ ဟူး . . . မလွယ်ပါလား။ ချစ်ရသူနဲ့ နီးရဖို့အတွက် ခံရမှာပေါ့လေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဦးဝင်းနိုင် ညှိခန်းထဲကိုရောက်တော့ မထက်ကို အဆင်သင့် တွေ့ရလေသည်။ မထက် ခေါ်နိုင်းတယ်ဆိုလို့ လာခဲ့တာလေ ဒီရောက်တော့ မထက်မျက်နှာတင်းနေတာကိုမြင်ပြီး ဘာများလဲလို့ ရင်တထိတ်ထိတ်နှင့်ပါ။

"မထက်"

"..............."

"မထက် ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ပါ"

"ဟုတ်တယ် ... ထိုင်ပါဦး"

"ရပါတယ်၊ မထက်ပြောစရာရှိတာကိုပဲပြောပါ"





"ကိုဝင်းနိုင် ကျွန်မနဲ့နီးစပ်တဲ့နေရာ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင် ပိုကောင်းမယ်ထင်လို့ ကျွန်မ ထိုင်ခိုင်းနေတာ"

ဒီလိုပြောတော့ ဦးဝင်းနိုင် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်လေသည်။ ဆရာနဲ့စကားပြောရင်သာ တန်းတူရည်တူ ဒီလိုဆိုဖာပေါ်မှာ ထိုင်ပြီး စကားပြောဖူးတာ။ မထက်နဲ့ဆိုရင် အတူတူ ဒီလိုတန်းတူ ညီတူ ထိုင်ခိုင်းပြီး စကားပြောဖူးတာ ဒီအိမ်မှာနေတဲ့ သက်တမ်း တစ်လျှောက်

ဒါ ပထမဆုံးအကြိမ်ပါ။

ခါတိုင်းဆိုရင် မထက်က ထိုင်နေပြီး ကိုယ်တွေက မတ်တပ် ရပ်နေရင်း အရိုအသေပေးပြီး စကားပြောရတာချည်းသာ။ ဦးဝင်းနိုင် ထိုင်လိုက်ပြီးတော့ ...

"ကိုဝင်းနိုင်"

"ဗျာ"

"ရော့"

"ဖတ်"

"ဟင်"

ဦးဝင်းနိုင်၏ရှေ့သို့ ပစ်ချပေးလိုက်တာ တစ်သောင်းတန် တစ်ထပ်ပါ။ သူ့လုပ်အားခလစာက မနေ့ကမှ ယူပြီးတာလေ။ ဒေးရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆရာပဲပေးတာဖြစ်၏။ ဒီငွေတွေက ဘာလုပ်ဖို့ပေးတာလဲ တစ်ယောက်ယောက်ဆီကို သွားပို့ပေးရမှာလား။

"အဲဒီငွေက ဆယ်သိန်း။ ရှင်တို့တူဝရီး ရင်းနှီးစားသောက်ဖို့ ပေးတာပါ။ လောက်မယ်လို့ ထင်ပါတယ်"

"ဗျာ"

"သိပ်အံ့ဩသွားသလား ကိုဝင်းနိုင်။ ငွေဆယ်သိန်း တစ်ခါ တည်းချပေးတယ်ဆိုတော့လေ။ မအံ့ဩနဲ့ အဖြေက ရှင်းရှင်းလေးပဲ"

မအံ့ဩဘဲ နေလို့ရပါ့မလား။ သူတို့အတွက် ရင်းနှီးစား သောက်ဖို့ ငွေဆယ်သိန်းပေးတယ်ဆိုတော့ . . .

"ကျွန်တော် နားမလည်ဘူး မထက်။ ဒီလောက်ငွေတွေကို"

စကားကို ဘယ်လိုဆက်ရမှန်းမသိတော့ဘဲ ဦးဝင်းနိုင် စားပွဲ ပေါ်မှာတင်ထားတဲ့ တစ်သောင်းတန်တွေကိုပဲ ထပ်ကြည့်လိုက်မိပြန် သည်။

"ကိုယ့်အိမ်ကအလုပ်သမားကို သဘောမကျရင် အချိန်မရွေး အလုပ်ထုတ်ပစ်လို့ရတာ ကျွန်မတို့အိမ်ရှင်တွေရဲ့အခွင့်အရေးပဲ။ အခု ကျွန်မက ရင်းနှီးစားသောက်ဖို့ ငွေဆယ်သိန်းပေးပြီးမှ အလုပ်ထုတ် တာ။ ဒီလိုအိမ်ရှင်မျိုးက ရှားလိမ့်မယ်လို့ ထင်ပါတယ်"

"ဟာင်"





ဦးဝင်းနိုင် ပါးစပ်ကပွင့်ဟသွားပြီး မထက်ကို အံ့ဩစွာ ကြည့် နေမိသည်။ မထက်ပြောတဲ့စကားအရဆို သူ့ကို အလုပ်ထုတ်လိုက်ပြီ ပေါ့။

တစ်နည်းအားဖြင့် ပြောရရင် ငွေပေးပြီး နှင်လိုက်တဲ့သဘော ပေါ့။ သူမှာ ဘာအပြစ်ရှိလို့လဲ။ တူမလေးကြောင့်လား။

"ဒါ ဒါဆို . . . မထက်က ကျွန်တော့်ကို အလုပ်ထုတ်လိုက် တာလား"

"ဟုတ်တယ် . . . ကျေးကိုက်ပါတယ်ဆိုမှ အပေါက်နဲ့လား သို့ လာမေးမနေနဲ့ ကိုဝင်းနိုင်။ ဒီငွေတွေကိုယူပြီး ရှင်တို့တူဝရီး ဒီအိမ် ကနေ ထွက်သွားပါ"

"အလုပ်ထုတ်ရတဲ့အကြောင်းအရင်းက ဘာလဲ မထက်။ အဲဒါကိုတော့ ကျွန်တော် သိပါရစေ"

"ရှင့်တူမကြောင့်"

ပြန်ဖြေတာ မဆိုင်းမတွပင်။ ကိုယ့်တူမက ဘာလုပ်မိလို့ပါ သိမ့်။ သူသိတော့ သိနေခဲ့ပါတယ်။ ကလေးချင်းတွေခေါ်ပြောရင်းနှီး ကြတာကို မထက် မကြိုက်ဘူးဆိုတာကိုပေါ့။

"သားနဲ့လိုင့်ကြားမှာ ရှင့်တူမက ခလုတ်ကန်သင်းဖြစ်နေ တာ။ အဲဒါကြောင့် ခလုတ်ကို ရှင်းထုတ်တဲ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ထွက်သွားရင် သူတို့အဆင်ပြေမှာလား မထက်"

"ပြေရမှာပဲ၊ ကျွန်မက ဖြစ်ချင်တာကိုဖြစ်အောင်လုပ်တတ်တယ်ဆိုတာ ကိုဝင်းနိုင် သိပါတယ်"

"ကောင်းပြီလေ၊ ကျွန်တော်တို့တူဝရီး ဒီကနေ ထွက်သွားပေးပါ့မယ်။ မထက်ငွေတွေကို ပြန်ယူထားလိုက်ပါ"

ပြောပြီး ကိုဝင်းနိုင် ထသွားလိုက်တာ ခြေလှမ်းတွေက မြန်မြန်မို့ ဒေါ်ထက်ရှိန်ဝါ နောက်ထပ်ဘာစကားမှ မပြောလိုက်နိုင်သေး

ဩော် ... သူကလည်း မာနနဲ့ပဲလား။

❋



## အခန်း (၂၅)

အစကတည်းက ဒီလိုတွေဖြစ်လာမယ်မှန်း တွေးမိလို့ ရိုးမြေဆိုကို့ကို အတတ်နိုင်ဆုံး ရှောင်ခဲ့ပါတယ်။ ရှောင်လို့မလွတ်အောင် ကိုကိုက ဖွတ်တိုးလာခဲ့တာလေ။ အခုပတ်သက်မှာစိုးလို့ ထွက်သွားဆိုတော့လည်း ထွက်သွားလိုက်ရုံပဲပေါ့။ ငယ်ငယ်ကတည်းက နေလာခဲ့တဲ့ အိမ်နဲ့မိသားစုမို့ သံယောဇဉ်တွယ်ပေမယ့်

ကိုယ်ပိုင်တာ တစ်ခုမှ မရှိတဲ့ဒီအိမ်က ...

အလိုမရှိလို့ ထွက်သွားဆိုတာ သံယောဇဉ်ကို ရင်ထဲမှာ သိုသိပ်ထားပြီး ဒီအရပ်ကနေ ထွက်ခွာသွားရတော့မှာပေါ့။

"ကလေး"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် လေးလေး”

“အဝတ်တွေ ထည့်လို့ပြီးပြီလား”

“ပြီးပါပြီ လေးလေး”

“ပြီးရင်လည်း လေးလေးတို့ သွားကြရအောင်”

“ဟုတ်ကဲ့”

ရိုးမြေ အဝတ်အိတ်ကိုဆွဲပြီး ထရပ်ကာ တူဝရီးနှစ်ယောက် ထွက်လာခဲ့ကြတော့သည်။ ကိုယ့်အိမ်မဟုတ်တဲ့အတွက် တစ်နေ့နေ့ ဒီလိုထွက်ခွာသွားရမှာပါလို့ ကြိုတွေးထားပြီးသားမို့ သူတို့အတွက် ဘာမှ ထူးဆန်းခြင်းမရှိပါဘူး။

ဒါပေမဲ့ ...

ကိုယ်တွေ နှစ်ပေါင်းများစွာ နေလာခဲ့တဲ့ တန်းလျားလေး[illegible] တော့ သံယောဇဉ်မကင်းစွာ ပြန်ငဲ့ကြည့်ဖြစ်သေးသည်။ ခြံအပြင်[illegible] ရောက်လာတော့ ...

“ဘကြီး”

ဦးဝင်းနိုင် တူမချောကို ပြန်ငဲ့ကြည့်တော့ ဘာမှမပြော[illegible] သူ့ကိုမော့ကြည့်နေတာ တစ်ခုခုကို အပြောရခက်နေလို့လားတော့[illegible] ပါဘူး။

“ကလေး ဘာပြောချင်လို့လဲ”





“.............”

“ပြောပါ”

“ဘကြီး ရိုးမြေကို အပြစ်မမြင်ဘူးလားဟင်”

ဦးဝင်းနိုင် သက်ပြင်းချလိုက်မိကာ ...

“ဘကြီးက ဘာကိုအပြစ်မြင်ရမှာလဲ ကလေးရယ်။ ဒီကိစ္စ [illegible]ကလေးမှာ အပြစ်မရှိပါဘူး။ တကယ်လို့ အပြစ်ရှိခဲ့ရင်တောင် လူငယ် [illegible]သဘာဝ လောကမမြင်ဖူးတာဆိုတာတွေနဲ့ ဘကြီးဖြည့်တွေးပေးလို့ ရပါ [illegible]တယ်”

“ရိုးမြေ ကိုယ့်ဘဝကိုယ် နားလည်ပါတယ် ဘကြီးရယ်။ [illegible]ကြောင့် တတ်နိုင်သလောက် ရှောင်ခဲ့ပါတယ်၊ ရွှေဇွန်းဆိုတာ ထမင်း [illegible]ည်ခပ်သောက်ဖို့ တန်မှမတန်တာ”

“ဘကြီး ကလေးစိတ်ကို နားလည်ပါတယ်”

ကျေးဇူးတင်ပါတယ် ဘကြီးရယ်။ ရိုးမြေအပေါ်မှာ နားလည် [illegible]ပေးတဲ့အတွက်ပေါ့။ နားလည်မှုမရှိတဲ့သူသာဆိုရင် ရိုးမြေကြောင့်ဆိုပြီး [illegible]မြေကို ဆူမှာလေ။

တူဝရီးနှစ်ယောက် ...

နှေးကွေးသောခြေလှမ်းတို့နှင့် လျှောက်ရင်းသာ။

“ရိုးမြေ တစ်ခုတော့ တောင်းဆိုပါရစေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

"ဘကြီးလည်း ပင်ပန်းလှပါပြီ။ ရိုးမြေ ကျောင်းထွက်ပြီး အလုပ်တစ်ခုခုလုပ်ပါရစေ"

"ဟင်"

ဦးဝင်းနိုင် တွေခနဲဖြစ်သွားလေသည်။ ကလေးက သိတ လို့ပြောတာပေမယ့် သူ လက်မခံနိုင်ပါဘူး။ ကလေးဘဝလေး အ ဂတ်မှာ လှပဖို့အတွက် သူ ပညာအမွေပဲပေးခဲ့မှဖြစ်မှာပါ။ သူ့ အခြားအမွေပေးစရာမှ မရှိပဲလေ။ ပညာတတ်မှ ကိုယ်တွေလို ဘဝ ကနေ လွတ်မှာ မဟုတ်လား။

မသေခင်မှာ . . .

ဒီတူမလေးအတွက် စိတ်ချရအောင် ဘဝအာမခံချက်တ ပေးခဲ့မှဖြစ်မှာပါ။ အဲဒီဘဝ အာမခံချက်က ဘွဲ့ရပညာတတ် တ ယောက်ဖြစ်ခြင်းပါပဲ။

"နော် ဘကြီး"

"ဘကြီး လက်မခံနိုင်ဘူး ရိုးမြေ"

"ဘကြီး"

"ငါ အခုလို သူများအိမ်မှာ သူများခိုင်းတာခံနေရတာ ပညာ မတတ်လို့။ နင့်အမေ သူများအိမ်မှာ အိမ်ဖော်လုပ်ပြီး နင့်အဖေ





သောာမတူခံရတာ ပညာမတတ်လို့။ အဲဒီလိုဘဝမျိုးတွေ မကြုံရ အောင် ကလေးပညာတတ်မှ ဖြစ်မှာ။ ကလေး ကျောင်းဆက်တက်ရ မယ်"

"ရိုးမြေ"

". . . . . . . . . . . . . . . ."

"ရိုးမြေ"

"ဟင်"

ရိုးမြေနာမည်ကို တကြော်ကြော်ခေါ်ပြီး လိုက်လာသူက ဆက်ရှိန်ပါ။ ရိုးမြေ ဘကြီးလက်ကို တင်းတင်းဆုပ်လိုက်ပြီး . . .

"ဘကြီး ရိုးမြေတို့ မြန်မြန်သွားရအောင်"

"ရိုးမြေ"

ရိုးမြေ ဘကြီးလက်ကိုဆွဲပြီး မြန်မြန်သွားစဉ်မှာပဲ ဆက်ရှိန် က ရိုးမြေတို့ရှေ့သို့ ရောက်လာပြီး ပိတ်ရပ်ကာ . . .

"ဦးဝင်းနိုင်"

"ဦးလေးတို့သွားပါရစေ ဆက်ရှိန်"

"သွားရမှာပါ၊ ဦးဝင်းနိုင်တို့ကို ကျွန်တော် မတားပါဘူး။ ဒါပေမဲ့ . . . ကျွန်တော်ပါ လိုက်ခဲ့မယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းခိုင် ဆက်ရှိန်ကို အံ့သြမှင်တက်စွာ ကြည့်နေစဉ်မှာ

"မဖြစ်ဘူး၊ မလိုက်ရပါဘူး"

ရိုးမြေ ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး ...

"ရိုးမြေတို့က ဆန်ကြမ်းကို ဆားဖြူးစားချင်စားရမှာ။ ကိုယ်ဝမ်းစာတောင် ကိုယ်လုံလောက်အောင် ရှာစားနိုင်ချင်မှစားနိုင်မှာ ကိုကိုလို ရွှေဇွန်းကိုက်ပြီး စားလာတဲ့သူက"

"တော်တော့ ရိုးမြေ"

"ဟုတ်တယ် ဆက်ရှိန်၊ မင်းလိုက်လို့ မဖြစ်ဘူး"

"ဦးဝင်းခိုင်"

"............"

"အခြေအနေအားလုံးကို ဦးဝင်းခိုင် သိပြီးဖြစ်မှာပါ။ ဦးဝင်းခိုင်က ရိုးမြေရဲ့မိဘပါ။ ကျွန်တော် မရှိမသေ မလေးစားလို့ ပြောတာတော့မဟုတ်ပါဘူး။ ရိုးမြေကို ကျွန်တော် ကျွန်တော်နဲ့ ဝေးရာကို ထွက်သွားခွင့်မပြုနိုင်ဘူးဗျာ၊ အဲဒါ"

ကျွန်တော် ရိုးမြေကို သိပ်ချစ်လို့ပါဆိုတဲ့စကားကို ဦးလေးတစ်ယောက်ရှေ့မှာ မပြောသင့်တာမို့ ဖြတ်ထားပေမယ့် ငယ်ရာကကြီးလာတဲ့သူပဲလေ။ ဦးဝင်းခိုင် သဘောပေါက်မှာပါ။ ဦးဝင်းခိုင်က ခေါင်းကို ခါယမ်းလိုက်ပြီး ...





"ချစ်တဲ့စိတ်တစ်ခုနဲ့တင် တဒဂ်အတွင်းမှာ ရူးရူးမိုက်မိုက် ဆုံးဖြတ်ပါနဲ့ ဆက်ရှိန်။ ဦးလေးက မင်းကို စေတနာနဲ့ပြောတာပါ။ မင်းမိဘတွေ လူပုံအလယ်မှာ မျက်နှာမပြရဲအောင် မလုပ်ပါနဲ့"

"ကျွတ်"

ဆက်ရှိန် မျက်စိကိုမှိတ်ပြီး ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်သည်။ လူတွေက လူလူချင်းအတူတူကို ဘာလို့ အဆင့်အတန်း ခွဲခြားကြတာလဲ။

"ဦးဝင်းခိုင်ရယ် ... ကျွန်တော့်မိဘတွေ လူပုံအလယ်မှာ မျက်နှာမပြရဲရအောင် ရိုးမြေက ဘာဖြစ်နေလို့လဲ။ နူနေ ဝဲနေတာမှ မဟုတ်တာ"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့"

"ဘုန်းဆက်ရှိန်သာ"

"ဟင်"

နောက်ကနေ လိုက်လာတာသည် ဒေါ်ထက်ရှိန်ဝါရယ်၊ ယိုင်တို့သားအမိ သားအဖသုံးယောက်နှင့် မျက်နှာစိမ်း လူသုံးယောက်ပါ။ ဘာလဲ၊ ဒေါ်ထက်ရှိန်ဝါက ဆက်ရှိန်ကို ရှေ့မတိုးဖို့အတွက် လူမိုက်ငှားပြီးတားတော့မယ် သဘောလား။

"မင်း အခုပြန်လာခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"..............."

"ပြန်လာခဲ့လို့ ငါပြောနေတယ်နော်"

"မပြန်ဘူး မေမေ၊ ကျွန်တော့်ကို မေမေ့လောင်းရိပ်အောက်ကနေ ထွက်ခွင့်ပေးပါ။ နေ့ပူထဲမှာ ကျွန်တော့်ဘဝ အညွန့်ပဲကျိုးကျိုး အရိုးပဲခွေခွေ ပစ်ထားလိုက်စမ်းပါ။ သူဌေးသားဆိုတဲ့ ဂုဏ်ပုဒ်အောက်မှာ ဆရာ့ရှေ့လက်ပိုက်ပြီး အပေါ့်သွားချင်တောင် ခွင့်တိုင်ရတဲ့ ကျောင်းသားလိုဘဝမျိုးနဲ့ နေရတာ ကျွန်တော့်စိတ်တွေ မွန်းကျပ်လွန်းလို့ပါ။ ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးပါ"

"မင်း ခွေးစကားမပြောနဲ့ ဆက်ရှိန်။ မိဘစေတနာကို နားမလည်တဲ့ကောင်၊ ဘာလဲ နင်က ကျောသွားရင်ဖျာပါ ခြေသလုံးအိမ်တိုင် လုပ်နေရတဲ့ဘဝနဲ့ နေချင်လို့လား"

ဆက်ရှိန် ကိုယ့်ကြောင့် တစ်ဖက်လူ နှိမ့်နှိမ့်ချချ အပြောခံနေရတဲ့အတွက် စိတ်တော့ မကောင်းပါဘူး။ ဒါပေမဲ့ သူ ရိုးမြေကို အသေးမခံနိုင်ဘူးလေ။ ဒါကြောင့် မိုက်တယ်ဆိုရင်လည်း မိုက်လက်စနဲ့ ဆက်မိုက်ပါရစေတော့။ အချစ်ကြီးသူရဲ့ နှလုံးသားက ...

ပေတစ်သီး ကျီးတစ်သားလို ...

ရိုးမြေနေရာမှာ နောက်တစ်ယောက်ကို အစားထိုး မချစ်နိုင်လို့ပါ။





"အခုပြန်လာခဲ့"

"............."

"ဘုန်းဆက်ရှိန်သာ ငါခေါ်နေတယ်နော်။ အခု ငါ့ဆီကို ပြန်လာခဲ့စမ်း"

"မလာဘူး မေမေ၊ မေမေ သားကို သားအဖြစ်ကနေ စွန့်လွှတ်ပြီး အမွေပြတ်ကြေညာလိုက်ပါ"

"ဘုန်းဆက်ရှိန်သာ"

"ဟဲ့ နင်တို့ ဘာလုပ်နေကြတာလဲ၊ ဆက်ရှိန်ကို ရအောင် ဆွဲခေါ်ခဲ့ကြ"

"ထိပ်ထား"

"ရှင့်ပါးစပ်ကို ပိတ်ထား"

ဒေါ်လှိုင်ထိပ်ထား အော်လိုက်တာနှင့် ဦးလှိုင်ဘွား ပါးစပ်ပိတ်သွားလေသည်။ ဦးလှိုင်ဘွားက မိန်းမက ဒါဆိုရင် မလှုပ်ရဲတဲ့သူပဲလေ။ ဒေါ်လှိုင်ထိပ်ထား အမိန့်ပေးလိုက်တာနှင့် လူစိမ်းသုံးယောက်က ဆက်ရှိန်ဆီသို့ ပြေးသွားကြလေလျှင် ...

"ခင်ဗျားတို့ မလာနဲ့နော်၊ မလာနဲ့"

"ခွပ်"

"အ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဆက်ရှိန် သူ့ကိုဆွဲခေါ်မခံဘဲ လက်သီးနှင့် ဝင်လာသမျှ ထိုးကြိတ်လွှတ်နေစဉ် . . .

"ဆက်ရှိန်"

နောက်ထပ်ပြေးဝင်လာသူက ရှိုင်းပါ။ ရှိုင်းပါ ဝင်ပြီးထိုး ကြိတ်ကြ၊ ဆွဲကြလွဲကြနှင့် အခြေအနေက ရှုပ်ထွေးသွားလေတော့

"ဆက်ရှိန် . . . မင်းသွားတော့"

"ခွပ်"

"တောက်"

"ခွပ်"

"အ"

"ညီလေး"

ကိုယ့်သွေးထိတော့ မချိအောင်နာ ဆိုသလို ညီဖြစ်သူနဲ့အ လိုက်လာခဲ့တဲ့ မျိုးမင်းဇော်တစ်ယောက် ရှိုင်းခံလိုက်ရတာမြင်တော ဘာမှစဉ်းစားမနေတော့ပေ။ သူလည်း ဒီပွဲမှာ ဝင်ပါရပြီပေါ့။

"ဆက်ရှိန် . . . သွားတော့"

"တော်ကြပါတော့ ရပ်ကြပါတော့"

"ဟော့ကောင်တွေ လွန်ကုန်မယ်နော်၊ တော်ကြတော့"





"ဆက်ရှိန်ကို ရအောင်ပြန်ခေါ်၊ အလွတ်မပေးနဲ့"

သူတို့ကိုယ်တိုး ထိုးကြရင် သူ့အသားနာသွားတော့ ရဲရင့် တဲ့လူ သူ့မှာ အဆင်သင့်ဆောင်နေကျဓားကို ထုတ်လိုက်သည်။

"ဖျောက်"

"ဟင်"

ရိုးမြေ ရှိုင်းနောက်ကလူ ဓားထုတ်တာကို မြင်လိုက်တာ ကြောင့် . . .

"ကိုကြီး"

"ဟင်"

"စွပ်"

"အား"

"ကိုကြီး"

ရိုးမြေ သတိပေးဖို့ခေါ်လိုက်တာပေမယ့် နောက်ကျသွားခဲ့ပါ ပြီ ရိုးမြေခေါ်လို့ ရှိုင်းက လှည့်အကြည့်မှာ တစ်ဖက်လူ၏ဓားက ရင်ဝကို ထိုးစိုက်နစ်ဝင်သွားလေသည်။ ထိုလူကလည်း မထူး ထိုက်လိုက်ပြီလားတော့ မသိပါဘူး။ ဓားကိုဆွဲနုတ်ပြီးနောက် တစ် ကော်ထပ်ထိုးလေရာ . . .

"စွပ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး သေပါပြီ"

"ညီလေး"

"ရှိုင်း"

"တောက် ... ကဲကွာ"

"ခွပ်"

"အ"

"ခွပ်"

"..............."

"ခွပ်"

မျိုးမင်းဇော် ဓားသမားကို စိတ်ရှိလက်ရှိ လက်သီး ထိုးလေတော့၏။ ထိုလူလဲကျသွားပြီဆိုမှ ...

"ညီလေး"

"ရှိုင်း"

အခုမှ ရှိုင်းဆီသို့ ဝိုင်းအုံပြီးပြေးလာကြလေသည်။ ဤ ဤနယ် ဖြစ်ပါစေလို့ ရည်ရွယ်မထားပေမယ့် ဒေါသကြောင့် ဘာ မစဉ်းစားဘဲ မှားလိုက်တဲ့အမှားက အခုတော့ ရှိုးကန်တော့ပြီး တော ပန်လို့လည်းမရတော့ပြီ။





"အား"

"ရှိုင်း ရှိုင်းရာ"

"ညီလေး ညီလေး"

"ဆက် ဆက်ရှိန်"

"ရှိုင်း သူငယ်ချင်း ရှိုင်းရာ"

ဆက်ရှိန် ရှိုင်းလက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိသည်။

"မင်း ဘာမှမဖြစ်ရဘူးနော် ရှိုင်း၊ မင်း ဘာမှမဖြစ်ရဘူး သူငယ်ချင်း"

"ရိုးမြေ"

"ကိုကြီး"

"အား"

ရိုးမြေလက်ကို ဆုပ်ကိုင်လိုက်လေတော့ ရိုးမြေက ရှိုင်း လက်ကို ခပ်တင်းတင်း ပြန်ဆုပ်ထားလေသည်။

မင်း ဘာလို့ငိုတာလဲ၊ မငိုပါနဲ့ကလေးရယ်၊ မင်းမျက်ရည်ကျ ခင် ကိုကြီး မနေတတ်လို့ပါ။ မင်းကို ကိုကြီး အရမ်းချစ်တယ်။ မင်း ဘဝလေးကို ကယ်တင်ခဲ့ချင်တယ်၊ ဒါပေမဲ့ ဆက်ရှိန်ကလည်း အချစ် ဆုံးသူငယ်ချင်းဆိုတော့ မင်းအချစ်ကို လုမယူရက်ခဲ့ဘူး ရိုးမြေ။ အဲဒီ အတွက် ကိုကြီးကိုခွင့်လွှတ်ပေးပါ။ ရိုးမြေကို အရမ်းချစ်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို နောက်ဆုံးအနေနဲ့ ပြောခဲ့ချင်ပါတယ်။

ဒါပေမဲ့ ...

ကိုကြီးမှာ ပြောခွင့်မရှိဘူး ရှီးမြေ။ ဒါကြောင့် ကိုကြီးရင်ထဲ နေပဲ တိတ်တဆိတ်ကလေး ပြောခဲ့ပါရစေ။ ကိုကြီး မင်းကို အရမ်း တယ်၊ အရမ်းမြတ်နိုးတယ် ရှီးမြေရယ်။ အခု ကိုကြီးရဲ့ပေးဆပ် အတွက် မင်းဘဝလေး အဆင်ပြေပါစေ။ မင်းနဲ့ဆက်ရှိန်ရဲ့ ချစ်ခြ လမ်း သာယာဖြောင့်ဖြူးပါစေ။

"မင်း ဘာမှမဖြစ်ရဘူး၊ မင်း ဘာမှမဖြစ်ရဘူးနော် ရှိုင်း ကိုကြီး ကျွန်တော်တို့ ရှိုင်းကို ဆေးရုံအမြန်ပို့ရအောင်"

"ရှိုင်း"

"ဆက်ရှိန်"

ခေါ်သံက တိုးဖျော့ဖျော့ရယ်သာ။ ခေါ်ထက်ရှိန်သာနှင့် တို့မိသားစုကတော့ သူတို့ခေါ်လာတဲ့လူတွေလည်း ထွက်ပြေးကုန်ကြ သူတို့လည်း သွေးပျက်ချောက်ချားစွာနှင့် သတိလစ်တော့မလို နှ တုန်သလို ရင်ခုန်သလိုတွေနှင့် လစ်သွားကြလေတော့သည်။

"မင်းက ငါ ငါ့ရဲ့အချစ်ဆုံး သူ သူငယ်ချင်းပါ"

"ဟုတ်ပါတယ်၊ ငါယုံပါတယ် ရှိုင်းရာ။ ငါ့ဘဝမှာလည်း မင်းက အခင်ဆုံးနဲ့ အချစ်ဆုံးသူငယ်ချင်းပါကွာ"





"အား"

"ရှိုင်း"

"မင်း မင်းနဲ့ ရှီးမြေ အ ဆင်ပြေပါစေ။ ငါ ငါ တာ တာဝန် ကျေ ပါတယ်နော် အခု"

"ရှိုင်း"

ရှိုင်းပါးစပ်မှ သွေးတွေကျလာပြီး ...

"အဟွတ် အဟွတ် အခု"

"ညီလေး ညီလေး"

"ရှိုင်း"

"ကိုကြီး"

ရှိုင်း မျက်နှာလေးရှုံ့မဲ့သွားပြီး ကိုယ်လေးတစ်ချက် တွန့်သွား ပြီးနောက်မှာ ငြိမ်သက်သွားလေတော့သည်။ အားလုံး နားလည်လိုက် ပြီ။ ရှိုင်း သူချစ်တဲ့သူတွေ၊ သူ့သံယောဇဉ်ရှိတဲ့သူတွေကို ခွဲခွာသွား ပြီဆိုတာကိုပေါ့။ ဆက်ရှိန်နှင့်အတူ သူတို့ရင်ထဲမှာ အလွမ်းတွေ အသည်းတွေ ကွဲထုတ်ခံလိုက်ရသလိုပါပဲ။

"ရှိုင်း သူငယ်ချင်းရာ၊ ငယ်ငယ်ကတည်းက ငါ့အပေါ်မှာ နစ်နာခံခဲ့တဲ့ကောင်။ အခု ငါ့ကို ပြန်ပြီးပေးဆပ်ခွင့် မပြုတော့ဘူး ကွာ ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်း ကိုယ်ကြီးကိုပွေ့ပြီး ပါးချင်းကပ်ကာ ဆက်ရှိန် ...
ယောက် အရူးကြီးပမာနှယ်။ မဖြေနိုင်ပါဘူးလေ။

ရှိုင်းသေရတာ သူ့ကြောင့်။

❋

## အခန်း (၂၆)

"ဖြန်း"

ဦးဘုန်းဆက်၏ရိုက်ချက်ကြောင့် ဒေါ်ထက်ရှိန်ဝါ ခုတင်ပေါ်သို့ ဖင်ထိုင်ကျသွားလေတော့သည်။ ပါးပြင်ကို လက်ဝါးနှင့်အုပ်ပြီး ခင်ပွန်းသည်ကို ပြန်ကြည့်လိုက်ခြင်းမှာ ဝမ်းနည်းခြင်း အံ့သြခြင်းတွေ နှင့်ပါ။

အိမ်ထောင်သက်တမ်း အနှစ်နှစ်ဆယ်ကျော်မှာ ...

ပါးရိုက်ဖို့မပြောနဲ့ ...

လက်ဖြင့်ပင် မရွယ်ခဲ့ဖူးတဲ့ယောက်ျားပါ။ ပြောစရာရှိရင် ပါးစပ်ကပင် ပြော၍ တတ်နိုင်သလောက် ဇနီးအပေါ်မှာ အလျှော့ပေး၍



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်ခဲ့သူပါ။

"ရှင် ရှင် ကျွန်မပါးကို ရိုက်တယ်၊ ဟုတ်လား ကိုဘုန်း

ဆက်"

"အေး ... ရိုက်တယ်။ ဖြစ်နိုင်ရင် မင်းလိုမိန်းမကို သတ်ပစ်

တောင်ကောင်းတာကွ။ မင်းရဲ့အတ္တ၊ မင်းရဲ့မာနတွေကြောင့် အ

ဆုံးရှုံးသွားတာ လူတစ်ယောက်ရဲ့အသက်လေ။ အဲဒါကို မင်း ဘယ်

အလျော်ပြန်ပေးမှာလဲ။ ဘယ်လို အလျော်အစားလုပ်မှာလဲ ပြော"

"................"

"မင်းလည်း မိခင်တစ်ယောက်ပဲ။ အခု မေဝါနိုင် ဘယ်

လောက်ခံစားနေရလဲ မင်း သွားကြည့်စမ်း။ သားကိုဖက်ပြီး အရူး

တစ်ယောက်လို အော်ဟစ်ငိုကြွေးနေရတဲ့ မိခင်တစ်ယောက်ရဲ့ခံစား

ချက်ကို မင်း စည်းစိမ်တွေ ပုံအောပေးပြီး ကုသလို့လည်း မပျောက်

တော့ဘူး။ ရှင်းနေရာမှာ ဆက်ရှိန်ဆိုရင် မင်း ဘယ်လိုခံစားရမလဲ

ခဏလောက် သူ့နေရာမျိုးမှာ မင်းဝင်ပြီး ခံစားကြည့်လိုက်စမ်းပါ"

"ဟင့်အင်း ... ဟင့်အင်း။ မပြောနဲ့ မပြောပါနဲ့"

ဒေါ်ထက်ရှိန်ဝါ နားနှစ်ဖက်ကိုပိတ်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေ

မိတော့သည်။ ကိုယ့်အလှည့်ကျတော့ စကားအဖြစ် ပြောတာကိုယ်

မခံစားနိုင်ပါဘူးလေ။ သူမလုပ်ခဲ့တာလည်း ကိုယ့်သားကို ဆုံး





ဆက်သက်ပါ။ ရှင်းက ရောက်လာပြီး ပြဿနာတွေ ရှုပ်ထွေးသွားတာ

သူမက ဒီလိုလုပ်ပါလို့ ခိုင်းစေခဲ့တာမှ မဟုတ်ပဲ။

ဒီအထိဖြစ်သွားဖို့အထိ သူမ မရည်ရွယ်ခဲ့ပါဘူး။ အခုဖြစ်သွား

တဲ့အတွက် မေဝါနိုင်ကို ကိုယ်ချင်းစာပါသည်။ သူမသာဆိုရင် ရူး

သွားမှာ ကျိန်းသေပါပဲ။ ထက်ကိုခွင့်မလွှတ်ပါနဲ့ မေဝါရယ်။ အဲဒီ

အတွက် ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရ ထက် ပေးဆပ်သွားပါ့မယ်။

"အခု သားသေလို့ ပူလောင်နေရတဲ့ မိခင်တစ်ယောက်ရဲ့

ရင်ထဲက အပူမီးတွေကို မင်း ဘယ်လိုငြိမ်းသတ်ပေးမလဲ ထက်။

အခြားအရာတွေ အစားထိုးလို့ရပေမယ့် ရှင်းနေရာမှာ မင်း ဘာကို

အစားထိုးပေးမလဲ။ မင်းရဲ့သားကို မင်းအစားထိုးပေးမလား"

"တော်ပါတော့ ကိုဘုန်းထက်ရယ်။ ကျွန်မ မကြားပါရစေနဲ့

တော့"

"ဘာလဲ ... ကိုယ့်အလှည့်ကျတော့စကားအဖြစ်ပြောတာ

တောင် မကြားနိုင်တော့ဘူး မဟုတ်လား။ ရှင်းသေရတာ မင်းကြောင့်"

"ဟုတ်ပါတယ် ... ကျွန်မမှာ အပြစ်ရှိပါတယ် ကိုဘုန်း

ထက်ရယ်။ အဲဒီအတွက် ကျွန်မကို ကြိုက်သလိုသာ အပြစ်ပေးကြပါ

တော့"

အခုမှ အပြစ်ပေးတော့ရော ဘာထူးမှာတဲ့လဲ။ သေတဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှင်လာမှာမှ မဟုတ်တာ။ ဦးဘုန်းထက် ကိုမင်းခန့်နဲ့ မေဝါခိုင်ဆီ သွားပြီး အားပေးနှစ်သိမ့်ရင်း လိုအပ်တာတွေကိုလည်း အားသ ကူညီပေးလေသည်။

ပြီးတော့ . . .

ကိုယ့်မိန်းမရဲ့ ပယောဂမကင်းတာကြောင့် တောင်းပန်ေ တော့ . . .

"ကျွန်တော်တို့ဘက်က အမှုမဖွင့်ပါဘူး ကိုဘုန်းထက် အပြစ်ရှိတဲ့သူက တရားဥပဒေရဲ့အခန်းအမကို သူ့ဘာသာသူ ထိုက်သ သလောက်ခံပေါ့။ သေပြီးတဲ့သူက ပြန်ရှင်လာတော့မှာမှ မဟုတ်တာ လူတစ်ယောက် ဘယ်အချိန်မှာ ဘာဖြစ်ရမယ်ဆိုတာ ကံက သတ်မှ ပြီးသားပါ။ ကျွန်တော်တို့ ဘယ်သူ့ကိုမှအပြစ်မတင်ပါဘူး"

"ကျွန်တော်လည်း တကယ်စိတ်မကောင်းပါဘူးဗျာ။ ကိုယ် သားတစ်ယောက်လိုချစ်ခဲ့တဲ့ကလေး ခုလိုဖြစ်သွားတော့ ခင်ဗျားတို့ အတူတူပဲ ထပ်တူထပ်မျှ ခံစားရပါတယ်။ ကိုယ်ချင်းလည်း စာ တယ်"

"အဟင့် ဟင့်"

ဒေါ်မေဝါခိုင်ကတော့ တသိမ့်သိမ့်ရှိုက်ငိုလို့သာ နေတေ သည်။ ဘာစကားမှ မပြောချင်လောက်အောင်ကိုပဲ သူမရင်ထဲမှ





နာနေရတာပဲလေ။

"ခိုင်"

ဦးမင်းခန့် ဇနီးသည်၏လက်ကို ခပ်တင်းတင်းဆုပ်ပြီး မချို ုင်ကဲလေသံနှင့်သာ . . .

"ဖြစ်ချိန်တန်လို့ ဖြစ်လာပြီး ပျက်ချိန်တန်လို့ ပျက်သွားတယ် ို့ သတ်မှတ်လိုက်ပါ ခိုင်ရယ်။ တရားနဲ့သာ ဖြေပါတော့"

"ကျွန်မ ကျွန်မသားလေး အဖြစ်ဆိုးလိုက်တာ။ ကျွန်မ ဖြေနိုင်ဘူး ကိုခန့်ရယ် . . . အဟင့် ဟင့်"

ကိုယ့်ကိုယ်ကိုယ် တရားချပြီး စိတ်ဖြေနေကြပေမယ့် ရင်ထဲ တော့ နွေဆယ်နွေပါ။ သားသမီးအတွက် ပူရတဲ့အပူက ဘယ်အပူနဲ့ မတူဘူးဆိုတာ မိဘတိုင်း နားလည်ကိုယ်ချင်းစာတတ်ကြမှာပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ရှိုင်းရဲ့ဓာတ်ပုံကိုကြည့်ပြီး မျက်ရည်တွေနှင့် ငိုင်တွေနေ
ဆက်ရှိန်ရဲ့အတွေး ဆက်ရှိန်ရဲ့မျက်ဝန်းထဲမှာ ဟိုတုန်းက ပုံရိပ်
သည် အသစ်ဖြစ်လို့သာနေတော့သည်။ သူနဲ့ ရှိုင်းက ဘယ်အခါ
မခွဲ အမြဲတမ်း အတူတူ အခုတော့ မင်း ငါ့ကိုထားသွားပြီပေါ့ ရှိုင်းရေ

ငယ်ငယ်တုန်းက မာလကာသီးခူးခဲ့တာတောင် ...

"မင်းမတက်နဲ့ ငါတက်မယ်"

"ဟာ ... ငါပဲ တက်ပါ့မယ်။ မင်းတက်လို့ မင်းအမေမြင်
သွားရင် အဆူခံနေရမယ်ကွ"

"ရပါတယ် ... မေမေ မမြင်ပါဘူးကွ။ ငါပဲ တက်မယ်





င်းတက်ရင် မင်းက အပင်ပေါ်မှာတင် ပွတာတွေစားပြီး ငါ့ကို ကျစ်ကျစ်
လေးတွေ ချပေးမှာ"

"မင်းကလည်း ငါ အဲဒီလို မလုပ်ပါဘူး ဆက်ရှိန်ရ"

"မသိဘူးကွာ ငါပဲ တက်မယ်"

"မင်း မတက်ပါနဲ့ဆို မင်းအမေမြင်ရင် အဆူခံရမှာစိုးလို့
ါက စေတနာနဲ့ ပြောတာကွ"

"ဆူဆူကွာ"

"ဟော့ကောင်"

"..............."

"မင်း မတက်နဲ့ဆိုကွာ။ ငါ တက်မယ်။ မင်း စိတ်ချ ငါ
ပင်ပေါ်မှာ တစ်လုံးမှမစားဘူး။ အကုန်အောက်ချပေးမယ်။ ပြီးမှ
င်း ကြိုက်တာကိုယူ။ မင်းမကြိုက်တာကျမှ ငါစားမယ် ဟုတ်ပြီလား"

"မင်း တကယ်ပြောတာလား ရှိုင်း"

"တကယ်ပါဆိုကွာ"

"ကောင်းပြီလေ ... ဒါဆို မင်းတက်၊ ငါ အောက်ကစောင့်နေ
ယ်။ မင်းအပင်ပေါ်မှာ မစားရဘူးနော်"

"အေးပါ"

အဲဒီလို ငယ်ငယ်ကတည်းက ဆက်ရှိန်အတွက် ရှိုင်းက



www.burmeseclassic.com

www.burmeseclassic.com



တွေးပူပြီး အနစ်နာခံခဲ့သူပါ။ ခုတော့ ရှိုင်းက ဆက်ရှိန်ကိုထားခဲ့ပါပြီ။ ဆက်ရှိန်ဘဝထဲကနေ ရှိုင်း ထွက်ခွာသွားခြင်းသည် ဆက်ရှိန်ရဲ့ဘ တစ်ဝက် သေဆုံးသွားသလိုပါပဲ။ ငါ ဘယ်လိုဖြေရမှာလဲ ရှိုင်းရေ

အခုလည်း ...

ငါ့ကိုစွက် ဝင်ပါရင်း မင်းအသက်ပေးသွားရတာ။ ငါ့ကိုယ် မကျေနပ်ဘူးကွာ။

"ဆက်ရှိန်"

"............"

"ဆက်ရှိန်"

"ဟင်"

အနားကို ကပ်ခေါ်လိုက်မှပဲ ဆက်ရှိန်လှည့်ကြည့်လိုက်တော့

"ကိုဇော်"

"ဟုတ်ပါတယ်၊ ရှိုင်းခေါင်းအုံးအောက်ကနေ ဒီစာအုပ်လေး တွေ့လို့ ငါ မင်းကိုလာပေးတာပါ။ ငါ့ညီလေးက မင်းအတွက်ဆိုရင် အရာရာမှာ အနစ်နာခံခဲ့သူပါကွာ။ အဲဒါကို မင်း သိသင့်တယ်ထင်လို့"

မျိုးမင်းဇော် စကားမဆက်နိုင်ဘဲ အသံကတိမ်ဝင်သွားသေ သည်။ အညိုရောင်စာအုပ်ကိုကိုင်ထားတဲ့ လက်က တဆတ်ဆတ် တုန်နေ၏။ သူလည်း သူ့ညီအတွက် အရမ်းခံစားနေရမှာပေါ့။ ဆက်ရှိန်





စာအုပ်ကလေးကိုယူပြီး ဖွင့်ကြည့်လိုက်တော့ ပထမစာမျက်နှာမှာ စာမှ မရှိပေ။

ဒုတိယစာမျက်နှာမှာတော့ ...

ရှိုးမြေရယ် နင့်ကိုငါ အရမ်းသနားတာပဲဟာ။ နင့်ဘဝကို ငါ ကယ်တင်ချင်တယ်၊ ဘယ်လိုလုပ်ပေးရမလဲ။ မေမေကတော့ ပေးပါတယ်။

သား ရှိုးမြေကို ချစ်နေသလားတဲ့။ သားက ချစ်တယ်ဆိုရင် မေ သဘောတူပေးနိုင်ပါတယ်တဲ့လေ။ ငါ ဘယ်လိုဖြေရမလဲ မြေ။ တကယ်ဆို ဟုတ်ပါတယ်၊ သား ရှိုးမြေကို အရမ်းချစ်တယ်လို့ ဖြေချင်ခဲ့တာပါ။

ဒါပေမဲ့ ...

ငါမဖြေခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆို ဆက်ရှိန်ကလည်း နင့်ကို ချစ်နေတယ်လေ။ ငါလေ ငါ အရမ်းခင်ရတဲ့ သူငယ်ချင်းနဲ့ ပြိုင်ဘက် ဖြစ်ချင်ပါဘူး။ ငါ အရမ်းချစ်ရတဲ့သူနှစ်ယောက် စိတ်ချမ်းသာမယ် ဆိုရင် နင့်ကိုချစ်တယ်လို့ ငါ ဘယ်တော့မှ မပြောတော့ပါဘူး ရှိုးမြေ။ နင့်အပေါ်ချစ်တဲ့ ငါ့ရဲ့အချစ်တွေကို ငါ့ရင်ထဲမှာပဲ တစ်သက်လုံး သိမ်း ထားပါရစေတော့ဟာ။

အောက်မှာ ရှိုင်းဆိုတဲ့ လက်မှတ်ကလေးကိုကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ရှိုင်းရာ"

ဆက်ရှိန် မချိတင်ကဲလေသံနှင့် ရှိုင်းနာမည်ကို တမ်းတမ်း တတ ခေါ်မိရင်း နောက်တစ်ရွက်လှန်ကြည့်လိုက်တော့ ...

ဆက်ရှိန် ...

*မင်းလည်း ရိုးမြေကို အရမ်းချစ်တာပဲနော်။ မင်း ရိုးမြေဘဝ လေးကို သာယာလှပအောင် ဖန်ဆင်းပေးနိုင်လိမ့်မယ်လို့ ငါယုံကြည် ပါတယ်။ မင်းအမေကတော့ မလွယ်ဘူးနော်။ မင်းတို့နှစ်ယောက်ဟ လုံးဝ သဘောမတူဘူးဆိုတာ ငါသိတယ်။*

*ဒါပေမဲ့ ...*

*အားမငယ်နဲ့သူငယ်ချင်း။ မင်းရဲ့သူငယ်ချင်း ငါရှိနေသရွေ့ မင်း ဒုက္ခမရောက်စေရဘူး။ ငါ အတတ်နိုင်ဆုံး ကူညီသွားပါ့မယ်လို့ ကတိပေးတယ် သူငယ်ချင်း။*

မင်း ငါ့အပေါ်မှာ အဲဒီလောက်တောင် သံယောဇဉ်ကြီးခဲ့တာ လား ရှိုင်းရာ။ ငါသိပေမယ့် ဒီလောက်အထိ မထင်ခဲ့ပါဘူးကွာ မင်း မရှိတော့တာ ငါ့ဘဝတစ်ဝက် သေသွားသလိုပါပဲ။ မင်းသာ ပြန်ပြီးအသက်ရှင်လာမယ်ဆိုရင် ငါ ဘာပဲလုပ်ပေးရ လုပ်ပေးရ ...

လုပ်ပေးမှာပါကွာ။

နောက်ဆုံး အသက်ကိုသာ အစားထိုးကသလို့ရရင် ငါ





အသက်ကို မင်းအတွက် အစားထိုးပေးချင်ပါတယ် သူငယ်ချင်းရာ။ ဒို့ရင်ထဲမှာလည်း မင်းအပေါ်ထားတဲ့ သံယောဇဉ်တွေက မင်း ငါ့ အပေါ်ထားခဲ့တဲ့ သံယောဇဉ်လို ထပ်တူထပ်မျှပါပဲ ရှိုင်း။ ငါ မင်းအတွက် ပြန်ပြီး ပေးဆပ်ချင်ပါတယ်။ ဒါပေမဲ့ နှောင်းခဲ့ပါပြီ သူငယ်ချင်းရာ။

မျိုးမင်းဇော် ...

ဆက်ရှိန်က အသံမထွက်အောင် ကျိတ်ငိုပြီး နောက်ထပ် စာရွက်ကို ဆက်မလှန်တော့သဖြင့် သူပဲ စာရွက်ကို လှန်ပေးလိုက်ကာ

"ဆက်ဖတ်လိုက်ပါဦး ဆက်ရှိန်"

ကိုဇော်ပြောလို့ ဆက်ရှိန် ဆက်ဖတ်ဖို့ကြည့်လိုက်တော့ မျက်ရည်တွေကြောင့် အမြင်က ဝေဝါးနေသည်။ ဒါကြောင့် မျက်ရည် တွေကို သုတ်ပစ်လိုက်ပြီး ဖတ်တော့ ...

*ရိုးမြေကို အရမ်းချစ်တယ်။*

*ရိုးမြေကို အရမ်းချစ်တယ်။*

*ရိုးမြေကို အရမ်းချစ်တယ်။*

*ဆက်ရှိန်ကိုလည်း အရမ်းချစ်တယ်။*

*ဆက်ရှိန်ကိုလည်း အရမ်းချစ်တယ်။*

*ဆက်ရှိန်ကိုလည်း အရမ်းချစ်တယ်။*

*သူ့တို့တွေ ပျော်ရွှင်ပါစေ။*



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ပျော်ရွှင်ပါစေ။

သူတို့တွေ ပျော်ရွှင်ပါစေ။

ဆက်ရှိန် + ရိုးမြေ

ဆက်ရှိန် + ရိုးမြေ

ဆက်ရှိန် + ရိုးမြေ

အချစ်ရူးသမား ရှိုင်း

ဆက်ရှိန် ဘယ်လိုမှမခံစားနိုင်တော့ပေ။ မင်းရင်ထဲက ခံစား တွေကို စာရွက်ထဲမှာ စိတ်ရှိ လက်ရှိ ရင်ဖွင့်လိုက်တာလား နှ ဒါကြောင့် အဓိပ္ပာယ်တစ်ခုကို စာသုံးကြောင်းစီရေးတာပေါ့။ အခု နောက်ဆုံး နှုတ်ဆက်စာမှ စာသုံးကြောင်းစီ စိတ်ရှိလက်ရှိ ရေးထား တဲ့ အတိုင်းပါပဲ။

နောက်တစ်ရွက်လှန်တော့ ကဗျာတစ်ပုဒ်ပါ။





## ဖူးစာလွဲဘက်

ချစ်သူ

အမုန်းတွေမပါခဲ့ပေမယ့်

အဆုံးသတ်တွေမလှခဲ့ဘူး

ငါ့အဖြစ်ကျမှ

ဖူးစာစနစ်က

ဦးရာလူဖြစ်ခဲ့ရလား။

အတိတ်ဟောင်းက

အချစ်အကြောင်း

ရင်ကွဲခံပြီး နောက်ကြောင်းပြန်လှည့်

လွမ်းရုံပဲထင်ပါတယ်။

မပေါင်းစပ်နိုင်တဲ့ဘဝ

ဒီဘဝ ဒီမျှပဲရှိပါစေ။

အတိတ်အတွက်

ပစ္စုပ္ပန်အတွက်

အနာဂတ်အတွက်

ငါဟာ နင့်ရဲ့

ဖူးစာလွဲဘက်လေးပါ . . . ဟာ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရှိန် စာအုပ်ကိုပိတ်လိုက်ပြီး . . .

"အိ အိ ဟီး"

အားရပါးရ ငိုချပစ်လိုက်တော့သည်။ ယောကျ်ားဆိုပေမယ့် ကိုယ့်အတွက် ပေးဆပ်သွားတဲ့သူငယ်ချင်းအတွက် ငိုရတာမို့ တန်ပါ တယ်လေ။ မင်း ငါ့ကို အပြစ်တင်ချင်လည်း တင်ပါတော့ ရှိုင်းရာ မင်း မျှိုသိပ်နိုင်တယ်နော်။ မင်း ရိုးမြေကိုချစ်နေလိမ့်မယ်လို့ ငါ မထင်မိခဲ့လို့ပါ။

ထင်ကြေးရှိလို့ မေးခဲ့ဖူးပါတယ်။

မင်း ရိုးမြေကို ချစ်နေတာလားလို့ မေးတော့ ညီမလေး တစ်ယောက်လို ချစ်တာပါတဲ့။ မသက်ာတဲ့မျက်ဝန်းနဲ့ ကြည့်လိုက်ပါ တိုင်း . . .

"ငါ ရိုးမြေကို သနားလို့ပါ"

"သဘောရိုးနဲ့ ကူညီတာပါ"

လို့ပြောခဲ့တာတွေဟာ ရှိုင်း လိမ်ခဲ့တာတွေပဲပေါ့။ ရှိုင်းရာ မင်းသာ ရိုးမြေကို ချစ်နေမှန်းသိရင် ငါ အသာတကြည်နဲ့ နောက် ဆုတ်ပေးခဲ့မှာပါ။

အခုတော့ . . .

"မင်း ဘာလို့ မျှိုသိပ်ထားခဲ့တာလဲ ရှိုင်းရာ။ မင်း ရိုးမြေကို





ချစ်နေမှန်းသိရင် ငါ အရှုံးပေးခဲ့မှာပါ။ နောက်ဆုတ်ပေးခဲ့မှာပါကွာ ..."

"ဟုတ်တယ် ဆက်ရှိန်၊ သူ ရိုးမြေကိုချစ်နေတယ်ဆိုတာ ငါသည်း ရိပ်မိခဲ့ပါတယ်။ ဒါကြောင့် တစ်နေ့နေ့မှာ ချစ်သူဖြစ်သွားနိုင် တယ်လို့ထင်ခဲ့တာ"

"............"

"မင်းနဲ့ ဘယ်လိုမှ ရိုးမြေကို မထင်ခဲ့တာက မင်းနဲ့လှိုင်ကို ရင်းကြီးတွေ သဘောတူထားတယ်ဆိုလို့လေ။ အခုတော့ အထင်နဲ့ အမြင်က တလွဲစီပါပဲ"

ဆက်ရှိန် ငိုရလွန်းလို့ ရင်ဘတ်တွေပင် အောင့်လာသည်။ ... ရှိုင်းအတွက် ဘာမှလုပ်မပေးနိုင်ခဲ့ပါလား။

ရှိုင်း

ငါ တတ်နိုင်တာတစ်ခုကတော့ ငါ မင်းကို အမြဲသတိရနေမှာ ပါကွာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မောင်မောင်ကျော် ကားကိုရပ်ပြီး လျှောက်လာနေတဲ့ နီ

ကိုကြည့်ရင်း . . .

"ဒေါ်လေး"

"ဟင်"

"ရှိုးမြေကျဆိုတာ သူပဲ။ သူ့ဘကြီးက ဒေါ်လေးပြော

ဦးဝင်းခိုင်ပဲလေ။ ကျန်တာ ဟုတ်မဟုတ်ကတော့ ဒေါ်လေးဘာသာ

စုံစမ်းပေတော့။ ကျွန်တော်က ယောက်ျားလေးဆိုတော့ ဟိုမေး ဒီ

မေးရင် တစ်မျိုးထင်မှာစိုးလို့ပါ"

"အေးပါ"





ဒေါ်သက်ပိုပို ကားပေါ်မှဆင်းပြီး ရှိုးမြေဆီသို့ လျှောက်သွား လိုက်သည်။ သူမ နှစ်ပေါင်းများစွာ စုံစမ်းနေရတဲ့ ရှိုးမြေကျပဲ ဖြစ်ပါ ပေ။ ထက်ကိုကိုက သူ့သမီးကို အမိပွာယ်နဲ့ နာမည်ပေးခဲ့တာတဲ့။ ဒီနာမည်မျိုးက တူတာရှိရင်တောင် ခပ်ရှားရှားပဲနေမှာပါ။ ဖေဖေနဲ့ မေမေက ဒီကလေးအတွက် အမွေတွေကို သူမဆီမှာအပ်ပြီး ထိန်း သိမ်းထားခိုင်းခဲ့တာလေ။

အငယ်ဆုံးသားကို အိမ်ဖော်မနဲ့ညားလို့ဆိုပြီး ပစ်ပယ်ထားခဲ့ ကြတာ။ နောက်တော့ ထက်ကို ဆုံးသွားသည်တဲ့လေ။ သူတို့မြေးကို ခေါ်ထားချင်ပေမယ့် ကလေးအမေနဲ့ ပတ်သက်ရမှာစိုးလို့တဲ့။ မေမေက သူဆုံးကာနီးမှာတော့ ကလေးကိုရှာပြီး အရွယ်ရောက်မှ ပေးပါလို့ ပြောခဲ့တာ။ သူမက အမွေတွေကို ထိန်းသိမ်းရတာ ဝန်ထုပ်ဝန်ပိုးတစ်ခု ထင်နေတာလေ။

ပြီးတော့ . . .

ကိုယ့်တူမလေးကို ဆင်းဆင်းရဲရဲဘဝမျိုးထဲမှာ မထားချင် တော့တာကြောင့် တောသွားပြီး ကလေးကိုရှာတော့ အမေပါဆုံးသွား ပြီတဲ့လေ။ ကလေးကို သူ့ဘကြီးက လာခေါ်သွားတယ်။ ရန်ကုန်မှာနေ တယ်ဆိုတာကိုသာသိကြပြီး လိပ်စာတိတိကျကျ ဘယ်သူမှမသိကြ တော့ လွဲခဲ့ရပြန်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ...

ဒီနာမည်မျိုး ကြားဖူးရင်ပြောပါလို့ အသိမိတ်ဆွေတွေ
မှာထားတဲ့အပြင် သူမကိုယ်တိုင်လည်း စုံစမ်းနေခဲ့တာပါ။

"သမီး"

"............."

"သမီးလေး ... ဟို သမီးလေး"

"..................."

"ရှေ့က သမီးလေး"

"ဟင်"

ရိုးမြေ ခြေလှမ်းကိုရပ်ပြီး နောက်သို့ပြန်ငဲ့ကြည့်လိုက်သည်
အသားဖြူဖြူ ခပ်ဝဝ ခပ်ချောချောနှင့် အမျိုးသမီးတစ်ယောက်
ဆံပင်ကြိုးကြီးက ရင်ညွန့်ပေါ်မှာ လှုပ်လီလှုပ်လဲ့နှင့် လက်ကောက်တွေ
လည်း တံတောင်ဆစ်အနားရောက်လုမတတ်ပါပဲ။ ကိုယ့်ကိုကြည့်
ကိုယ့်ဆီလျှောက်လာနေတာဆိုတော့ ကိုယ့်ကိုခေါ်တာပဲ ဖြစ်မှာပေ

ဘာကိစ္စရှိလို့လဲ။

ရိုးမြေ ချမ်းသာတဲ့ အသိုင်းအဝိုင်းကလူတွေနဲ့ မပတ်သ
ချင်ပါဘူး။ ဒါကြောင့် မျက်နှာက ခပ်တည်တည်ပါ။

"ခဏနေပါဦး သမီးရယ်။ ဒေါ်လေး မေးစရာလေးရှိလို့





ပြောရင်းပဲ အမျိုးသမီးက ရိုးမြေအနားသို့ရောက်လာလေ
သျှင် ...

"ကျွန်မကို ပြောတာလား"

"ဟုတ်တယ် သမီးကိုပြောတာပါ"

"ဟုတ်ကဲ့၊ ကျွန်မ ဘာကူညီပေးရမလဲ မသိဘူး"

"သမီးနာမည်က ရိုးမြေကျနော်"

"ဟုတ်ပါတယ်"

"သမီးဖေဖေက ထက်ကိုကို၊ သမီးရဲ့မေမေက ကြည်ကြည်
နိုင် မဟုတ်လား။ ဟုတ်တယ်မို့လားဟင်"

အမျိုးသမီးကြီး၏မျက်နှာက မာန်မာနကင်းရှင်းပြီး အပြုံးက
ချိုနေသည်သာ။ ရိုးမြေကတော့ မျက်မှောင်လေးကြုတ်သွားလေ၏။
အမျိုးသမီးကြီးက ရိုးမြေရဲ့မိဘတွေနာမည်ကို သိနေပါလား။ သူ
ဘယ်သူလဲ။ ရိုးမြေ မိဘတွေနဲ့ ဘယ်လိုပတ်သက်မှုရှိနေလဲတော့
သိပေ။

"အန်တီက ရိုးမြေမိဘတွေရဲ့နာမည်တွေကို ဘယ်လိုလုပ်ပြီး
သိနေတာလဲ"

"ဟင်"

"................"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ... ဟုတ်တယ်ပေါ့နော်"

"ဟုတ်ပါတယ်၊ ဖေဖေ့နာမည်က ဦးထက်ကိုကို၊ မေမေ့ နာမည်က ဒေါ်ကြည်ကြည်ခိုင်ပါ။ အခုတော့ မရှိကြတော့ပါဘူး။ ရှိုးမြေ ငယ်ငယ်လေးကတည်းက ဆုံးသွားကြတာပါ"

နှုတ်ခမ်းက ဝမ်းသာအားရပြုံးနေပေမယ့် မျက်ဝန်းမှာတော့ မျက်ရည်တွေ ဝဲနေလို့ပါ။ ဒါဆို ကိုယ့်တူမလေးဆိုတာ သေချာပါပြီ ဒါကြောင့် ရှိုးမြေ ပါးပြင်လေးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ကိုင် လိုက်ပြီး ...

"သမီး သမီးလေးရယ်"

"ရှင်"

ရှိုးမြေ အံ့ဩမင်သက်စွာနှင့် ဒေါ်သက်ပိုပိုကို ကြည့်နေမိ သည်။ ဒါ သူမကို သိနေလို့ အခုလို ကျောင်းမှာလာရှာတာလား

"ဒါနဲ့ အန်တီက"

"ဒေါ်လေးက သမီးရဲ့ဒေါ်လေးအရင်းခေါက်ခေါက်ပါ သမီး ရယ်။ သမီးအဖေ ထက်ကိုကိုရဲ့အစ်မအကြီးဆုံး ဒေါ်သက်ပိုပိုပါ"

"ရှင်"

"ဒေါ်လေး သမီးကိုလိုက်ရှာနေတာ ကြာခဲ့ပါပြီ သမီးရယ် သမီးလေး တော်တော်ဆင်းရဲဒုက္ခရောက်ခဲ့မှာပေါ့နော်"





ရှိုးမြေ အံ့ဩစွာနှင့် ဒေါ်လေးဆိုသူကို ကြည့်နေမိသည်။ ရှိုးမြေရဲ့ ဒေါ်လေးအရင်းတဲ့။ ဘကြီးကတော့ ပြောခဲ့ဖူးပါတယ်။ ဖေဖေ က ချမ်းသာတဲ့အသိုင်းအဝိုင်းကတဲ့။ ဖေဖေ့မှာ အစ်မနှစ်ယောက် ရှိ သည်တဲ့လေ။ အခု ရှိုးမြေကိုယ်တိုင် တွေ့နေရပြီဆိုတော့ ဝမ်းနည်း ရမလား ဝမ်းသာရမလား မသိတော့ပါဘူး။

"ဒေါ်လေး"

"သမီး"

"ဒေါ်လေးက ရှိုးမြေရဲ့ဒေါ်လေး ဟုတ်လား"

"ဟုတ်တယ် သမီး။ ဒေါ်လေးက သမီးရဲ့ဒေါ်လေးအရင်းပါ။ သမီး ဘာမှအားမငယ်နဲ့တော့ သိလား။ သမီးအတွက် သမီးအဘွား က အမွေတွေ အများကြီးထားခဲ့တာ၊ ဒေါ်လေးထိန်းသိမ်းထားပါတယ် သမီးရယ်။ သမီးဒေါ်လေးနဲ့ လိုက်ခဲ့ပါနော်"

"လိုက်ရမယ်"

"ဟုတ်တယ်၊ သမီးအစ်ကိုလည်း ပါလာတယ်။ ဟဲ့ မောင် မောင် လာပါဦး ဒီကို"

"ဟင်"

ရှိုးမြေရဲ့အစ်ကိုဆိုသောကြောင့် ရှိုးမြေ ကားဆီသို့ စိတ် ဝင်စားစွာလှမ်းကြည့်နေမိသည်။ ရှိုးမြေက ရှိုးမြေမှာ အားကိုးစရာရှိပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးတစ်ယောက်တည်းပဲ ရှိတယ်လို့ထင်ထားခဲ့တာကို။ ရိုးမြေ
သွေးသားအရင်းအချာတွေ ရှိတာသိပေမယ့် အခုလို တွေ့ရလိမ့်မယ်
ထင်မထားခဲ့ပေ။

အခု . . .

ရိုးမြေမှာ ဒေါ်လေးနဲ့ အစ်ကိုနဲ့တဲ့။ ဒါဆို ရိုးမြေမှာ ဆွေမျိုး
သားချင်း မိသားစုဆိုတာ ရှိသေးသည်ပေါ့။

"ဟင်"

ကားပေါ်ကနေ ဆင်းလာပြီး ရိုးမြေကိုပြုံးပြသူသည်
မောင်မောင်ကျော်ပါ။ ရိုးမြေက ရိုးမြေမသိတဲ့ မျက်နှာစိမ်းတစ်ယော
လို့ ထင်ထားတာ။

ခုတော့ . . .

"ကိုမောင်မောင်ကျော်"

ဒေါ်သက်ပိုပိုက မောင်မောင်ကျော့်ကို လှည့်ကြည့်ပြီး . . .

"ဟုတ်တယ် သမီး၊ မောင်မောင်ကျော်က သမီးရဲ့အစ်
ဝမ်းကွဲလေ။ သမီးရဲ့အန်တီ ခက်ချိုချိုရဲ့သားပေါ့။ သူ့မှာ ညီမလေး
ရှိသေးတယ်၊ မေသရဖီကျော်တဲ့"

"ဪ"

"ဟုတ်တယ် ညီမလေး၊ ရိုးမြေကျဆိုတဲ့ နာမည်





ကြားလိုက်ကတည်းက ကိုကြီးရဲ့ ညီမလေး ဟုတ်မဟုတ်ဆိုတာကို
ကိုကြီး စုံစမ်းနေခဲ့တာ။ ကိုကြီးရဲ့ညီမလေး ရိုးမြေကျဆိုတာ အခုတော့
သေချာသွားပါပြီ"

ရိုးမြေ နှုတ်ခမ်းလေးတွေ ပြုံးလာသည်။ အစကတည်းက
ကိုမောင်မောင်ကျော်ကို ရိုးမြေ ခင်ပါသည်လေ။ စိတ်ထဲမှာ ကိုယ့်
အစ်ကိုတစ်ယောက်လို သဘောထားပြီး ရင်းနှီးနေခဲ့တာ။ အခု မောင်
နှမဝမ်းကွဲတဲ့။ ဒါကြောင့် သွေးကစကားပြောပြီး ရင်းနှီးနေခဲ့တာ
ထင်ပါရဲ့။

"ညီမလေး"

"ကိုကြီး"

"ညီမလေး . . . ဒီနေ့ ကျောင်းမတက်နဲ့တော့ကွာ။ ကိုကြီးတို့
နဲ့ တစ်ခါတည်းလိုက်ခဲ့နော်။ ကိုကြီးလည်း ဒီနေ့ ကျောင်းမတက်တော့
ဘူး"

". . . . . . . . . . . . . . . . ."

"ကိုကြီးတို့မိသားစုတွေ ပြန်ဆုံတာ အေးအေးဆေးဆေး
စကားပြောချင်လို့ပါ"

ရိုးမြေ မျက်နှာလေးမျက်သွားလေသည်။ သူတို့က ရိုးမြေကို
ကြီး မေတ္တာရိပ်အောက်ကနေ ဆွဲထုတ်သွားမှာလား။ အဲဒီလိုဆိုရင်

www.burmeseclassic.com



တော့ ရိုးမြေ ဘကြီးကို မခွဲနိုင်ပါဘူး။ ငယ်ငယ်ကတည်းက ရိုးမြေ နီလှုံခဲ့တဲ့ ဘကြီးရဲ့ မေတ္တာရိပ်က အေးမြပါသည်လေ။

''ညီမလေး''

''………………''

''ဘာဖြစ်လို့ မျက်နှာပျက်သွားတာလဲ။ ဘာဖြစ်လို့လဲ''

''ဘကြီး''

ရိုးမြေ စကားမဆက်ဘဲ ခေါင်းလေးငုံ့သွားကာ ပြီးမှ ပြန်မော့လာပြီး …

''ရိုးမြေကို ဘကြီးရဲ့မေတ္တာရိပ်အောက်ကနေတော့ ခွဲမထုတ်ကြပါနဲ့နော်။ ရိုးမြေ ဘကြီးကိုမခွဲနိုင်ဘူး''

''အို … ပူတတ်ရန်ကော သမီးရယ်၊ ဒေါ်လေးတို့က ကြိုပြီး စဉ်းစားထားပြီးသားပါ။ သမီးကို သမီးဘကြီးရဲ့မေတ္တာရိပ်အောက်ကနေ ဒေါ်လေးတို့က ခွဲမထုတ်ပါဘူး။ သမီးဘကြီးနဲ့ သမီးအတူတူ တစ်အိမ်တည်းမှာ နေရမှာပေါ့''

''ဒေါ်လေး တကယ်ပြောတာနော်''

ဒေါ်သက်ပိုပိုက ခေါင်းညိတ်ပြလေသည်။ မောင်မောင်ကျော်က …

''တကယ်ပေါ့ ညီမလေးရ။ ကိုကြီးတို့က ရိုးမြေကျဆိုတာ





ဒေါ်လေးရှာနေတဲ့ ရိုးမြေကျ တကယ်ဟုတ်ရင် ဘာလုပ်ရမယ်ဆိုတာ အားလုံး ကြိုတွေးထားပြီးသားပါ''

''ဝမ်းသာလိုက်တာ ကိုကြီးရယ်၊ ရိုးမြေ အရမ်းဝမ်းသာတာပဲ သိလား။ ရိုးမြေက ကိုယ့်ကိုယ်ကိုယ် ညီအစ်ကိုမောင်နှမ မရှိတဲ့ တစ်ကောင်ကြွက်လို့ ထင်ထားတာ''

''အခု တစ်ကောင်ကြွက် မဟုတ်တော့ဘူးလေ။ နှစ်ကောင်ကျား၊ အဲလေ အငယ်မနဲ့ဆို သုံးကောင်ကျား''

မောင်မောင်ကျော် လက်သုံးချောင်းထောင်ပြီး ပြောလေတော့ ရိုးမြေ ရယ်ကာ မျက်ဝန်းမှာတော့ ဝမ်းနည်းဝမ်းသာ မျက်ရည်တွေနှင့် ပါ။

လူတစ်ယောက်ရဲ့ဘဝမှာ …

လုံထဝမ်းလာတာသာမြင်ရပြီး ကံထဝမ်းလာတာကို မမြင်နိုင်ဘူး ဆိုတာ ဒါမျိုးကိုပြောတာလား။

ရိုးမြေ ကံကောင်းလာပြီထင်ပါရဲ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

နှီးမြေ ရှိုင်းရဲ့အုတ်ဂူပေါ်မှာ ပန်းစည်းလေးကိုတင်ပြီး မျိုးမင်း ရှိုင်းဆိုတဲ့ နာမည်လေးကိုငေးကာ မျက်ရည်တွေကျနေမိသည်။ နှီးမြေ အပေါ်မှာ အရမ်းကောင်းခဲ့တဲ့ လူတစ်ယောက်ကို ဆုံးရှုံးလိုက်ရတာ နှီးမြေ ဝမ်းနည်းလို့မဆုံးပါဘူး။ သူ့စကားသံတွေ သူနဲ့အတူတူ သွား လာခဲ့ဖူးတာတွေ။ နှီးမြေ ဘယ်လိုမေ့ဖျောက်ပစ်လို့ ရနိုင်မှာတဲ့လဲ။

"ကဲပါ နှီးမြေရယ် . . . ငိုမနေနဲ့တော့နော်။ မျက်နှာသစ်လိုက် ကလေးလည်း မဟုတ်ဘဲနဲ့ တိတ်တော့။ သူ သဘောမတွေ့လို့ပြော တိုင်း နင်က လိုက်ရှဲ့တာကို၊ နောက်ကို မရှဲ့နဲ့ကြားလား"

နှီးမြေ ကိုကို့ကိုရှဲ့ပြီး သနပ်ခါးထူထူလိမ်းမိတဲ့နေ့က အဖြ





အပျက်ကို သတိရသွားလေသည်။

"မျက်စိမှိတ်ထား"

"ကိုကြီးကလည်း မျက်နှာသစ်တာ ငုံ့သစ်မှ ရမှာပေါ့လို့"

"အေး . . . ဟုတ်သားပဲ၊ အဲဒါဆို ငုံ့"

"ရပါတယ်"

"ဘာရတာလဲ"

"နှီးမြေဘာသာ သစ်ပါ့မယ်"

အဲဒီတုန်းက နှီးမြေ မျက်နှာသစ်နေတာကို သူသေသေချာ ချာ လိုက်ကြည့်ပြီး . . .

"ကြည့်စမ်းပါဦး မျက်နှာသစ်တဲ့ရေက သနပ်ခါးရေကျဲ လောက်ကိုဖြစ်နေတာ၊ အခုနေ သူများကို ဆက်လိမ်းပေးရင်တောင် ဆယ်မျက်နှာလောက် လိမ်းလို့ရတယ်"

". . . . . . . . . . . . . . . . . . . ."

"နားထင်မှာကျန်သေးတယ်"

"သစ်မှာပေါ့ ကိုကြီးရဲ့"

"နှုတ်ခမ်းနီတွေကတစ်မျိုး၊ ဒီဘက်လှည့် ငါဖျက်ပေးမယ်"

"ရပါတယ်"

"မရနဲ့ ပြောရင် ပြောစကားနားထောင်၊ နင်ကလေ ခေါက်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲတန်တယ် သိလား''

သူ နှုတ်ခမ်းနီတွေ ဖျက်ပေးလေတော့ ...

''ကိုကြီးလက်မှာ ပေကုန်ပြီ''

''ရပါတယ်''

''ဖျက်လို့ရပ့ါမလား၊ အဲဒီနှုတ်ခမ်းနီက တော်တော်နဲ့ မပျက်ဘူး ကိုကြီးရဲ့၊ တော်ကြာ ကိုကြီးကောင်မလေးမြင်လို့ တစ်မျိုးထင်နေဦးမယ်''

''အဲဒီအတွက် နင် စိတ်မပူပါနဲ့၊ ငါ့မှာ ဘာကောင်မလေးမှ မရှိဘူး''

''တကယ်''

''အင်း''

''မယုံလိုက်တာ၊ ညောင်ပင်ကြီး ဒီလောက်ကြီးနေတာ ရှားစိုးမကပ်ဘဲ နေပ့ါမလား''

မဝေးကွာခဲ့သေးတဲ့ အတိတ်အကြောင်းတွေကို တွေးမိပြီး ရီးမြေ ရင်ထဲမှာ စူးနင့်နေတာပါပဲ၊ ရီးမြေနဲ့အတူ ဘတ်စ်ကားလိုက်တဲ့ စီးကြတာတွေ။ ဒီတစ်သက် ရီးမြေ ဘယ်လိုမေ့လို့ ရတော့မှာလဲ ကိုကြီးရယ်။

''ညီမလေး''





''...............''

''ကိုကြီးတို့ ပြန်ကြရအောင်နော်''

''ခဏလေးနေပါဦး ကိုကြီးရယ်။ ကိုကြီး ရှင်းအနားမှာ ညီမလေးနေပါရစေဦးနော်။ သူက ညီမလေးအပေါ်မှာ အစ်ကို တစ်ယောက်လို ကောင်းခဲ့တာ ကိုကြီးရဲ့''

''ကိုကြီးသိပါတယ်၊ ရှင်းက ညီမလေးအပေါ်မှာ ညီမလေး တစ်ယောက်လိုထက် ပိုချစ်ခဲ့တာပါ''

''ဟင်''

ရီးမြေ မျက်ရည်တွေကြားမှ ကိုကြီးမျက်နှာကို မော့ကြည့်လိုက်သည်။

''ဟုတ်တယ် ညီမလေး။ ကိုကြီးက သူနဲ့အရင်းနှီးဆုံးနေခဲ့တဲ့ သူငယ်ချင်းပဲလေ။ သူ့စိတ်ကို သိတာပေါ့။ သူ ညီမလေးကို ချစ်ခဲ့ပေမယ့် ဆက်ရှိန်ကို ငဲ့ပြီး ဖွင့်မပြောခဲ့တာပါ''

ရီးမြေ့အကြည့်တွေက အုတ်ဂူပေါ်က နာမည်လေးဆီ ရောက်သွားပြန်သည်။ ကိုကြီးက ရီးမြေကိုချစ်ခဲ့တာတဲ့လား။ ရီးမြေ ဘယ်လို ဖြေသိမ့်ရတော့မှာလဲ ကိုကြီးရယ်။ ရီးမြေလည်း ကိုကြီးကို အစ်ကို တစ်ယောက်လိုမျိုးတော့ ချစ်ခဲ့ပါတယ်။

''ညီမလေး''



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်"

"မငိုပါနဲ့တော့ ညီမလေးရယ်။ ညီမလေးလည်း ပင်ပန်းလှပါပြီ"

"အဟင့်"

ပြောရင်း မောင်မောင်ကျော် ရိုးမြေရဲ့မျက်ဝန်းက မျက်ရည်စတွေကို သုတ်ပေးလိုက်သည်။ ရိုးမြေက အစ်ကိုဖြစ်သူ၏ ရင်ခွင်ထဲသို့ တိုးဝင်လေတော့ မောင်မောင်ကျော်က ပခုံးလေးကို ပြန်ပြီး ဖက်ထားလိုက်စဉ် ...

"မောင်မောင်ကျော်"

"ဟင်"

"..............."

"လက်စသတ်တော့ မင်းတို့က ဒီလိုလား"

"ဆက်ရှိန်"

"ကိုကို"

ဆက်ရှိန်က မောင်မောင်ကျော်နှင့် မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ပြီး ကြည့်လိုက်တဲ့ မျက်လုံးတွေက စူးစူးရဲရဲပါ။ ဆက်ရှိန် ဘာဖြစ်တယ်ဆိုတာကို မောင်မောင်ကျော် သဘောပေါက်လိုက်သည်လေ။





ဒါကြောင့် ...

"မဟုတ်ဘူး၊ မင်းထင်သလို မဟုတ်ဘူးနော် ဆက်ရှိန်"

မောင်မောင်ကျော် ရှင်းပြဖို့ ကြိုးစားလိုက်ပေမယ့် ...

"ဘာမဟုတ်တာလဲ။ ဒီလောက် ထင်ထင်ပေါ်ပေါ်ကြီး မြင်နေရတာတောင် မင်းက မုန်လာဥလုပ်ချင်တုံးလား"

"ဆက်ရှိန် ငါရှင်းပြမယ်"

"မရှင်းနဲ့"

"ကိုကို မဟုတ်ဘူးနော်"

"သူငယ်ချင်းအပေါ် သစ္စာမရှိ၊ ပွဲလန့်တုန်း ဖျာခင်းချင်တဲ့ကောင်"

"ဟင်"

"ခွပ်"

"အ"

"ခွပ်"

"ကိုကို"

ရိုးမြေ နှစ်ယောက်ကြားကိုဝင်ရပ်လိုက်ပြီး ဆက်ရှိန် ရင်ဝကို ဆောင့်တွန်းပစ်လိုက်သည်။ ရှင်းပြတာကို နားမထောင်ဘဲ ဘာမသိ ဘာမသိနဲ့ ခိုလိုဝင်လုပ်တာတော့ ဘယ်ကောင်းပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရိုးမြေ"

ရိုးမြေ ဒေါသမျက်ဝန်းတွေနှင့် သူ့ကိုကြည့်လိုက်ပြီး . . .

"ရှင့်မှာတင် ဒေါသရှိတာမဟုတ်ဘူး ကိုဆက်ရှိန်၊ လူတိုင်း ဒေါသရှိတယ်။ ရှင်ပြုသမျှ နုပေးနေကြတာ ရှင့်ကိုကြောက်လို့ မဟုတ် ဘူး။ ခင်မင်မှုသံယောဇဉ်နဲ့ ရှင့်အပေါ်မှာ သည်းခံနေကြတာပါ။ အ မဆို ရှင်မဆင်မခြင်လုပ်လို့ သူငယ်ချင်းကောင်းတစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီနော်။ အခုထိ နောင်တမရသေးဘူးလား"

"ရိုးမြေ ကိုကို့ကို မင်း ဘယ်လိုပြောလိုက်တာလဲ။ ကို ခုလိုတွေဖြစ်နေတာ မင်းကြောင့်။ မင်းကို ချစ်လွန်းလို့ကွ နားလည် လား"

"ဆက်ရှိန်"

"................"

"ရိုးမြေနဲ့ငါက မင်းထင်သလို မဟုတ်ပါဘူးကွာ။ တကယ် တော့ ရိုးမြေနဲ့ငါက မောင်နှမဝမ်းကွဲတွေပါ"

"ဘာ"

"ဟုတ်တယ်၊ ရိုးမြေရဲ့ ဖေဖေနဲ့ ငါ့မေမေက မောင်နှမအရင်း ပဲ။ ရိုးမြေဆိုတဲ့နာမည်ကို စကြားကတည်းက ငါ ငါ့ညီမလေး ဟုတ် မဟုတ်ဆိုတာကို စုံစမ်းနေခဲ့တာပါ။ အခု သေချာလို့ ဒေါ်





နဲ့တောင် တွေ့ပြီးပြီ။ ရိုးမြေ ဖေဖေကို အိမ်ဖော်မနဲ့ညားလို့ဆိုပြီး ငှ်ထားခဲ့ကြတာပါ"

ဒါ တကယ်ပဲလား။ တစ်ခါတလေမှာ အပြင်လောက,က တကယ့်အဖြစ်အပျက်တွေက ဇာတ်လမ်းတွေထဲကထက်တောင် ဆန်း ကြယ်တာတွေ ရှိနေတော့ ဟုတ်မှာပါလေ။ ဆက်ရှိန် ခုလို ရှင်းရှင်း လင်းလင်းသိရတော့ မောင်မောင်ကျော့ကို အားနာလိုက်တာ။

သူ . . .

ရိုးမြေနဲ့ ပတ်သက်လာရင် ဘာလို့ သွေးဆူနေတတ်ခဲ့တာလဲ။ မင်းမသိဘူးလား ရိုးမြေရယ်။ ကိုကို မင်းကို သိပ်ချစ်လို့ပါ။ ကိုယ်က အားသွားပြီဆိုတော့ . . .

"ဆောရီး၊ ငါတောင်းပန်ပါတယ် မောင်မောင်ကျော့၊ ရိုးမြေနဲ့ ပတ်သက်လာရင် ငါ့ရင်ထဲမှာ သဝန်တိုစိတ်တွေ၊ မနာလိုစိတ်တွေ များနေလို့ပါ။ ငါ သူ့ကို ဆုံးရှုံးလိုက်ရမှာ အရမ်းကြောက်တယ်"

"ငါ နားလည်ပါတယ်ကွာ"

"ရှင် ကျွန်မကိုချစ်တယ်ဆိုတာ ရှင့်ဘက်က လွတ်လပ်ခွင့် ရှင်ပဲ ကိုဆက်ရှိန်။ ကျွန်မကတော့ ရှင့်လို အတ္တကြီးပြီး တစ်ကိုယ် ကောင်းဆန်တဲ့ သူ့ကိုကြောက်တယ်"

ပြောပြီး ရိုးမြေ လှည့်ထွက်သွားလေတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရိုးမြေ"

"ညီမလေး"

ရိုးမြေက လုံးဝ လှည့်မကြည့်တော့ပေ။ ကိုကို့ကို စိတ်[illegible] သွားပြီလား ရိုးမြေရယ်၊ ခေါ်တာတောင် ကိုကိုမဟုတ်တော့ဘဲ ကို[illegible] ရှိန်တဲ့လား။

❋



## အခန်း (၃၀)

ဒီနေ့ . . .

ရှိုင်း သူချစ်တဲ့သူတွေကို ခွဲသွားခဲ့တာ တစ်လပြည့်တဲ့နေ့ပေါ့။ [illegible]ကြောင့် တစ်လပြည့် ဆွမ်းသွပ်တာမို့ သူငယ်ချင်းဖြစ်တဲ့ ဆက်ရှိန် [illegible]ဘတွေရော မောင်မောင်ကျော့်မိဘတွေရောနှင့် လူစုံတက်စုံပါ။ [illegible]ောင်မောင်ကျော့်မိဘတွေက မနေ့ကပဲ ပြန်ရောက်လာကြတာလေ။

တရားနာပြီး အမျှဝေတဲ့အချိန်မှာ . . .

ရှိုင်း မေမေ့ခမျာ ပါးပြင်မှာမျက်ရည်တွေလူးနေလို့ပေါ့။ [illegible]ဒေါ်ထက်ရှိန်ဝါ ကိုယ်ချင်းစာတတ်ပါပြီလေ။ သားသမီးအတွက် ပူရတဲ့ [illegible]ဒုက ဘယ်အပူနဲ့မှမတူပေ။ ကိုယ့်သားကို ကိုယ်ချစ်သလို သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့သားကို သူချစ်တာပေါ့။ ဒီတစ်ခါ သူမ မှားလိုက်တဲ့အမှားက တစ်သက်စာ နောင်တတွေနှင့် မာနတွေကို ဦးမော့နိုင်အောင် မစွမ်းသာတော့ပေ။

လူရှင်းသွားတဲ့အချိန်မှာ . . .

"မေဝါ"

". . . . . . . . . . . . . . ."

"ထက် နောင်တရပါပြီ မေဝါရယ်။ ထက်အပြစ်တွေအတွက် ထက် မေဝါတို့အပေါ်မှာ တတ်နိုင်သလောက် ပေးဆပ်သွားချင်တယ်။ ထက်ကိုယ်ထက်လည်း ခွင့်မလွှတ်ဘူး"

"မဟုတ်တာထက်ရယ်၊ မေဝါ ထက်ကို အပြစ်မမြင်ပါဘူး သေတဲ့သူက သေသွားပြီးပြီပဲလေ။ အငြိုးအာဃာတတွေထားနေလို့ သားလေးက အသက်ပြန်ရှင်လာမှာမှ မဟုတ်တာ။ သားလေးရဲ့ကံပေါ့"

"မေဝါရယ်"

သဘောထားပြည့်ဝပြီး စိတ်ထားမြင့်မြတ်လိုက်တဲ့ မိန်းမပါလား မေဝါရယ်။ ကိုယ်သာ သူ့နေရာမှာဆိုရင် ကိုယ့်သားသေရတာ သူ့ပယောဂမကင်းဘူးဆိုပြီး အငြိုးတွေ အာဃာတတွေ ထားနေမိမှာပါ။





တကယ်တော့ အတ္တတွေ မာနတွေက ပူလောင်မှုန်း ထက်သိခဲ့ပါပြီလေ။

သူမ . . .

သူမရဲ့ အတ္တမာနတွေကိုသာ ဦးစားပေးပြီး တစ်ဖက်သားရဲ့ ခံစားချက်ကို ထည့်မတွက်ခဲ့ဖူးပေ။ သူများကို ကိုယ်ချင်းမစာတတ်တဲ့သူ၊ ချစ်ခြင်းမေတ္တာဆိုတာကို နားမလည်တဲ့သူဟာ အထီးကျန်သည့်ဘဲ့ ဟုတ်မှာပါ အခုဆိုရင် သူမမှာ လင်ကမကြည်၊ သားက မျက်နှာချင်းမဆိုင်နှင့်။

လောကကြီးထဲမှာ တစ်ယောက်တည်းရပ်တည်နေရသလိုပါပဲ။ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲပြည့်စုံချမ်းသာနေပါစေ မေတ္တာ စေတနာတွေမရှိရင် စိတ်မပြည့်စုံခြင်းက ဘာနဲ့မှ ဝယ်ယူလို့ မရနိုင်ပါဘူး။

"မေဝါက အင်မတန်မှ စိတ်ထားမြင့်မြတ်တဲ့မိန်းမပါ။ ထက် မေဝါကို အတုယူပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်နိုင်အောင် ကြိုးစားပါတော့မယ်"

ဒေါ်မေဝါနိုင် မျက်ရည်တွေကြားမှ ပြုံးလိုက်ပြီး . . .

"ဝမ်းသာပါတယ် ထက်ရယ်။ ထက်ဆီက ဒီလိုစကားမျိုး ကြားရတာ မေဝါ အရမ်းဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"ဟင်"

အနားကိုရောက်လာသူက လှိုင်ပါ။ လှိုင်က မျက်နှာမကောင်းစွာနှင့် ...

"ရိုးမြေလည်း လာတယ်နော်"

"လာမှာပေါ့ သမီးရယ်။ ရိုးမြေနဲ့ရှိုင်းလည်း သူငယ်ချင်းမောင်နှမတွေပဲလေ။ သူလည်း သားအတွက် တော်တော်လေး ခံစားနေရရှာမှာပါ"

ဝင်ပြောလိုက်သူက ဒေါ်မေဝါနိုင်ပါ။ သူမက ကိုယ့်အိမ်ကို ဘယ်သူမလာရဘူး ဘယ်ဝါမတက်ရဘူးလို့ သတ်မှတ်ထားတာမရှိဘူးလေ။ လူလူချင်းအတူတူ ဘယ်သူ့ကိုမှ အဆင့်အတန်းခွဲခြားပြီး မဆက်ဆံပါဘူး။

ဒေါ်မေဝါနိုင့်အပြောကို လှိုင်က နှုတ်ခမ်းမဲ့ပစ်လိုက်ပြီး ...

"အန်တီက ထင်လို့လား၊ ရိုးမြေက မာယာများတယ် အန်တီရဲ့။ မျက်ရည်က သူ့အတွက် အစွမ်းထက်တဲ့လက်နက်ပဲလေ။ သူများသနားအောင် မျက်ရည်ကျပြနေတာ၊ အဲဒါ မာယာပဲ"

"မဟုတ်တာကွယ်။ ရိုးမြေလေးက ရိုးသားဖြူစင်ပါတယ်"

"ဘာရိုးသားတာလဲ၊ ရုပ်ကလေးဗန်းပြပြီး သူဌေးသားတွေ





ဆီက ချူစားနေတဲ့ ပိုင်းလုံးမ။ လှိုင်နဲ့တွေ့ဦးမယ် ဟွန်း"

"လှိုင်"

ဒေါ်ထက်ရှိန်ဝါ လှိုင့်စကားကို သူမ ဝင်ဖျက်ပေးမှ ဖြစ်တော့မှာပါ။ ဒါကြောင့် ...

"အန်တီတို့ သွားရအောင်"

ဖြူစင်သူရဲ့စိတ်ကို ဖြူစင်သူချင်းမှ မြင်နိုင်မှာလေ။ လူတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ ကြည့်မှ ချစ်စရာကောင်းတာဖြစ်ပြီး မုန်းတဲ့စိတ်နဲ့ကြည့်ရင် မုန်းစရာဖြစ်နေမှာပဲလေ။ လှိုင်က ရိုးမြေကို မုန်းတဲ့စိတ်နဲ့ပဲ ကြည့်နေခဲ့သူလေ။ သူမလည်း အမြဲတမ်း မုန်းတဲ့စိတ်နဲ့ပဲ ကြည့်နေခဲ့မိတာ မဟုတ်လား။

အခုတော့ ...

သူမရဲ့အမြင်တွေ မှန်အောင်ပြုပြင်နေတာဆိုတော့ ရိုးမြေကို ချိုးမျှစ်ချိုးမပြောလိုတော့ပေ။

"အန်တီ"

"............"

"အန်တီ ဘာမှမပြောတော့ဘူးလား"

"ဟင် ... အန်တီက ဘာပြောရမှာလဲ လှိုင်"

"ရိုးမြေမျက်နှာကို မမြင်ချင်တော့လို့ အန်တီ နှင်ထုတ်လိုက်ပြီလား



www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ။ အခု သူလာတယ်၊ ပြောင်လိုက်တဲ့မျက်နှာ အရှက်ကို မရှိဘူး။ လာတဲ့ပုံကလည်း အလှူမင်္ဂလာဆောင်လာတဲ့အတိုင်းပဲ ရွှေတွဲလွဲ ငွေတွဲလွဲတွေဖြစ်လို့၊ ဘယ်သူ့ဟာတွေ ငှားဝတ်လာတယ်မသိဘူး။ လူအထင်ကြီးအောင် လုပ်လာတာ အထင်မကြီးပါဘူး''

လှိုင်က မဲ့ရွဲ့ပြောနေပေမယ့် ရိုးမြေက ဘာမှမသိ ဘာမှ မကြားပေ။ ဒီတော့ တောင်ပို့ကို ခွေးဟောင်နေတာနဲ့ တူတာပေါ့။

''လှိုင်''

''............''

''သူများကို မချွေရိယှစိတ်မွေးရင် ကိုယ်ပဲ အရင်ပူလောင်ရတာ သမီးရဲ့။ မပူလောင်ချင်ပါနဲ့တော့ကွယ်''

''ဟင်''

ပြောပြီးထွက်သွားတဲ့ အန်တီထက်ကျောပြင်ကိုကြည့်ပြီး လှိုင် အံ့သြရပါသည်။ သူမ ဖြစ်စေချင်တာက ရိုးမြေကို ပိုးစိုးပက်စက် သွားပြောစေချင်တာပါ။

ခုတော့။

❋



## အခန်း (၃၁)

ဆက်ရှိန် ရိုးမြေပြန်တာကိုမြင်တာနှင့် ထပြီးလိုက်သွားလေတော့သည်။ သူ့ဘက်ကမှားခဲ့တာဆိုတော့ တောင်းပန်ရမှာပဲလေ။ သူ ကိုယ့်ကို စိတ်နာနေပြီလား။ စိတ်မနာပါနဲ့ ရိုးမြေရယ်။ ကိုကိုမှားခဲ့သမျှ မင်းကို ချစ်လွန်းတဲ့စိတ်ကြောင့်ပါ။

''ဘာဖြစ်လို့လဲ သမီးရဲ့ လိုက်ခဲ့ပါ။ သမီးကို အန်တီတို့တူမမှန်းသိရင် သမီးအပေါ် ထက်ရဲ့ဆက်ဆံရေးတွေ ပြောင်းလဲသွားမှာပါ''

''ဟင့်အင်း ... ရိုးမြေ မလိုက်ချင်ဘူး အန်တီ။ ကိုယ့်ကို နှင်ထုတ်ထားတဲ့အိမ်ကို အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ရိုးမြေ ပြန်မဝင်ချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"သြော် သမီးရယ် ... ဘာဖြစ်လဲ သမီးက အရင်တုန်းက ဘဝမျိုးမှမဟုတ်တော့တာ။ ခေါင်းမော့ရင်ကော့ပြီးကို ဝင်သွားပြရမှာ"

"အဲဒီပြောင်းလဲသွားတဲ့ ဘဝအခြေအနေကြောင့်ပဲဖြစ်ဖြစ် အန်တီတို့မျက်နှာကြောင့်ပဲဖြစ်ဖြစ် ကြည်ဖြူလက်ခံတာမျိုးကို ရိုးမြေ မလိုချင်ဘူး အန်တီ"

"ဒီကလေးနယ် ခေါင်းမာလိုက်တာ"

ဒေါ်ခက်ချိုချို တူမလေးကိုအပြစ်လည်းမမြင်ရက်ပေ။ သူလည်း သူ့ခံစားချက်နဲ့သူပဲလေ။ သူ့ဘဝမှာ အနိုင်ခံရတာတွေ နာကျင်ကြေကွဲခဲ့ရတာတွေများလာတော့ ခေါင်းမာတတ်သွားတာပဲ ဖြစ်မှာပေါ့။ သူလည်း သူ့မာနနဲ့သူ။ ရှိသင့်ရှိထိုက်တဲ့မာနကို ဆောင်ထားတာပဲလေ။

"ကဲပါ ခက်ရယ်၊ သမီးလေးမလိုက်ချင်တာကို ခေါ်မနေပါနဲ့တော့။ သူ့ဘာသာသူ စိတ်ပြေလက်ပျောက် အေးအေးဆေးဆေး နေပါစေ"

ဦးထွန်းသက်လွင်ပြောတော့ ဒေါ်ခက်ချိုချို သက်ပြင်းလေး ချလေသည်။ ဟုတ်ပါတယ်လေ။ သူ့ခမျာ ဘဝတစ်လျှောက်လုံး ပူလောင်သောကတွေနဲ့ နေလာခဲ့ရတာ၊ သူ့သဘော သူ့ဆန္ဒအတိုင်း အေးအေးချမ်းချမ်း နေပါစေတော့။

"သား"





"ဗျာ မေမေ"

"ဒါဆို မေမေတို့ ထက်ဆီဝင်လိုက်ဦးမယ်။ သားတို့ မောင်နှမ ပြန်နှင့်လေ နော်"

"ဟုတ်ကဲ့"

ဦးထွန်းသက်လွင်နဲ့ ဒေါ်ခက်ချိုတို့ ကားပေါ်တက်ပြီး မောင်းထွက်သွားလေတော့သည်။ မောင်မောင်ကျော် ရှင်းရဲ့မိဘတွေကို ဖေဖေနဲ့မေမေကသာ နှုတ်ဆက်ပြီး သူက နှုတ်မဆက်ခဲ့ရသေးသဖြင့် ...

"ညီမလေး ခဏနော်၊ ကိုကြီး ရှင်းမေမေနဲ့ဖေဖေကို နှုတ်ဆက်ရသေးလို့ သွားပြီး နှုတ်ဆက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ပြောပြီး မောင်မောင်ကျော် အိမ်ထဲကို ပြန်ဝင်သွားလေတော့ ထွက်လာတဲ့ဆက်ရှိန်နှင့် ဆုံလေသည်။ တစ်ယောက်ကိုတစ်ယောက် ခေါင်းသာညိတ်ပြပြီး စကားမပြောဖြစ်ကြတော့ပေ။

ရိုးမြေ ကိုကြီးကို ကားပေါ်ကနေ စောင့်နေမည်ဟု ကားတံခါးကို ဖွင့်လိုက်စဉ် ...

"ရိုးမြေ"

"................"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးမြေ"

"ဟင်"

သူမနာမည်ကိုခေါ်ပြီး ခြေလှမ်းကျဲများနှင့် လျှောက်လာသူက ကိုဆက်ရှိန်မို့ ရှိုးမြေမျက်နှာ တင်းခနဲဖြစ်သွားလေသည်။ အနားကို ရောက်လာတာနှင့် ...

"ရှင် ဘာနှောင့်ယှက်ဦးမလို့လဲ"

"ဟာ ... ပြောရက်လိုက်တာ ရှိုးမြေရယ်။ ကိုကိုက နှောင့်ယှက်တဲ့လူ ဖြစ်နေပြီလား။ ကိုကိုက ရှိုးမြေအတွက် အမှိုက်ဖြစ်နေပြီလား ရှိုးမြေရယ်"

"ဟုတ်တယ်၊ ကျွန်မ ပြောခဲ့ပြီးပြီလေ။ ရှင့်လို အတ္တကြီးတဲ့ လူနဲ့ ကျွန်မ မပတ်သက်ချင်ဘူးလို့"

"ကိုကိုကတော့ ပတ်သက်နေဦးမှာပဲ ရှိုးမြေ"

"..............."

"အဲဒါ ကိုကို ရှိုးမြေကို အရမ်းချစ်လို့။ ကိုကို ရှိုးမြေကို အရမ်းချစ်တယ်"

"မပြောနဲ့၊ မကြားချင်ဘူး"

"ရှိုးမြေ"

ရှိုးမြေမျက်နှာကို ဆတ်ခနဲလွှဲပစ်ပြီး ကားပေါ်သို့တက်က





တံခါးကိုပိတ်ပစ်လိုက်တော့သည်။ ဆက်ရှိန်က ကားထဲကို ငုံ့ကြည့်လိုက်တော့ သော့တန်းလန်းနှင့်လေ။ ဒါကြောင့် ကားပေါ်ကိုတက်ပြီး မောင်းထွက်ခဲ့လေလျှင် ...

"ဟင်"

ရှိုးမြေ မျက်လုံးလေးပြူးသွားပြီး ...

"ကိုဆက်ရှိန် ... အဲဒါ ရှင် ဘာလုပ်တာလဲ။ ကားရပ် ခုရပ်"

"မစဉ်းစားနဲ့"

"ကိုဆက်ရှိန်"

ဆက်ရှိန် ရှိုးမြေပြောတာကို ဂရုမစိုက်ဘဲ ကားလေး ခြံထဲက ထွက်တာနှင့် အရှိန်ကို မြှင့်လေလျှင် ...

"ကိုဆက်ရှိန် ရှင် ဘာလုပ်တာလဲ"

"မင်းကို တစ်ခါတည်း ခိုးပြေးတာ၊ ရှင်းပြီလား"

"ဘာ"

"............"

"ရှင် အဲဒီလိုလုပ်လို့မရဘူးနော်။ ကားကို အခုရပ် ရပ်ပေး"

"ကျွန်မ ခုန်ချမှာနော်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မလုပ်ဘူး မထင်နဲ့"

"ဟာ ... ဖျော့"

ရိုးမြေ ကားတံခါးကို တွန်းဖွင့်လေတော့ ဆက်ရှိန် ကားကို ရပ်ပစ်လိုက်ရသည်။ ပြီးတော့ ကားပေါ်ကနေ ရိုးမြေအရင်ဆင်းပြီး ကားတံခါးကို သွားဖွင့်ပေးလိုက်ကာ ...

"ဆင်း"

"ဟင်"

"ဆင်းလေ"

ရိုးမြေ သူ ကားရပ်မပေးဘူးလို့ထင်ပြီး ကြောက်နေမိတာ အခု ကားရပ်ပေးပြီး ဆင်းဆိုတော့ လျင်မြန်စွာဆင်းလိုက်စဉ် သူက ရိုးမြေလက်ကို ဖမ်းဆုပ်၍ ဆွဲခေါ်လေလျှင် ...

"ဘာလုပ်တာလဲ ... ဖယ်"

ဆက်ရှိန် ရိုးမြေကိုယ်လေးကို ရှေ့ခန်းတံခါးဖွင့်ပြီး တွန်း တင်ပစ်လိုက်တာ ...

"အင့်"

"ဂျိမ်း"

"ဘာလုပ်တာလဲ ဖွင့် ဖွင့် ခုပြန်ဖွင့်"

"မစဉ်းစားနဲ့၊ ငါသေမှ မင်းအိမ်ပြန်လို့ရမယ်"





"ကိုဆက်ရှိန်"

ဆက်ရှိန် မကြားသလိုတဲ့ သူပါ ကားပေါ်ပြန်တက်လိုက်ပြီးမှ

"မင်းကို ကိုကို အဆုံးရှုံးမခံနိုင်ဘူး ရိုးမြေ။ အဲဒါကြောင့် ကိုကို့ကိုခွင့်လွှတ်ပါ"

"ဟင့်အင်း ... ခွင့်မလွှတ်ဘူး"

"ရိုးမြေ"

ရိုးမြေ သူ့ကို ဒေါသမျက်ဝန်းနှင့် ကြည့်လိုက်စဉ်မှာပဲ သူက နှမြေကိုယ်လေးကိုဖက်ပြီး ပါးပြင်ကို နမ်းရှိုက်လေလျှင် ...

"ဖယ် ဖယ်နော်"

"အရမ်းချစ်တယ်"

"ဟင့်အင်း ... လွှတ်နော်"

ရိုးမြေ ရုန်းပေမယ့် ရုန်းလို့မရပေ။ သူ့ရင်ခွင်ထဲမှာ ရိုးမြေ လွှတ်သာခဲ့ပါဘူး။ ကိုယ်တွေ လက်တွေက ရုန်းလို့မရတော့ ပါးစပ်က ငြိမ်မနေ။

"ကိုဆက်ရှိန် ဖယ်ပါ"

"ဘာကိုဆက်ရှိန်လဲ၊ ကိုကိုလို့ခေါ်"

"မခေါ်ဘူး"

"မခေါ်ရင် နမ်းတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်"

"စကားများတဲ့နှုတ်ခမ်းကိုပါ ပိတ်ပစ်ရမယ်"

"ဟင့်အင်း"

ပါးစပ်ကလည်း ရှိုးမြေ ဘာမှမပြောနိုင်အောင် သူက တံ... တူသော့နှင့် ခပ်ပစ်လိုက်ပြီလေ။ ရင်တွေလည်းခုန်၊ ကြောက်လည်... ကြောက်ပေမယ့် ရှိုးမြေ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ တကယ်ဆို ရှိုး... လည်း သူ့ကိုချစ်ပါသည်။ ဒါပေမဲ့ သူ့အမေကြောင့် မဖြစ်နိုင်တာ... သိပြီး ရှောင်နေခဲ့တာပါ။

ချစ်တော့ချစ်ပေမယ့် . . .

ရှိုးမြေ အိမ်ထောင်မပြုချင်သေးပါဘူး။ ကျောင်းမှမပြီးသေး... လေ။ ဒါကြောင့် ငြင်းဆန်နေပေမယ့် ငြင်းဆန်လို့ မရတော့... ထင်ပါရဲ့။ ရှိုးမြေကို သူ အပါခေါ်သွားဖို့က ကြိမ်းသေနေပြီလေ...

"ကဲ ဘယ်လိုလဲ"

"ဘာကိုလဲ"

ပြန်မေးပုံက ဆောင့်ဆောင့်အောင့်အောင့်နှင့်ပါ။ ဆက်ရှိန်... ပြုံးပြီး . . .

"အချစ်က ချီလားလို့မေးတာ"

"မသိဘူး . . . မသိဘူး"





"အခုမသိသေးရင် နောက် သိရမှာပေါ့"

"အဟင့် ဟီး"

"အဲဒီမျက်ရည်တွေ ညကျမှပဲ သုတ်ပေးတော့မယ်"

"ဘာ"

"ဘာမှမဟုတ်ဘူး"

အခြေအတင်စကားပြောနေစဉ်မှာပဲ ရှိုးမြေ ဖုန်းက အသံ... ည့်လာလေသည်။ ရှိုးမြေ ဖုန်းကိုင်လိုက်စဉ် နံပါတ်ကိုကြည့်လိုက်... တော့ မောင်မောင်ကျော်ဖုန်းမို့ ဆက်ရှိန် ရှိုးမြေလက်ထဲက ဖုန်းကိုယူ...ပြီး ဖုန်းလုံးလေးကို ညာဘက်သို့ဆွဲလိုက်တာနှင့် . . .

"ညီမလေး"

"ညီမလေးမဟုတ်ဘူး ဟော့ကောင်။ ငါ မင်းယောက်ဖ ...ဆက်ရှိန်"

"ဟာ . . . ဒီမှာ စိတ်ညစ်နေရတဲ့အထဲ မင်းက နောက်နေ...သေးတယ် ကျွတ်"

"မင်းက ဘာကိုစိတ်ညစ်နေတာလဲ"

"ငါ့ညီမနဲ့ငါ့ကား ပျောက်နေလို့ကွ"

"အဲဒါဆို မင်း စိတ်ပူမနေနဲ့တော့ မောင်မောင်ကျော်။ မင်း... ...၃) ကိုးခြောက်ကိုးသုံးနဲ့ပဲ ဒိုးလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ဆက်ရှိန် ရယ်လိုက်ပြီး . . .

"ငါ မင်းကားရော မင်းညီမရော နိုးပြေးသွားပြီကွ။ မှ
လား"

"ဟာ . . . မင်း အဲဒီလိုမလုပ်နဲ့လေ"

"မလုပ်လို့မရတော့ဘူး။ မင်းညီမကို ငါ စိတ်မချလို့
နိုင်တော့လို့ နိုးပြေးသွားပြီ။ မင်းပြောသလိုပေါ့၊ ဒါပြီ"

"ထွီ"

ဆက်ရှိန်ပြောပြီး ဖုန်းချကာ စက်ပါပိတ်ပစ်လိုက်တော့
မောင်မောင်ကျော်မှာတော့ . . .

"တောက် . . . ဒီကောင်ကွာ"

❋



## အခန်း (၃၂)

"ဘယ်လို ခက်၊ ရိုးမြေက ခက်ရဲ့တူမအရင်း ဟုတ်လား"

"ဟုတ်တယ်လေ ထက်ရဲ့၊ ထက်သားက ပြောမပြဘူးလား"

"ဟင့်အင်း . . . ပြောမပြပါဘူး"

"ထက် ခက်ရဲ့မောင်လေး၊ ထက်ကိုကို့ကို မှတ်မိလားမသိ
"

"မှတ်မိတာပေါ့ ခက်ရယ်။ ကိုယ့်မောင်လေးအရင်းလို
ချင်းနှီးနှီးနေလာခဲ့တာပဲဥစ္စာ၊ မေ့ပါ့မလား"

ဒေါ်ထက်ရှိန်ဝါ ပြောရင်းကပဲ ထက်ကိုကို၏ပုံရိပ်ကို မြင်
ဘင်မိလာသည်။ ရယ်လိုက်ရင် သွားတက်ကလေးနဲ့မို့ ထက်ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်ဖို့ကောင်းတယ်လို့ ထက်ကိုယ်တိုင် ပြောခဲ့ဖူးသည်လေ။ ကိုယ်က သဘောရိုးနဲ့ပြောခဲ့တာကို ခက်ကတောင် စခဲ့သေးတယ် မဟုတ်လား။ ဒါဆို ငါ့ကို ယောင်းမတော်မလားလို့လေ။ နောက်တော့ ခက်ရော ထက်ရော အိမ်ထောင်တွေကျကုန်ကြပြီး အသွားအလာ ကျဲသွားကြတဲ့ကာလမှာ သတင်းကြားလိုက်ရတာ ထက်ကိုကိုက အိမ် ဖော်မလေးကို နိုးပြေးလို့တဲ့၊ သူမတောင် မဆီမဆိုင်နှင့် ထက်ကိုကိုကို နမြောပြီး ဒေါသထွက်ခဲ့ရသေးသည်။

"နိုးမြေက ထက်ကိုကိုရဲ့သမီးလေးပဲ ထက်"

"အို"

ထက် စိတ်မကောင်းဖြစ်သွားရသည်သာ။ အစကတည်းက နိုးမြေကို ထက်ကိုကိုရဲ့သမီးမှန်းသာသိခဲ့ရင် ဆင်းရဲတာ ချမ်းသာထား ကိုထား။ သူမ ဒီလိုဆက်ဆံမိခဲ့မှာ မဟုတ်ပေ။

ခုတော့ . . .

"ထက် စိတ်မကောင်းလိုက်တာ ခက်ရယ်။ နိုးမြေကို ထက် ကိုကိုရဲ့သမီးမှန်း သိခဲ့ရင် ထက်လေ"

"ရပါတယ် ထက်ရယ်။ ပြီးခဲ့တာတွေလည်း ပြီးသွားပါပြီ ဘာမှစိတ်မကောင်းဖြစ်မနေနဲ့တော့နော်"

ခေါင်းသာညိတ်လိုက်ရတယ် . စိတ်ကတော့မကောင်းသေး





ဘာလေးတွေကိုစွတော့ မပြောတော့ပါဘူး။ ဒီနေ့ လူစုံတက်စုံဆိုသလို လှိုင်တို့သားအမိကလည်း ရောက်နေသည်လေ။ ဘယ်လိုပြောရမလဲ။ လှိုင်တို့ကိုလည်း ပြောထားတာ စကားကလွန်ပြီးပြီ။ ဒေါ်ထက်ရှိန်ဝါ ခင်ပွန်းသည်ကိုကြည့်လိုက်မိတော့ . . .

မဲ့ပြုံး ပြုံးပြီး မေးဆတ်ပြလေသည်။

ဒါ ဘယ့်နှယ်ရှိသေးလဲ။ ခုတော့ ဘာတတ်နိုင်သေးလဲဆိုတဲ့ သဘောပေါ့။

"သားကတော့ ခုမှပြန်တွေ့ရတဲ့ သူ့ညီမကို အဖြစ်သည်း နေလေရဲ့ ထက်ရေ။ သူကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုလုပ်နေတော့ ဘာလေ"

ရယ်စရာမဟုတ်ဘဲ ရယ်ပြီးဝင်ပြောလိုက်သူက ဦးထွန်းသက် သွင်ပါ။ ပြောသမျှ နိုးမြေအကြောင်းက မပါမဖြစ်ပါနေတော့ လှိုင်တို့ သားအမိရင်ထဲမှာ မီးလုံးခုလှ ဖြစ်နေကြသည်သာ။

"ကောင်းတာပေါ့ရှင်၊ ခုလိုကြားရတာ ထက် ဝမ်းသာပါ တယ်။ တကယ်ပါ"

"ထက်"

"ရှင်"

"ငါ့သား အခုထိ အိမ်ပြန်မလာသေးပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ့သားကိုမေးလိုက်သူက ဦးဘုန်းဆက်ပါ။ သူ ဒီလိုမေးတာ အကြောင်းရှိတယ်လေ။ အခုချိန်မှာ ရှင်းတို့အိမ်မှာ ဆက်ရှိန်နဲ့ရိုးမြေ ဆုံပြီး ဘာတွေဖြစ်မလဲဆိုတာ လှိုင်တို့သားအမိကိုတွေ့စေချင်လို့ပါ။

"ပြန်လာမှာပေါ့ ကိုဘုန်းဆက်ရယ်။ ဟိုအိမ်မှာ ကူလုပ်စရာတွေ ရှိနေသေးလို့ ဖြစ်မှာပေါ့"

"မသိပါဘူးကွာ၊ အဲဒီမှာ ရိုးမြေကရှိနေသေးတော့ စိတ်မရှ လို့ မေးတာပါ"

"ကိုဘုန်းဆက်"

သူ့မကို ထေ့တာမှန်း ဒေါ်ထက်ရှိန်ဝါ သိပါသည်။ ဒါကြောင့် မျက်စောင်းထိုးလိုက်စဉ်မှာပဲ . . .

"ထက်"

ဒေါ်လှိုင်ထိပ်ထား ခေါ်လိုက်တာကြောင့် ဒေါ်ထက်ရှိန်ဝ လှည့်အကြည့်မှာ ဒေါ်ထိပ်ထားမျက်နှာထားက ခပ်တည်တည်ရယ် ခုရှုပ်မှ နောက်ရှင်းဆိုသလို ပြောမှဖြစ်တော့မှာမို့ ဒေါ်ထိပ်ထား ကလေး တွေကိစ္စကို ပြောမှ ဖြစ်တော့မှာပါ။

ဒါကြောင့် . . .

"လှိုင်နဲ့ဆက်ရှိန်ကိစ္စကို ဘယ်လိုလုပ်မှာလဲ။ ထိပ်ထား တော့ စိတ်အေးရအောင် မြန်မြန်စီစဉ်ချင်ပြီ ထက်"





"အဲဒါကတော့ ထိပ်ထားရယ်။ ကလေးတွေဆန္ဒကို ထက်က တော့ ဦးစားပေးချင်တယ်"

"လှိုင်ဆန္ဒကတော့ မြန်လေကောင်းလေပဲ အန်တီ။ ဆက်ရှိန် ကို လှိုင် စိတ်မချဘူး"

လှိုင် အပြတ်ပဲပြောပစ်လိုက်၏။ ဟုတ်တယ်လေ၊ ရိုးမြေက အရင်တုန်းကလို ခိုကိုးရာမဲ့မှမဟုတ်တော့တာ။ စိတ်ပြောင်းသွားဖို့ အန်တီထက်ဘက်က အချိန်မရွေးဖြစ်သွားနိုင်တာပဲလေ။

"လှိုင့်ဆန္ဒက ဟုတ်ပါပြီ သားဆန္ဒက ရှိသေးတယ်လေ လှိုင်ရဲ့"

"အန်တီ ပြောင်းလဲချင်ပြီလား၊ အရင်တုန်းက ဒီလိုမဟုတ်ပါ ဘူး"

"ဟုတ်ပါ့ . . . အပြောင်းအလဲက မြန်လိုက်တာ"

ကိုယ့်ကို လေသံမာမာနှင့် ပြောလိုက်တော့ ဒေါ်ထက်ရှိန်ဝါ စိတ်ထဲမှာ တင်းခနဲဖြစ်သွားလေသည်။ မာနတွေ ခဝါချတော့မယ်လို့ ဆုံးဖြတ်ထားပေမယ့် ချက်ချင်းကြီးတော့ လုံးဝ ပြောင်းလဲပစ်လို့ ရဘူးလေ။ ဒီတော့ လက်ကျန်မာနကို ဦးမော့လာပြီး . . .

"လူ့စိတ်ဆိုတာ အစိုးရတာမဟုတ်ဘူးလေ။ ပြောင်းလဲခွင့် ရှိသေးတဲ့အချိန်မှာ ပြောင်းလဲသင့် ပြောင်းလဲရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ထက်"

"ကြားတဲ့အတိုင်းပဲ"

"တော်တော်တတ်လည်းတတ်နိုင်တဲ့ ပါးစပ်ပါလား။ အစက တော့ ဘာပဲဖြစ်ဖြစ် ဆက်ရှိန်ကို လှိုင်နဲ့ပဲ လက်ထက်ပေးမှာပါဆို"

"ဟုတ်တယ် ပြောခဲ့တယ်လေ။ အခုလည်း ထက်က လက်ထပ်မပေးတော့ဘူးလို့ ပြောနေလို့လား။ အိမ်ထောင်ရေးတည် ဆောက်တယ်ဆိုတာ ကလေးကစားတဲ့အိမ်လို ဖြိုပြီးပြန်ဆောက်လို့ ရတာမဟုတ်ဘူး ထိပ်ထား။ ကလေးနှစ်ယောက် အဆင်ပြေဖို့လိုတာ ကို ပြောပြနေတာ"

"သားက ပြတ်ပြတ်သားသားငြင်းထားတယ်လေကွာ"

ဦးဘုန်းဆက် သူပါဖို့လိုအပ်လာပြီမို့ ဝင်ပြောလိုက်ရတာပါ။

"ဟား ဟား ဟား ခစ် ခစ်"

"ဟား ဟား ဟား ခစ် ခစ်"

"ဟင်"

ဟက်ဟက်ပက်ပက်ကလေးရယ်သံကြောင့် အားလုံး အသံ တိတ်သွားကြပြီး ဦးထွန်းသက်လွင်၏လက်ထဲမှာကိုင်ထားသော ဖုန်း ဆီသို့ အာရုံရောက်သွားကြလေသည်။ ဦးထွန်းသက်လွင် ဖုန်းကိုင် လိုက်တော့ ဇနီးသည်က သူမလည်းကြားချင်တာမို့ စပီကာကို





လက်ညှိုးလေးနှင့် လှမ်းတို့လေသည်။ သားဆက်တာကို။

"အေး ပြော သား"

"ဖေဖေ ဖေဖေတို့ အန်တီထက်အိမ်ကနေ မပြန်သေးဘူး မို့လား"

"ဟုတ်တယ် မပြန်ရသေးဘူး သား ဘာဖြစ်လို့လဲ"

"အဲဒါဆို သားကိုစောင့်နေဦး သား အခုပဲ လာခဲ့မယ်။ သားမှာ မောင်းပြန်စရာ ကားမရှိတော့ဘူး"

"ဟေ မင်းကားက ဘာဖြစ်လို့လဲကွ"

"ကားရော ညီမရော လူခိုးခံလိုက်ရလို့ ဖေဖေရဲ့"

"ဟေ"

"ဘယ်လို ဘယ်လို သား"

ဒေါ်ခက်ချိုချို ခင်ပွန်းသည်ကိုင်ထားတဲ့ဖုန်းနားသို့ ကပ်သွား ပြီး မေးလိုက်တာပါ။

"ကားနဲ့ ရှီးမြေကို ဆက်ရှိန်ခိုးသွားလို့ မေမေရေ။ ဆံထုံး ထုံးရ ဆီစိုက်ရဖြစ်ပြီဗျ"

"ဟင်"

အကုန်လုံးကြားနေရတော့ အံ့ဩစွာနှင့် တစ်ယောက်မျက် နှာ တစ်ယောက် ကြည့်ကုန်ကြသည်။ ဘာပြန်ပြောရမှန်း မသိသော



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေကြစဉ် ...

"ဟယ်လို"

"အင်"

"ဟယ်လို"

"အေး ... ပြောသာပြော"

"ကားရော နှမရော ပါသွားတာတောင် ကျွန်တော် မသိလိုက်ဘူး ဖေဖေ။ အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်"

"အဲဒါ မင်းအသုံးမကျလို့ပေါ့ကွ။ ဘာလုပ်ရမလဲ။ မင်းကြောင့်ပျောက်တာ မင်းပဲလိုက်ရှာ"

"ဗျာ"

"ကဲပါ သား ဒီကိုလာမှာသာလာခဲ့။ ဒီရောက်မှ ပြောမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါဆို သား ဖုန်းချလိုက်ပြီ"

ဖုန်းချပြီး အကြည့်ချင်းဆုံကြကာ ...

"ကိုဘုန်းဆက်"

"ဗျာ"

"ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ သူတို့ကိုပြန်ခေါ်ပြီး ပေးစားလိုက်ရုံပဲပေါ့ဗျာ"





"ဟင်"

ဒေါ်လှိုင်ထိပ်ထားနှင့်လှိုင် သိသိသာသာ မျက်နှာပျက်သွားကြလေသည်။ ဒေါသဖြစ်ဖို့ကောင်းလိုက်တာ။ လှိုင် မျှော်လင့်ချက်၊ လှိုင် အိပ်မက်တွေ ပျက်စီးသွားပြီပေါ့။ ဒါအနားနီးမှကာပ်ပြီး ဒေါက်ဖြုတ်တာ။ လှိုင်တို့က ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုင်းအဝန်းနဲ့ သူငယ်ချင်းတွေအားလုံးကို ပြောထားပြီးပြီ။

အခု ...

သူက ရိုးမြေကိုခိုးပြေးပြီဆိုတော့ ရှက်ဖို့ကောင်းလိုက်တာ။ လှိုင် ဘယ်လိုမျက်နှာပြရတော့မှာလဲ။

"တောက် ... ရှက်ဖို့ကောင်းလိုက်တာ"

"...................."

"သမီး လာ မေမေတို့ပြန်ရအောင်"

ဒေါ်လှိုင်ထိပ်ထား သူ့သမီးလက်ကို ဆွဲခေါ်လေလျှင် ...

"စိတ်မရှိပါနဲ့ ထိပ်ထားရယ်။ လှိုင်နဲ့သား ဖူးစာမပါလို့ လွဲသွားတယ်ပဲမှတ်လိုက်ပါ"

ခပ်ရုံးရုံးတစ်ချက်သာကြည့်ပြီး ဒေါ်လှိုင်ထိပ်ထား သမီးလက်ကိုဆွဲပြီး ခြေဆောင့်၍ ထွက်သွားလေတော့သည်။

"ကိုဘုန်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"သားကို ဖုန်းဆက်ပါဦး ပြန်လာခဲ့လို့"

"ဟ ... မိန်းမခိုးပါတယ်ဆိုမှ အခုချက်ချင်း ပြန်လာမလား ကွ"

"ဪ ... ရှင်ကလည်း ပြန်လာခဲ့ လက်ထပ်ပေးမယ်လို့ ပြောလိုက်ပေါ့"

"နေပါစေ၊ မိန်းမခိုးပြေးရတာ အရမ်းရင်ခုန်စရာကောင်း တယ်တဲ့ကွ။ သူမျှားအပျော်ကို မဖျက်ဆီးနဲ့"

ဦးဘုန်းဆက် မျက်နှာက ပြုံးချိုနေတော့သည်။ သူက အစ ကတည်းက သားနဲ့ရိုးမြေကို သဘောတူခဲ့တာပဲလေ။

အခုတော့ ...

သူ့ဆန္ဒတွေပြည့်ဝသွားပြီပေါ့။

❋



## အခန်း (၃၃)

ဆက်ရှိန် ကားမောင်းနေရင်းမှ ဖုန်းလာသဖြင့် ကားကို လမ်းဘေးချပြီး ရပ်လိုက်သည်။ နံပါတ်ကိုကြည့်လိုက်တော့ ဖေဖေ ဆက်တာလေ။

"သား အခု မင်းဘယ်မှာလဲ"

"ကားပေါ်မှာ ဖေဖေ၊ ဖေဖေ သား ရိုးမြေကို အရမ်းချစ်လို့ ခိုးပြေးသွားပြီ"

"အေး ... သိတယ်၊ သိလို့ ဖုန်းလှမ်းဆက်တာ။ ဝေးဝေး မပြေးနဲ့နော် သား"

"မေမေရော သိသွားပြီလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်၊ အခု မင်းအမေ ငါ့အနားမှာ၊ မင်းတို့ကို သဘော တူပါတယ်တဲ့"

"တကယ်"

"တကယ်ပေါ့ကွ"

"ဒါဆို သား အခုပြန်လှည့်လာခဲ့ရမလား ဖေဖေ"

"ဟာ . . . မလာနဲ့ မလာနဲ့၊ မပြန်နဲ့လေကွာ။ ခိုးလက်စနဲ့ ခိုးသာသွားလိုက်။ မိန်းမခိုးလို့ ရင်ခုန်ပြီးပျော်ရတဲ့အပျော်က ဘယ် အပျော်နဲ့မှ မတူဘူးတဲ့ကွ။ မင်း ဒါတောင်မသိဘူးလား ငတုံးရဲ့။ ငါ့ တုန်းက လူကြီးတွေပေးစားတာဆိုတော့ မခံစားလိုက်ရဘူး။ ဖေဖေ မခံစားလိုက်ရတဲ့အပျော်ကို ငါ့သား ခံစားလိုက်စမ်းပါကွာ . . . ဟား ဟား"

"ကိုဘုန်းဆက်"

"ဟေ"

"ကလေးတွေကို ဘာတွေလျှောက်ပြောနေတာလဲ"

"အား"

ဒေါ်ထက်ရှိန်ဝါက ဗိုက်ကိုလိမ်ဆွဲလေတော့ ဦးဘုန်းဆက် လိုသည်ထက်ပို၍ အော်ပြလေသည်။

"ဖေဖေ ဘာဖြစ်တာလဲ"





"မင်းမေမေ လိမ်ဆွဲလို့ကွ"

ဆက်ရှိန် ရယ်လေတော့သည်။ ရိုးမြေကိုလှည့်ကြည့်တော့ လည်း ပြုံးစိစိနှင့်ပါ။ အစကတည်းက မှန်းခဲ့တာမှမဟုတ်ပဲလေ။ အခုလည်း ပြန်ပို့နိုင်းရင် သူက ပြန်ပို့မှာမှမဟုတ်တာ။ ဒီတော့ မထူး စိတ်ပဲ ပိုက်ရတော့မှာပေါ့။ ငိုရင်လည်း မျက်ရည်ကုန်တာပဲ အဖတ် တင်တော့မှာမို့ ရိုးမြေ မငိုတော့ပါဘူး။

ကာလများစွာ မျိုသိပ်ခဲ့ရတဲ့ အချစ်တွေ။

အခုတော့ လွတ်လွတ်လပ်လပ် စီးဆင်းပါစေတော့၊ ချစ်တာ ကို ချစ်တဲ့အတိုင်းပဲ သူသိပါစေလေ။

"သား ဖေဖေ ဖုန်းချပြီကွာ"

"Ok ဖေဖေ Ok"

ဆက်ရှိန် ဖုန်းချလိုက်ပြီးနောက် ရိုးမြေဘက်သို့လှည့်ကာ

"ချစ်"

"ဟင်"

"ဘာ ဟင်လဲ"

"ဘာ ချစ်လဲ၊ မခေါ်ပါနဲ့"

"ချစ်လို့ 'ချစ်' လို့ ခေါ်တာ ဘာဖြစ်လို့လဲ ချစ်ရဲ့"

"မခေါ်ပါနဲ့ဆိုနေ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့မခေါ်ရင် ဘယ်လိုခေါ်ရမလဲ"

"မသိဘူး၊ ခေါ်ချင်သလိုခေါ်"

"ဒါဆို မိန်းမ"

"ဟင်"

နားအနားကို တိုးတိုးလေးကပ်ခေါ်လေတော့ ရိုးမြေ ရှက်ရှက်နှင့် သူ့ကိုယ်ကြီးကို တွန်းပစ်လိုက်သည်။ ရင်တွေခုန်လိုက်တာလည်း မပြောပါနှင့်တော့၊ ရိုးမြေက ဘယ်လိပ်ပြာ ဘယ်ပိတုန်းမှ မနမ်းရှိုက်ဖူးတဲ့ အရိုင်းပန်းလေးပါ။

ဆက်ရှိန်ကလည်း . . .

ဘယ်ပန်းအနားကိုမှ မဝဲဖူးသေးတဲ့ ပျားပိတုန်းလေးပါ။ ဒီတော့ ပိတုန်းရိုင်းနဲ့ ပန်းရိုင်းလေးပေါ့။

"ဘာလဲ"

"ကိုကိုနော် . . . ဘယ်လိုခေါ်နေတာလဲ"

"မဟုတ်လို့လား၊ ကိုယ့်မိန်းမကိုယ်ခေါ်တာကို"

"မတော်ရသေးဘူးလေ"

"မကြာခင် တော်ရတော့မှာကို"

"မသိဘူး . . . သွား"

ရိုးမြေ ရှက်မျက်နှာလေးကို သူ့ရင်ခွင်ထဲသို့ တိုးဝှေ့ပြီး





ဝှက်ထားလိုက်မိသည်။

"ကိုကို့ကို ချစ်လား"

". . . . . . . . . . . . . . . ."

"ချစ်"

". . . . . . . . . . . . . . . ."

"ဖြေလေကွာ၊ ကိုကို့ကို ချစ်လားလို့"

"အင်း"

"အာ . . . အဲဒီလိုဖြေလို့ မရပါဘူး"

ပြောပြီး ဆက်ရှိန်ရင်ခွင်ထဲက ရိုးမြေမျက်နှာလေးကို ဆွဲမော့ပေးပြီး . . .

"ကိုကို့မျက်နှာကိုကြည့်"

ရိုးမြေ သူ့အမိန့်ကို နာခံကာ သူ့မျက်နှာကို ကြည့်လိုက်မိသည်။

"ချစ်တယ်လို့ပြော"

". . . . . . . . . . . . ."

"ပြောလေ"

". . . . . . . . . . . . . . . ."

"မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ပြောမယ် ပြောမယ်"

ငုံ့ကျလာတဲ့ သူ့မျက်နှာကို ရိုးမြေ လက်ဖဝါးလေးနှင့် တွန်းထားလိုက်ပြီး ...

"ချစ်တယ်"

"ထပ်ပြော"

"ကိုကို့ကို ချစ်တယ်"

"ဒါပဲလား"

"ကိုကို မရစ်နဲ့နော်"

"ချစ်လို့ရစ်နေတာ ချစ်ရဲ့။ အရမ်းဆိုတာပါထည့်ပြောနော်"

ကလေး မုန့်ပူဆာသလိုပူဆာနေတော့ ရိုးမြေ ချစ်မျက်စောင်းလေး ထိုးလိုက်မိသည်။

ပြီးမှ ...

"ကိုကို့ကို ရိုးမြေ အရမ်းချစ်ပါတယ်"

ဆက်ရှိန်ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားလေသည်။ အချို့က ပြောတတ်ကြပါတယ်။ အချစ်ဆိုတာ ဖိနပ်တစ်ရံလိုပဲ ဝယ်ခါစမှာ လှသလောက် အချိန်ကြာလာတော့ ပါးပြီးပြတ်သွားကြတယ်တဲ့။ ဒါ အဆင်မပြေသူတွေ သစ္စာမရှိသူတွေအတွက်တော့ ဟုတ်မှာပေါ့။ ဆက်ရှိန်အတွက်ကတော့ ...





အချစ်က ဖန်ခါးသီးပါပဲ။

အစကဖန်ပေမယ့် ရေသောက်တော့ ချိုသွားတာမျိုး။ အခုတော့ ချိုသထက်ချိုခဲ့ပါပြီ။

"ကိုကိုလည်း ရိုးမြေကို အရမ်းချစ်တယ်"

"ဘယ်လောက်များများ ချစ်တာလဲ"

"ရင်နဲ့မဆန့်အောင် ချစ်တာ"

"ကိုကိုရယ်"

ရိုးမြေ ကိုကို့ခါးကို ပြန်ဖက်ထားလိုက်မိသည်။ ကိုကို့အချစ်ကို ရိုးမြေ အကြွင်းမဲ့ ယုံကြည်ပါသည်လေ။ ငယ်ငယ်ကတည်းက ကိုကိုက ရိုးမြေကိုသနားပြီး ညှာတာခဲ့သူ ကြင်နာခဲ့သူပါ။ ကိုကြီးရှိုင်းရောပါပေါ့။

"ရိုးမြေ"

"ဟင်"

"'ကိုကို့ကို တစ်ရက်ကလေးတောင် မမေ့ရဘူးနော်။ ကိုကို သည်းခံမပေးနိုင်ဘူး"

"တစ်နာရီတောင်မမေ့ဘူး"

"တစ်မိနစ်တောင် မမေ့နဲ့ကွာ ... နော်"

"တစ်စက္ကန့်တောင် မမေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့။ ဒါဆို တစ်စက္ကန့်တောင်မှ မမေ့ကြေး"

ရိုးမြေရဲ့ရယ်သံလေးက ဆက်ရှိန်နားထဲမှာ အချိုသာဆုံး အသာယာဆုံးနဲ့ ရင်ထဲမှာလည်း အနွေးထွေးဆုံး ကမ္ဘာတစ်ခုကို ရောက်သွားသလိုပါ။

ခုတော့ ...

အချစ်စစ် အချစ်မှန်လို့ အခက်အခဲတွေကို ဖြတ်သန်းပြီး သူတို့ရဲ့ချစ်ခရီးလမ်းက သာယာဖြောင့်ဖြူးခဲ့ပါပြီ။

**ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ**

**အလင်းသစ်**





**တစ်ဖက်သတ်**

➢ မိန်းကလေးရေ
တစ်ဖက်သတ်အချစ်နဲ့
မမြင်ကွယ်ရာက ချစ်နေရတဲ့
ငါ့အဖြစ်က သိမ်ငယ်လွန်းလှပါတယ်။

➢ ညို့မျက်ဝန်းရှင်ရဲ့ အကြည့်အောက်မှာ
ဘယ်အချိန်မဆို ကျရှုံးနိုင်မယ်မှန်း
သိပေမယ့် ချစ်ခဲ့မိတာ အပြစ်လားကွယ်။

➢ အလွှာမတူ ပကာသနတွေခြားလည်း
မမြင်ကွယ်ရာကနေ ရင်ခုန်ခွင့်တော့
ခွင့်ပြုပါ။

➢ ငါမဟုတ်တဲ့ အခြားလူတစ်ယောက်
ရင်ခွင်ထက် နှင်ပျော်ရွှင်နေရင်
ငါ့ရင်မှာ ယောက်ယက်ခတ်
သဝန်တိုခဲ့မိတာ အပြစ်တဲ့လား။

➢ အချစ်ဆိုတာ ရယူခြင်းလို့
ခံယူထားပေမယ့်
ဥပေက္ခာတရားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စွန့်ခွာကျောခိုင်းထားခဲ့မှ
ပေးဆပ်ခြင်းတွေရှိမှန်း
နောက်ကျမှ ငါသိလိုက်ရတာပါ
မိန်းကလေးရယ်။

ကျေးတမန် (ဂျိုးစုမြေ)

"တစ်ဖက်သတ်" ကဗျာကို ပေးပို့လာပါသော ကိုသန့်ဇင်ဝင်း၊ ကျေးတမန်( ဂျိုးစုမြေ) ကောင်းမွန်ဝေဖာမုန့်တိုက်၊ နယ်မြေ (၂၂) သုခလမ်း။ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအား အထူးကျေးဇူးတင်ပါသည်။



BURMESE CLASSIC

၂၀၁၆ ဇူလိုင်လထွင်
ဖတ်နိုင်ပါပြီ

မမသဇ္ဈာမောင်
ရင်ခွင်ထဲက အသည်းပန်းချီ

ကြယ်စင်မှူးဝေ
ခံပယ်ကေရို

မိုးစက်ပွင့်
အချစ်ပြင်းပြင်းအမုန်းရှရှ

အလင်းသစ်
တစ်စက္ကန့်တောင်မှ မမေ့ကြေး

လှိုင်းကြာဖြူ
အလွမ်းချွေကောင်းကင်

(၁၅ မြောက် အထူးထုတ်)

www.burmeseclassic.com